ဗေဒသနိမြန်မာစာပေ

## ရှင်ယာကုပ်ဩဝါဒစာ

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း

ငါချစ်သောညီအစ်ကိုတို့၊
နားထောင်ကြလော့။
လောကတွင်
ဆင်းရဲသောသူတို့သည်
ယုံကြည်ခြင်း ရတနာကို
ရတတ်စေခြင်းငှါ၄င်း၊
ဘုရားသခင်ကို ချစ်သောသူတို့အား
ပေးမည်ဟု
ဝန်ခံတော်မူသောနိုင်ငံတော်၏
အမွေခံဖြစ်စေခြင်းငှါ၄င်း၊
ထိုသူတို့ကို
ရွေးကောက်တော်မူသည်
မဟုတ်လော။
ယာကုပ် ၂း၅

သောမတ်(စ်) ဇာတီလ်

**ထုတ်ဝေသူ**

ပါစ်တာ သောမတ်(စ်)ဇာတီလ်
(၀၂၇၄၈)၊ ဗေသနိမြန်မာ
၁၁၂/ခ၊ အထက်မင်းကြီးလမ်း၊ ဘိုကုန်း၊
အင်းစိန်၊ ရန်ကုန်။

**ဝက်ဆိုဒ်ပေါ်တင်ခြင်း**

စက်တင်ဘာလ၊ ၂၀၂၀

**အယ်ဒီတာ**

လွှမ်းသူ (ပဲခူး)

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**

လင်းအောင်

**အကြိမ်**

ပထမအကြိမ်

# မာတိကာ


ရှင်ယာကုပ်ဩဝါဒစာ အခန်းကြီး ၁ . . . . . . . . . . . . . . . . . . . . . . ၃

ရှင်ယာကုပ်ဩဝါဒစာ အခန်းကြီး ၂ . . . . . . . . . . . . . . . . . . . . . . ၃၄

ရှင်ယာကုပ်ဩဝါဒစာ အခန်းကြီး ၃ . . . . . . . . . . . . . . . . . . . . . . ၆၁

ရှင်ယာကုပ်ဩဝါဒစာ အခန်းကြီး ၄ . . . . . . . . . . . . . . . . . . . . . . ၈၅

ရှင်ယာကုပ်ဩဝါဒစာ အခန်းကြီး ၅ . . . . . . . . . . . . . . . . . . . . . ၁၀၅

# ရှင်ယာကုပ်ဩဝါဒစာ မိတ်ဆက်

***ဩဝါဒစာ၏ နောက်ခံသမိုင်း***

၁။ ပါလက်စတိုင်းပြည်မှ ရေးသားပေးပို့သော စာဖြစ်သည်။

၂။ အေဒီ ၄၉ အစောပိုင်းတွင် ရေးသားပြုစုသော စာဖြစ်သည်။

က။ အေဒီ ၄၄ ၌ ဖြစ်ပွားသော ညှင်းပန်းနှိပ်စက်ခြင်းခံ ယုံကြည်သူများထံသို့ ရေးခဲ့သည်။ (တမန် ၁၂၊ ယာကုပ် ၁း၁)

ခ။ အေဒီ ၄၉ ၌ ကျင်းပသော ယေရုရှလင်ကောင်စီ မတိုင်မီရေးသားပြီး ဖြစ်နိုင်သည်။ (တမန် ၁၅)

၃။ ရေးသားသူမှာ သခင်ယေရှု၏ ညီတော် ယာကုပ် ဖြစ်သည်။

က။ ယေရုရှလင်အသင်းတော်၏ ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ (တမန် ၁၂း၁၇၊ ၁၅း၁၃၊ ၂၁း၁၈၊ ဂလာ ၂း၉၊ ၁၂)

ခ။ အေဒီ ၆၂ ခန့်တွင် ယုံကြည်ခြင်းအာဇာနည်မာတုရအဖြစ် အသက်ဆုံးရှုံးခဲ့သည်။

ဂ။ ယုဒဩဝါဒစာကို ရေးသားပြုစုသူ ယုဒ၏ အစ်ကိုလည်း ဖြစ်သည်။ (မာကု ၆း၃)

***သမိုင်း၏ အကျိုးဆက်များ***

၁။ ယာကုပ်သည် ပေါလုရေးသားပြုစုသော စာများနှင့် ရင်းနှီးကျွမ်းဝင်ခြင်း ရှိမည် မဟုတ်။

၂။ ပေါလုရေးသားပြုစုသော အစောဆုံးစာများမှာ

က။ ဂလာတိဩဝါဒစာကို အေဒီ ၄၉ ဝန်းကျင်၊

ခ။ ရောမဩဝါဒစာကို အေဒီ ၅၆ ဝန်းကျင် စသည်တို့ဖြစ်သည်။

၃။ ထို့ကြောင့် ရှင်ယာကုဩဝါဒစာကို လေ့လာဖတ်ရှုရာ၌ ပေါလု၏သွန်သင်ချက်ကို တိုက်ရိုက်ဆန့်ကျင်၍ ရေးသားသော ဩဝါဒစာ မဟုတ်ကြောင်း သတိပြုရပေမည်။

## *စာရေးသူ ယာကုပ်၏ ဦးတည်ချက်*

၁။ ယာကုပ်၏ စာဖတ်ပရိသတ်များသည် ယုံကြည်သူ ယုဒလူမျိုးများ ဖြစ်ကြသည်။

က။ 'ညီအစ်ကိုတို့' ဟု ၁၅ ကြိမ်တိုင်တိုင် အသုံးပြုသည်။

ခ။ 'ယုံကြည်ခြင်း' နှင့် စပ်လျဉ်းသော စကားလုံးကို ၁၉ ကြိမ်ထက်မက အသုံးပြုသည်။

၂။ စာရေးသူ ယာကုပ်၏ရည်ရွယ်ချက်မှာ သူ၏ညီအစ်ကို ယုံကြည်သူများကို ယုံကြည်ခြင်း၌ ကြွယ်ဝချမ်းသာစေလိုသည်။ (ယာကု ၂း၅)

၃။ ယုံကြည်ခြင်း၌ ကြွယ်ဝချမ်းသာနိုင်သောနည်း တခုတည်းသာရှိသည်။ ၎င်းမှာ ဘုရားသခင်၏ နှုတ်ထွက်စကားတော်ကို နာခံခြင်း ဖြစ်သည်။

၄။ ယာကုပ်သည် များစွာသောသာဓက၊ ဥပမာ တို့ဖြင့် နာခံခြင်းသည် ယုံကြည်ခြင်းရတနာ ရတတ်ဖို့ တစ်ခုတည်းသော လမ်းစဉ်ဖြစ်ကြောင်း သက်သေပြ ရေးသားသည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၀၁)

## ပြောင်းလဲသော ယာကုပ်

***ဘုရားသခင်နှင့် အရှင်ယေရှုခရစ်၏ကျွန် ငါယာကုပ်သည်၊ အရပ်ရပ်တို့၌ ကွဲပြားသော တဆယ်နှစ်ပါးသော အမျိုးတို့ကို မေတ္တာနှင့်ကြားလိုက်ပါ၏။***

***(ယာကုပ် ၁း၁)***

***ယာကုပ်***

၁။ ယောသပ်၏သား ယာကုပ် ဖြစ်သည်။

၂။ သခင်ယေရှု၏ ဝမ်းကွဲညီ အကြီးဆုံး ဖြစ်နိုင်သည်။

(မဿဲ ၁၃း၅၅-၅၆၊ မာကု ၆း၃)

၃။ ကနဦး အသင်းတော်၌ ခေါင်းဆောင်တစ်ဦး ဖြစ်သည်။

က။ ပေါလုသည် ယာကုပ်ကို ခေါင်းဆောင်တစ်ဦးအဖြစ် အသိအမှတ်ပြုသည် (ဂလာတိ ၂း၉၊ ၁၂၊ တမန် ၂၁း၁၈)။ ထို့ကြောင့် ပြောင်းလဲခါစတွင် ယာကုပ်ကို သွားတွေ့ခဲ့သည်။ (ဂလာတိ ၁း၁၉)

ခ။ ပေတရုသည် ယာကုပ်ကို ခေါင်းဆောင်တစ်ဦးအဖြစ် အသိအမှတ်ပြုသည်။ (တမန် ၁၂း၁၇)

ဂ။ ယာကုပ်သည် ယေရှုရှုလင်ကောင်စီကို သဘာပတိအဖြစ် ဦးဆောင်သည်။ (တမန် ၁၅း၁၃-၂၁)

ဃ။ ယာကုပ်သည် လွန်စွာ လူသိများသော ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ထို့ကြောင့် ယုဒကလည်း မိမိကိုယ်ကို ယာကုပ်၏ညီ ဟု ရိုးရိုးလေး မိတ်ဆက်လိုက်သည်။ (ယုဒ ၁း၁)

င။ သေခြင်းမှ ရှင်ပြန်ထမြောက်ပြီးနောက် ယေရှုခရစ်သည် ယာကုပ်ထံသို့ ကိုယ်ကိုထင်ရှားပြခဲ့သည်။ (၁ ကော ၁၅း၇)

## *အရပ်ရပ်တို့၌ ကွဲပြားသော တဆယ်နှစ်ပါးသော အမျိုး. . .*

၁။ ယုဒလူမျိုးယုံကြည်သူများ ဖြစ်ကြသည်။

၂။ သတေဖန်အသေသတ်ခြင်း ခံရပြီးနောက် ယေရုရှလင်၌ရှိသော ယုံကြည်သူများသည် နေရာအနှံ့သို့ ထွက်ပြေးခဲ့ကြရသည်။ (တမန် ၈း၁၊ ၁၁း၁၉)

က။ ထိုအခါ ယေရုရှင်လင်မြို့၌ရှိသော အသင်းတော်သည် ပြင်းစွာသော ညှဉ်းဆဲခြင်းကို ခံရသဖြင့် တမန်တော်တို့မှတစ်ပါး သင်းဝင်သူအပေါင်းတို့သည် ယုဒပြည်၊ ရှမာရိပြည် အရပ်ရပ်တို့၌ အနှံ့အပြားကွဲပြားကြ၏။ (တမန် ၈း၁)

ခ။ ထိုမှတစ်ပါး၊ သတေဖန်၏အမှုကြောင့် ညှဉ်းဆဲခြင်းကိုခံ၍ အရပ်ရပ်သို့ ကွဲပြားသောသူတို့သည် ဖိနိတ်၊ ကုပရု၊ အန္တိအုတ်မြို့များသို့ တိုင်အောင်သွား၍၊ ယုဒလူတို့ကိုသာ နှုတ်ကပတ်တရားတော်ကို ဟောပြောကြ၏။ (တမန် ၁၁း၁၉)

၃။ ယာကုပ်သည် အနယ်နယ်အရပ်ရပ်၌ ရှိနေကြသော ယုဒလူမျိုးယုံကြည်သူများထံသို့ ဤစာကို ပေးပို့လိုက်သည်။

## *ဘုရားသခင်နှင့် အရှင်ယေရှုခရစ်၏ကျွန်*

၁။ 'ဘုရားသခင်' သည် ခမည်းတော်ဘုရားသခင်ကို ဆိုလိုသည်။

၂။ 'အရှင်ယေရှုခရစ်' သည် ယာကုပ်၏ဝမ်းကွဲအစ်ကို ယေရှုကိုဆိုလိုသည်။

၃။ ယာကုပ်သည် မိမိကိုယ်ကို ဘုရားသခင်နှင့် ယေရှုခရစ်၏ ကျွန်အဖြစ်ခံယူသည်။

က။ အစပထမ၌ ယာကုပ်သည် သခင်ယေရှုကို မယုံကြည်ခဲ့ပါ။ (ယောဟန် ၇း၅)

ခ။ သို့သော်၊ ယခုအချိန်တွင်မူကား သခင်ယေရှုသည် ယာကုပ်အတွက်
- အရှင်သခင်နှင့်
- မေရှိယ ခရစ်တော် ဖြစ်သည်။

၄။ ယာကုပ်၏အသက်တာသည် ပြဇာတ်သဖွယ် သိသာမြင်သာသောပြောင်းလဲခြင်း ပုံသက်သေပင်ဖြစ်သည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၀၂)

## ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်း

***ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်း ငါ့ညီအစ်ကို တို့၊ သင်တို့၏ ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်း အရာသည် သည်းခံခြင်းကို တိုးပွားစေတတ်သည်ဟု သိမှတ်လျက်၊ အထူးထူးအပြားပြား စုံစမ်းနှောက် ရှက်ခြင်းနှင့် တွေ့ကြုံသောအခါ ဝမ်းမြောက်စရာ အကြောင်းသက်သက်ဖြစ်သည်ဟု မှတ်ကြလော့။ (ယာကုပ် ၁း၂-၃)***

***ငါ့ညီအစ်ကိုတို့. . .***

၁။ ယုဒလူမျိုး များဖြစ်ကြသော ခရစ်ယာန်များကို ဆိုလိုသည်။

၂။ သူတို့သည် အနယ်နယ်အရပ်ရပ်သို့ ထွက်ပြေးကြသော ယုံကြည်သူများ ဖြစ်ကြသည်။

***ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည်. . .***

၁။ ဂရိ- dokimion သည် စစ်မှန်သောအရာ စမ်းသပ်ခြင်း ဖြစ်သည်။

၂။ စစ်မှန်သော ယုံကြည်ခြင်းကို စစ်မှန်ကြောင်းသက်သေထူရန် စမ်းသပ် ခြင်းသာ ဖြစ်သည်။

၃။ ဤသို့သော စစ်ကြောစုံစမ်းခြင်းသည် သည်းခံခြင်းကို တိုးပွားစေတတ် သည်။

  က။ သည်းခံခြင်းသည် (မျက်မြင်မရသောအရာတို့၌) မျှော်လင့်ခြင်းဖြစ် သည်။

  ခ။ သည်းခံခြင်းသည် (ကျေးဇူးတော်၌) ကြံ့ကြံ့ခံ ရပ်တည်နေခြင်း ဖြစ်သည်။

ဂ။ အခက်ခဲများကို ရင်ဆိုင်ကျော်လွှားခြင်း ဖြစ်သည်။

၄။ ဤအချက်ကို သေချာစွာ သိထားရမည် ဖြစ်သည်။

***အထူးထူးအပြားပြား စုံစမ်းနှောက်ရှက်ခြင်း. . .***

၁။ ဂရိ- peirasmos သည် -

က။ ကောင်းသောအရာ၊

ခ။ မှန်ကန်သောအရာ စသည်တို့ကို စမ်းသပ်ခြင်းဖြစ်သည်။

၂။ အမျိုးမျိုးသော စုံစမ်းနှောင့်ယှက်ခြင်း ကြုံကောင်း ကြုံရပေလိမ့်မည်။

၃။ အကယ်၍ စုံစမ်းနှောင့်ယှက်ခြင်း ကြုံခဲ့လျှင် ဝမ်းမြောက်စရာအဖြစ် မှတ်ယူရမည်။

၄။ အကြောင်းမှာ -

က။ စစ်ကြောစုံစမ်းခြင်းဟူသည် စစ်မှန်သော ယုံကြည်ခြင်းကိုသာ စစ်ကြောစုံစမ်းခြင်း ခံရသည်။

ခ။ စုံစမ်းနှောင့်ယှက်ခြင်းသည်လည်း ခံရပေမည်။

ဂ။ ထိုသို့သော စုံစမ်းခြင်းမျိုးသည် သည်းခံခြင်းတိုးပွားစေသည်။

၅။ ထို့ကြောင့် စုံစမ်းနှောင့်ယှက်ခြင်းအမျိုးမျိုးတို့နှင့် ဆိုင်ရသောအခါ ဝမ်းမြောက်ခြင်းအဖြစ် -

က။ ဂရိ- hegeomai (သိမြင်ရမည်)။

ခ။ မှတ်ယူရမည်။

ဂ။ ဆင်ခြင်းသုံးသပ်ရပေမည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၀၃)

## သည်းခံခြင်းအားဖြင့် ရင့်ကျက်ခြင်း

*သင်တို့သည် အလျှင်းမချို့တဲ့ဘဲ စေ့စေ့စုံလင်မည်အကြောင်း၊ သည်းခံခြင်းစိတ်သည် အကုန်အစင်ပြုပြင်ပါစေ။ (ယာကုပ် ၁း၄)*

***သင်တို့သည် အလျှင်းမချို့တဲ့ဘဲ စေ့စေ့စုံလင်မည်အကြောင်း***

၁။ အလျှင်းမချို့တဲ့ဘဲ

က။ ဂရိ-holokleros - သည် ပြည့်ဝစုံလင်ခြင်းကို ဆိုလိုသည်။

ခ။ လိုအပ်သည်များ မရှိသည့်အနေအထားကို ရည်ညွှန်းသည်။

၂။ စေ့စေ့စုံလင်

က။ ဂရိ-teleios-သည် အရွယ်ရောက်ခြင်း၊ ရင့်ကျက်ခြင်းကိုဆိုလိုသည်။

ခ။ အစဉ်အတိုင်းကြီးထွားလာပြီး အရွယ်ရောက်သည့်အနေအထားကို ရည်ညွှန်းသည်။

၃။ ယုံကြည်သူတို့၏ ယုံကြည်မှုကို စစ်ကြောစုံစမ်းခံရခြင်းမှာ -

က။ သည်းခံခြင်းတိုးပွားစေရန် ဖြစ်သည်။ (ယာကုပ် ၁း၂-၃)

ခ။ စုံလင်ပြည့်ဝစွာ အရွယ်ရောက်ရင့်ကျက်ပြီးသောသူများ ဖြစ်လာကြရန်လည်း ဖြစ်သည်။

၄။ ဤအမှုသည် အဘယ်သို့ ဖြစ်လာမည်နည်း။

***သည်းခံခြင်းစိတ်သည် အကုန်အစင်ပြုပြင်ပါစေ***

၁။ သည်းခံခြင်း (ဂရိ-hupomone) သည် -

က။ ကြံ့ကြံ့ခံရပ်တည်ခြင်း၊

ခ။ မျှော်လင့်စောင့်ဆိုင်းခြင်း၊

ဂ။ ဇွဲလုံ့လဝီရိယရှိခြင်း စသည်တို့ဖြစ်သည်။

၂။ ဤ 'သည်းခံခြင်းစိတ်' သည် -

က။ သက်ဝင်လှုပ်ရှားမည် ဖြစ်သည်။

ခ။ ပြည့်ဝစုံလင်သည်အထိ ပြုပြင်ပေးသွားမည် ဖြစ်သည်။

ဂ။ အဆုံးထိတိုင် အကျိုးသက်ရောက်စေမည် ဖြစ်သည်။

၃။ ဆိုလိုသည်မှာ၊ သည်းခံခြင်းအားဖြင့် ကျွန်ုပ်တို့သည် -

က။ ယုံကြည်ခြင်း၌ ကြွယ်ဝချမ်းသာလာမည် ဖြစ်သည်။

ခ။ ကျေးဇူးတော်၌ ခိုင်ခံ့လာမည် ဖြစ်သည်။

ဂ။ အသက်တာ၌ ရင့်ကျက်သောသူများဖြစ်လာမည် ဖြစ်သည်။

ဃ။ အမှုတော်မြတ်၌ ကြီးထွားတိုးတက်လာမည် ဖြစ်သည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၀၄)

## ပညာကို ပေးသနားတော်မူသော ဘုရားသခင်

*သင်တို့တွင် တစုံတယောက်သောသူသည် ပညာကိုလို လျှင်၊ ကဲ့ရဲ့ပြစ်တင်ခြင်းကိုပြုတော်မမူဘဲ၊ ခပ်သိမ်း သောသူတို့အား စေတနာစိတ်နှင့် ပေးသနားတော်မူ သော ဘုရားသခင်ကို တောင်းစေ၊ တောင်းလျှင် ရလိမ့် မည်။ (ယာကုပ် ၁း၅)*

***သင်တို့တွင် တစုံတယောက်သောသူသည် ပညာကိုလိုလျှင်***

၁။ ပညာ (ဂရိ-sophia) သည် -

 က။ အသိဉာဏ်

 ခ။ ပညာ စသည်တို့ဖြစ်သည်။

၂။ လို (ဂရိ-leipo) သည် -

 က။ မရှိ၍ လိုအပ်နေခြင်း၊

 ခ။ မမီသောကြောင့် နောက်ကျန်ရစ်ခြင်း၊ စသည်တို့ဖြစ်သည်။

၃။ ထို့ကြောင့်၊

 က။ တစ်စုံတစ်ယောက်၌ ပညာမရှိလျှင် (သို့)

 ခ။ တစ်စုံတစ်ယောက်သည် အသိဉာဏ်၌ နောက်ကျကျန်ရစ်လျှင် ဟု ပြန်ဆိုနိုင်သည်။

***ကဲ့ရဲ့ပြစ်တင်ခြင်းကိုပြုတော်မမူဘဲ. . .***

၁။ ဘုရားသခင်သည် -

 က။ အပြစ်ကို မရှာဘဲ၊

 ခ။ စေတနာစိတ်နှင့် ပေးသနားတော်မူလျက် ရှိသည်။

၂။ စေတနာစိတ် (ဂရိ-haplos) သည် -
 က။ ကြင်နာစွာ၊
ခ။ ကြွယ်ဝစွာ စသည်တို့ဖြစ်သည်။
၃။ ဘုရားသခင်သည် ခပ်သိမ်းသောသူတို့အား -
 က။ ကြင်နာစွာ နှင့်
ခ။ ကြွယ်ဝစွာ ပေးသနားတော်မူသည်။
၄။ တစ်နည်းအားဖြင့်ဆိုလျှင် ဘုရားသခင်သည် ပညာကို သဘောထားကြီးစွာ ပေးသနားတော်မူသည်။

## *ဘုရားသခင်ကို တောင်းစေ*

၁။ မည်သို့သော ဘုရားသခင်ဖြစ်သနည်း။
က။ ပြစ်တင်ကဲ့ရဲ့ခြင်းကို မပြုသော ဘုရားသခင်၊
ခ။ ကြင်နာစွာ၊ ကြွယ်ဝစွာ ပေးသနားသော ဘုရားသခင်၊
ဂ။ ခွဲခြားဆက်ဆံခြင်း မပြုသောဘုရားသခင် စသည်တို့ဖြစ်သည်။
၂။ အထူးသဖြင့် ပညာကို အမှန်တောင်းသောသူတိုင်းအား ပေးသနားတော်မူသော ဘုရားသခင်ဖြစ်သည်။
၃။ ထို့ကြောင့် -
 က။ ပညာမရှိသောသူသည် ဘုရားသခင်အား တောင်းစေ။
ခ။ ပညာလိုသောသူသည် ဘုရားသခင်အား တောင်းစေ။
ဂ။ အသိပညာ၌ နောက်ကျကျန်ရစ်နေသောသူသည် ဘုရားသခင်အား တောင်းစေ။

## *ရလိမ့်မည်*

၁။ ဘုရားသခင်သည် အမှန်ပေးသနားတော်မူလိမ့်မည်။
၂။ ပညာကို တောင်းသောသူသည် အမှန်ရလိမ့်မည်။
၃။ ဘုရားသခင်ထံတော်၌ ပညာကို တောင်းသောသူတိုင်း လက်တွေ့ရရှိကြမည်မှာ ဧကန်မုချပင်ဖြစ်သည်။
က။ လျှင် (ဂရိ-ei ) သည် တိကျသေချာသောအမှုကို ဖော်ပြသည်။
ခ။ ပညာကို အမှန်တောင်းသောအခါ၊ အမှန်ရရှိမည်ကို ဖော်ပြသည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၀၅)

## ယုံကြည်ခြင်းရှိမှသာ တောင်းလော့

*သို့ရာတွင် တွေးတောခြင်းမရှိဘဲ ယုံကြည်သောစိတ်နှင့် တောင်းရမည်။ တွေးတောခြင်းရှိသောသူသည်ကား၊ လေခတ်၍ လှုပ်ရှားတတ်သောလှိုင်းတံပိုးနှင့်တူ၏။ ထိုသို့သောသူသည် စိတ်နှစ်ခွရှိသောသူ၊ ပြုလေသမျှတို့၌ မတည်ကြည်သောသူဖြစ်၍၊ ထာဝရဘုရား၏ လက်တော်မှ ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း တစုံတခုကို ရမည်ဟု မထင်မမှတ်စေနှင့်။*

*(ယာကုပ် ၁း၆-၈)*

***သို့ရာတွင် တွေးတောခြင်းမရှိဘဲ. . .***

၁။ ဘုရားသခင်ထံ၌ ပညာကို တောင်းသောအခါ

က။ သံသယမရှိဘဲ၊

ခ။ တွေဝေခြင်းမရှိဘဲ တောင်းရမည်။

၂။ ဘုရားသခင်ထံ၌ ပညာကိုတောင်းသောအခါ

က။ ယုံကြည်သောစိတ်နှင့် တောင်းရမည်။

ခ။ ယုံကြည်ခြင်းနှင့် တောင်းရမည်။

***တွေးတောခြင်းရှိသောသူသည်ကား. . .***

၁။သံသယရှိသောသူ၊ ယုံကြည်ခြင်းမရှိသောသူ ကိုဆိုလိုသည်။

၂။ ထိုသူသည် လေခတ်၍ လှုပ်ရှားနေသော လှိုင်းတံပိုးနှင့်တူသည်။

က။ ယုံကြည်ခြင်း၌ ယိမ်းယိုင်သောသူ၊

ခ။ အသက်တာ၌ မတည်ကြည်သောသူ။

***ထိုသို့သောသူသည်. . .***

၁။ စိတ်နှစ်ခွရှိသောသူ (ဂရိ-dipsychos) သည် -

က။ စိတ်ဝိညာဉ်နှစ်ခုဖြင့် အသက်ရှင်သောသူ၊

ခ။ ရည်ရွယ်ချက်နှစ်ခုကြား အသက်ရှင်သောသူ ဖြစ်သည်။

၂။ ပြုလေသမျှတို့၌ မတည်ကြည်သောသူ (ဂရိ-akatastatos) သည် -

က။ စိတ်လှုပ်ရှားလွယ်သောသူ၊

ခ။ ခိုင်မာပြတ်သားမှု မရှိသူ၊

ဂ။ အပြောနှင့်အလုပ် မညီသောသူ ဖြစ်သည်။

***တစုံတခုကိုရမည်ဟု မထင်မမှတ်စေနှင့်***

၁။ မထင်မမှတ် (ဂရိ-oiomai) သည် -

ကါ ထင်မြင်ယူဆခြင်း၊

ခ။ စိတ်ကူးယဉ်ခြင်း စသည်တို့ဖြစ်သည်။

၂။ စိတ်နှစ်ခွရှိသောသူသည် ဘုရားသခင်၏လက်တော်မှ

ကါ ပညာကို မဆိုထားနှင့်၊

ခ။ မည်သည့်အရာကိုမျှ ရနိုင်မည်မဟုတ်။

၃။ ထိုသို့သောသူသည် ဘုရားသခင်ထံမှ တစ်စုံတစ်ခုကို ရမည်ဟု မျှော်လင့်ထားခြင်း မရှိသင့်ချေ။

***စိန်ခေါ်ချက်***

၁။ ဘုရားသခင်သည် ယုံကြည်လျက်တောင်းသောသူတို့ကိုသာ ပညာကို ပေးသနားတော်မူမည်။

၂။ဘုရားသခင်ကို အမှန်ယုံကြည်လျက်ပညာကိုတောင်းလျှောက်ကြပါစို့။

၃။ ယုံကြည်ခြင်းရှိမှသာ ဘုရားသခင်သည် (ပညာကို အကျွန်ုပ်တို့အား) စေတနာစိတ်နှင့် ပေးသနားတော်မူမည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၀၆)

## စစ်မှန်သော ယုံကြည်ခြင်းသည် ဝါကြွားစရာ

*အောက်လျှိုးနှိမ့်ချသောညီအစ်ကိုသည် မိမိချီးမြှောက်ခြင်းအရာ၌ ဝါကြွားဝမ်းမြောက်စေ။ ငွေရတတ်သောညီအစ်ကိုသည် မိမိနှိမ့်ချဆင်းရဲခြင်းအရာ၌ ဝါကြွားဝမ်းမြောက်စေ။ အကြောင်းမူကား၊ သူသည် မြက်ပွင့်ကဲ့သို့ဖောက်ပြန်ခြင်း သဘောရှိ၏။*

*(ယာကုပ် ၁း၉-၁၀)*

***အောက်လျှိုးနှိမ့်ချသော ညီအစ်ကိုသည်. . .***

၁။ လောကအရာ၌ နှိမ့်ချသော ယုံကြည်သူကို ရည်ညွှန်းသည်။

၂။ နှိမ့်ချသော ယုံကြည်သူအတွက် ယုံကြည်ခြင်းအား စစ်ကြောစုံစမ်းခြင်းအမှုသည် ဝမ်းမြောက်စရာ၊ ဝါကြွားစရာအကြောင်း ဖြစ်သည်။

၃။ အဘယ်ကြောင့်ဆိုသော်၊

- က။ ဘုရားသခင်သည် လူတို့၏လောကပိုင်ဆိုင်မှုများကို မကြည့်ပါ။
- ခ။ ဘုရားသခင်သည် ဆင်းရဲသော ယုံကြည်သူကိုလည်း ချမ်းသာသော ယုံကြည်သူကဲ့သို့ ကျောသားရင်သား မခွဲခြားဘဲ တန်းတူညီတူ ချစ်တော်မူသည်။
- ဂ။ စစ်မှန်သောယုံကြည်ခြင်းသည် ဘုရားရှေ့မှောက်၌ အရေးကြီးပါသည်။
- ဃ။ ဆင်းရဲသောသူသည် မိမိ၏စစ်မှန်သော ယုံကြည်ခြင်းကို သက်သေထူနိုင်သောအခါ ချီးမြှောက်ခြင်းသို့ ရောက်သည်။

၄။ ထိုချီးမြှောက်ခြင်းအမှု၌ အလွန်ဝမ်းမြောက်ရမည်။

၅။ ထိုသို့ အလွန်ဝမ်းမြောက်ခြင်းကို ဝါကြွားခြင်း (ပြည့်ဝစုံလင်သော ကျေနပ်အားရမှု) (ဂရိ-kauchaomai) ဟု ဆိုသည်။ ( ယာကုပ် ၁း၂)

### *ငွေရတတ်သော ညီအစ်ကိုသည်. . .*

၁။ လောကစည်းစိမ်၌ ချမ်းသာသော ယုံကြည်သူကို ရည်ညွှန်းသည်။

၂။ ချမ်းသာသော ယုံကြည်သူအတွက် ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်း အမှုသည် ဝါကြွားဝမ်းမြောက်စရာအကြောင်း ဖြစ်သည်။

၃။ အဘယ်သို့ နည်းဟုမူကား၊ ချမ်းသာသော ယုံကြည်သူသည် စုံစမ်းစစ်ကြောခံရခြင်းဖြင့် အောက်ပါသင်ခန်းစားများကို သင်ယူမိသည်။

က။ မိမိပိုင်ဆိုင်သော စည်းစိမ်သည် အသက်တာ၌ ပဓာန မဟုတ်။

ခ။ မိမိပိုင်ဆိုင်သော ချမ်းသာကြွယ်ဝခြင်းကို မှီခိုအသက်ရှင်၍ မရ။

ဂ။ မိမိ၏ စစ်မှန်သော ယုံကြည်ခြင်း (ဘုရားသခင်ကို အမှန်အမှီပြုခြင်း) အားဖြင့်သာ အသက်ရှင်ရမည်။

၄။ ဤသို့ဖြင့် ချမ်းသာသောသူသည် မိမိနှိမ့်ချသောအဖြစ်မှန်ကို သိ၍ ဝန်ခံလာသည်။

၅။ ထိုသို့သော နှိမ့်ချခြင်းအမှုသည် ဝမ်းမြောက်ဝါကြွားစရာအကြောင်း ဖြစ်သည်။ ချမ်းသာသော ယုံကြည်သူသည် ဤအမှု၌ အလွန်ဝမ်းမြောက်ရမည်။ (ယာကု ၁း၁-၂)

### *အကြောင်းမူကား. . .*

၁။ ငြင်းပယ်၍ မရသော အကြောင်းတရား တစ်ခု ရှိသေးသည်။

၂။ လူသတ္တဝါတို့၏ သဘောသဘာဝ ပင်ဖြစ်သည်။ လူသည်- ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ - မြက်ပွင့်ကဲ့သို့ အလျင်အမြန်ကြွေလွင့်သွားမည် ဖြစ်သည်။

က။ ဖောက်ပြန်(ဂရိ-parerchomai) သည် -

- ပျောက်ကွယ်ခြင်း၊
- ကွယ်လွန်ခြင်း၊
- ပျက်ဆီးခြင်း စသည်တို့ဖြစ်သည်။

ခ။ လူတို့သည် ခြောက်သွေ့သောမြေပြင်၌ ပေါက်သော မြက်ပန်းပွင့်ကဲ့သို့ ခေတ္တခဏသာပွင့်လန်း၍ အလျင်အမြန်ကြွေသွားတတ်ကြသည်။

၃။ ဤအမှန်တရားကို ချမ်းသာသောသူသည် နှလုံးသွင်းမိသောအခါ နှိမ့်ချဆင်းရဲခြင်းသဘောကို ခံစားမိမည်ဖြစ်သည်။

၄။ ထိုငွေရတတ်သောသူသည် ထိုအမှု (နှိမ့်ချဆင်းရဲခြင်း)၌ ဝါကြွားဝမ်းမြောက်ခြင်း ရှိရမည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၀၇)

## စစ်မှန်သောယုံကြည်ခြင်းနှင့် စုံစမ်းနှောင့်ယှက်ခြင်း

*နေသည်ပူသောအရှိန်နှင့်ထွက်သောအခါ၊ မြက်ပင်သည် သွေ့ခြောက်ခြင်းသို့ရောက်၍ အပွင့်လည်းကြွေတတ်၏။ တင့်တယ်သောအသွေးအဆင်းလည်း ပျောက်ပျက်တတ်၏။ ထိုနည်းတူ၊ ငွေရတတ်သောသူသည် မိမိအမှုအရာတို့၌ ညှိုးနွမ်းပျောက်ပျက်ခြင်းသို့ ရောက်တတ်၏။ စုံစမ်းနှောင့်ယှက်ခြင်းကို သည်းခံသောသူသည် မင်္ဂလာရှိ၏။ အကြောင်းမူကား၊ စစ်ကြောစုံစမ်းခြင်းကို ခံပြီးမှ သခင်ဘုရားကိုချစ်သောသူတို့အား ဂတိထားတော်မူသော အသက်သရဖူကိုရလိမ့်မည်။*

*(ယာကုပ် ၁း၁၁-၁၂)*

***နေသည်ပူသောအရှိန်နှင့်ထွက်သောအခါ. . .***

၁။ ပူပြင်းသောနေအရှိန်သည် -

ကျ။ မြက်ပင်ကို သွေ့ခြောက်စေသည်။

ခ။ အပွင့်ကိုလည်း ကြွေစေသည်။

ဂ။ တင့်တယ်သောအသွေးအဆင်းလည်း ပျောက်ပျက်စေသည်။

၂။ လက်တွေ့၌ သိပ္ပံနည်းကျကျ သက်သေထူနိုင်သောအမှန်တရားဖြစ်သည်။

၃။ ပါလက်စတိုင်းပြည်၌ နေ့စဉ် မြင်တွေ့နေရသော အခြေအနေမှန် ဖြစ်သည်။

***ထိုနည်းတူ. . .***

၁။ လက်တွေ့ ဖြစ်နေသော အမှန်တရားကို ဥပမာပြုခြင်း ဖြစ်သည်။

၂။ ချမ်းသာသောသူနှင့် နေပူရှိန်အောက်၌ ပေါက်သော မြက်ပင်တို့ကို နှိုင်းယှဉ်ထားသည်။

၃။ 'မိမိအမှုအရာတို့၌' (ဂရိ-poreia) သည် -

က။ ငွေကိုသာရှာဖွေစုဆောင်းသော လမ်းစဉ်၌၊

ခ။ ချမ်းသာကြွယ်ဝရန်သာ ဆောင်ရွက်ခြင်းအမှု၌၊

ဂ။ စည်းစိမ်သည်သာ အဓိက ဟူသောအမှု၌ စသည်တို့ဖြစ်သည်။

၄။ ငွေရတတ်သောသူသည် ငွေရှာဖွေစုဆောင်းခြင်းအမှု၌ ညှိုးနွမ်းပျောက်ပျက်လိမ့်မည်။

***စုံစမ်းနှောင့်ယှက်ခြင်းကို သည်းခံသောသူသည်. . .***

၁။ သည်းခံ (ဂရိ-hupomeno) သည် -

ကျ။ ကြံ့ကြံ့ခံရပ်တည်နိုင်ခြင်း၊

ခ။ သက်ဝင်လှုပ်ရှား မျှော်လင့်နေခြင်း၊

ဂ။ စိတ်ရှည်သည်းခံခြင်း စသည်တို့ဖြစ်သည်။

၂။ ယုံကြည်သူမှန်လျှင် စုံစမ်းနှောင့်ယှက်ခြင်း (အခက်ခဲများကို) ၌

ကျ။ စိတ်ရှည်သည်းခံနိုင်ရမည်။

ခ။ သက်ဝင်လှုပ်ရှားလျက် စောင့်မျှော်နေရမည်။

ဂ။ ဆက်လက် ခိုင်ခံ့စွာ တည်ကြည်နေရမည်။

၃။ ထိုသို့ စုံစမ်းနှောင့်ယှက်ခြင်းကို သည်းခံသောသူသည် မင်္ဂလာရှိသည်။

***အကြောင်းမူကား. . .***

၁။ စစ်မှန်သော ယုံကြည်ခြင်းကို ပိုင်ဆိုင်သောသူသည် စစ်ကြောစုံစမ်းခြင်းကို ခံရသောအခါ၊

ကျ။ ဘုရားသခင်ကို အမှန်ယုံကြည်ကြောင်း သက်သေထူနိုင်လိမ့်မည်။

ခ။ ဘုရားသခင်ကို အမှန်ချစ်ကြောင်း သက်သေပြနိုင်လိမ့်မည်။

၂။ ထိုသူတို့သည် ဘုရားသခင်ကိုချစ်သောသူတို့အား ကတိပေးထားသော အသက်သရဖူကိုလည်း ရယူပိုင်ဆိုင်ကြလိမ့်မည်။

၃။ စစ်မှန်သောယုံကြည်ခြင်းသည် အသက်သရဖူနှင့် စပ်လျဉ်းသော မင်္ဂလာ၏ အကြောင်းတရားဖြစ်သည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၀၈)

## အပြစ်သွေးဆောင်ခြင်း (၁)

*အပြစ်သွေးဆောင်ခြင်းကို ခံရသောသူမည်သည်ကား၊ ဘုရားသခင်သည် ငါ့ကိုသွေးဆောင်တော်မူသည်ဟု မပြောစေနှင့်။ မကောင်းသောအရာသည် ဘုရားသခင်ကို မသွေးဆောင်နိုင်ရာ။ ကိုယ်တော်သည်လည်း အဘယ်သူကိုမျှ အပြစ်သို့သွေးဆောင်တော်မမူ။ မိမိ တပ်မက်သော စိတ်ဆွဲငင်ဖြား ယောင်းခြင်းကိုခံသော သူမည်သည်ကား၊ အပြစ်သွေးဆောင်ခြင်းသို့ ရောက်တတ်၏။ (ယာကုပ် ၁း၁၃-၁၄)*

***အပြစ်သွေးဆောင်ခြင်းကို ခံရသောသူမည်သည်ကား. . .***

၁။ မည်သူမဆို အပြစ်သွေးဆောင်ခြင်းကို ခံရတတ်ကြသည်။

၂။ အချို့တို့သည် အပြစ်သွေးဆောင်ခြင်းကို ခံရသောအခါ -

က။ ဘုရားသခင်က ခွင့်ပြုသည် ဟုလည်းကောင်း၊

ခ။ ဘုရားသခင်က သွေးဆောင်သည် ဟုလည်းကောင်း ဆိုတတ်ကြသည်။

၃။ အမှန်မှာ -

က။ မကောင်းသောအရာသည် ဘုရားသခင်ကို သွေးဆောင်ခြင်းမပြုနိုင်ပါ။

ခ။ ဘုရားသခင်ကိုယ်တိုင်လည်း အဘယ်သူကိုမျှ အပြစ်သို့သွေးဆောင်ခြင်းမပြုပါ။

ဂ။ ဤသည်ကား ဘုရားသခင်၏ ပင်ကိုသဘောသဘာ၀ ဖြစ်သည်။

၄။ ထို့ကြောင့် ဘုရားသခင်သည် အပြစ်သို့သွေးဆောင်တော်မူသည်ဟု အဘယ်သူမျှ မဆိုရ။

***မိမိတပ်မက်သောစိတ် ဆွဲငင်ဖြားယောင်းခြင်းကို ခံသောသူ မည်သည်ကား. . .***

၁။ လူသည် အဘယ်သို့ အပြစ်သွေးဆောင်ခြင်းကို ခံရသနည်း။

၂။ လူသည် မိမိတို့၏ တပ်မက်သောစိတ် (ဂရိ- eptithumia) ကြောင့် အပြစ်သွေးဆောင်ခြင်းကို ခံကြရသည်။ ဤစိတ်ကြောင့် လူတို့သည် -

က။ တားမြစ်သောအရာတို့ကို လိုချင်တောင်းတကြသည်။

ခ။ လောဘကြီးစွာ လိုချင်တပ်မက်လျက် ရှိကြသည်။

၃။ ထို တပ်မက်သောစိတ်သည်

က။ ဆွဲဆောင်တတ်သည်။

ခ။ ဖြားယောင်းတတ်သည်။

ဂ။ အပြစ်သို့သွေးဆောင်လျက် ရှိသည်။

၄။ အပြစ်သွေးဆောင်ခြင်းသို့ ရောက်သောသူသည်

က။ တပ်မက်သောစိတ်၏ ဆွဲဆောင်ခြင်း (ဂရိ- e_elko) ကိုခံရသောသူ ဖြစ်သည်။

- မှန်သောအနေအထားမှ လွဲမှားသည်အထိ ဆွဲဆောင်ခြင်း၊
- မှန်သောလမ်းမှ မှားသောလမ်းသို့ ဆွဲခေါ်ခြင်း၊

ခ။ တပ်မက်သောစိတ်၏ ဖြားယောင်းခြင်း (ဂရိ-deleazo) ကိုခံရသောသူ ဖြစ်သည်။

- လှည့်ဖြားခြင်း၊
- ထင်ယောင်ထင်မှားဖြစ်စေခြင်း စသည်တို့ ဖြစ်သည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၁၉)

## အပြစ်သွေးဆောင်ခြင်း (၂)

***တပ်မက်သောစိတ်သည် ပဋိသန္ဓေယူ၍ ဒုစရိုက်ကိုဘွား တတ်၏။ ဒုစရိုက်သည်လည်းပြည့်စုံလျှင် သေခြင်းကို ဘွားတတ်၏။ ငါချစ်သော ညီအစ်ကိုတို့၊ အလွဲမယူကြနှင့်။ (ယာကုပ် ၁း၁၅-၁၆)***

***တပ်မက်သောစိတ်သည်. . .***

၁။ တားမြစ်သောအရာများရယူရန် မသင့်သောအရာများအား လိုချင်တပ် မက်သောစိတ်ကို ဆိုလိုသည်။

၂။ ထို တပ်မက်သောစိတ်သည် -

က။ ပဋိသန္ဓေယူတတ်သည်။

ခ။ ထို့နောက် ဒုစရိုက်ကို ဘွားစေတတ်သည်။

၃။ ဘွား (ဂရိ-tikto ) သည် -

က။ ထုတ်လုပ် (ဂရိ-teko =ထုတ်ပေးခြင်း) ထက်ပို၍ လေးနက်သည်။

ခ။ (အသီးအနှံ) ထွက်စေခြင်း၊

ဂ။ တိုးတက်ပွားများစေခြင်း စသည်တို့ဖြစ်သည်။

၄။ တပ်မက်သောစိတ်သည် နောက်ဆုံး၌ ဒုစရိုက်ကိုသာ ဖြစ်ထွန်းစေမည် ဖြစ်သည်။

***ဒုစရိုက်သည်လည်းပြည့်စုံလျှင်. . .***

၁။ ဒုစရိုက်ဆိုသည်မှာ ကိုယ်ထိလက်ရောက်ပြုမိသော အပြစ်ဖြစ်သည်။

၂။ ထို ဒုစရိုက်အပြစ်သည် -

က။ ကြီးထွားတတ်သော သဘောရှိသည်။

ခ။ တစ်နေ့တစ်ချိန်၌ ကြီးမား၍ ဆိုးရွားသော ဒုစရိုက်အပြစ် ဖြစ်လာ မည် ဖြစ်သည်။

၃။ ပြည့်စုံ (ဂရိ-apoteleo) သည်
   က။ apo နှင့် teleo ပေါင်းစပ်ထားသော စကားလုံးဖြစ်သည်။
   ခ။ ပြည့်ဝစုံလင်စွာ ကြီးထွားခြင်း၊
   ဂ။ ပြည့်စုံရင့်ကျက်ခြင်း စသည်တို့ဖြစ်သည်။
၄။ မိမိကိုယ်တိုင် ပြုမိသော ဒုစရိုက်အပြစ်ငယ်သည် ကြီးရင့်သောအခါ
   က။ အနိုင်မခံ  အရှုံးမပေးတတ်သော အပြစ်ကြီး ဖြစ်လာနိုင်သည်။
   ခ။ သေခြင်းကိုပင် ဖြစ်ဖွားစေသော အပြစ်ကြီး ဖြစ်လာနိုင်သည်။
၅။ သေခြင်းကို ဘွားခြင်း (ဂရိ-apokueo) သည် -
   က။ ဖွားမြင်စေခြင်း၊
   ခ။ နောက်မျိုးဆက်ဖြစ်ဖွားစေခြင်း စသည်တို့ဖြစ်သည်။ ကြီးရင့်လာသော ဒုစရိုက်အပြစ်သည် သေခြင်းကို ဧကန်မုချ မွေးဖွားပေးသည်။

***ငါချစ်သော ညီအစ်ကိုတို့၊ အလွဲမယူကြနှင့်***

၁။ ယာကုပ် ချစ်သော သူ၏ ညီအစ်ကိုများမှာ-
   က။ ယုံကြည်သူများ၊
   ခ။ ခရစ်တော်ကို ယုံကြည်သော ယုဒလူမျိုးများ ဖြစ်ကြသည်။
၂။ 'အလွဲမယူကြရန်' ယာကုပ် သတိပေးသည်။
   က။ တပ်မက်သောစိတ်သည် ဒုစရိုက်ကို ဖြစ်ဖွားစေတတ်သည်ကိုလည်းကောင်း၊
   ခ။ ဒုစရိုက်သည် ရင့်ကျက်၍ ကြီးထွားလာနိုင်သည်ကိုလည်းကောင်း၊
   ဂ။ ထို ရင့်ကျက်ပြည့်စုံသော ဒုစရိုက်အပြစ်ကြီးသည် သေခြင်းကိုဖွားမြင်ပေးသည်ကိုလည်းကောင်း အလေးထား မှတ်ယူရမည်ဖြစ်သည်။
၃။ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ ယာကုသည် သူ့စာဖတ်ပရိသတ်များကို
   က။ လှည့်ဖြားခြင်း မခံကြရန်၊
   ခ။ လမ်းမလွဲကြရန်၊
   ဂ။ ယောင်ဝါးဝါး မဖြစ်ကြရန် သတိပေးသည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၁၀)

## ကောင်းမြတ်စုံလင်သော အဖခမည်းတော်

*ကောင်းမြတ်စုံလင်သော ဆုကျေးဇူးရှိသမျှတို့သည် အလင်းတို့၏ အဘထံတော်က သက်ရောက်သည်ဖြစ်၍၊ အထက်အရပ်မှလာကြ၏။ ထိုအဘသည် ရွေ့လျော့ တိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်းအရိပ်နှင့် ကင်း လွတ်တော်မူ၏။ နိမ္မိတသတ္တဝါတို့တွင် ငါတို့သည် အဦးသီးသော အသီးကဲ့သို့ ဖြစ်စေခြင်းငှာ၊ သမ္မာ တရားစကားအားဖြင့် မိမိအလိုတော်အတိုင်း ငါတို့ကို ဖြစ်ဘွားစေတော်မူ၏။*

*(ယာကုပ် ၁း၁၇-၁၈)*

***ကောင်းမြတ်စုံလင်သော ဆုကျေးဇူးရှိသမျှတို့သည်. . .***

၁။ ကောင်းမြတ်စုံလင်သော ဆုကျေးဇူးရှိသမျှသည်

ကျ။ ကောင်းသောအရာ၊ မင်္ဂလာရှိသော အရာ၊

ခ။ အနာအဆာ မရှိသောအရာ၊ ပြည့်ဝစုံလင်သောအရာ၊

ဂ။ အထူးသဖြင့် လူတို့၏အစွမ်းအစကြောင့်မဟုတ်ဘဲ ရရှိခံစားနေရ သော အရာများကို ဆိုလိုသည်။ ဥပမာအားဖြင့် -

- နေ၊
- လေ၊
- ရေ (မိုး)၊
- အသက်ဝိညာဉ် (မိမိတို့တစ်ဦးချင်း၏ အသက်ဝိညာဉ်)၊
- သမ္မာတရား (နှုတ်ကပတ်တော်) စသည်တို့ဖြစ်သည်။

၂။ ကောင်းမြတ်စုံလင်သော ဆုကျေးဇူးတို့သည် -

က။ အဖခမည်းတော်ထံမှ ဖြစ်ကြသည်။

ခ။ အထက်အရပ်မှ ဆင်းသက်လာကြသည်။

***ထိုအဘသည်. . .***

၁။ အလင်းတို့၏ အဖ ဖြစ်သည်။ ဆိုလိုသည်မှာ ကောင်းသောအရာ၊ ဖြောင့်မတ်မှန်ကန်သောအရာတို့၏ အရင်းအမြစ် ဖြစ်သည်။

၂။ အထက်အရပ် (ကောင်းကင်ဘုံ၌) စံနေတော်မူသောသူ ဖြစ်သည်။

၃။ ထိုအဘသည် -

က။ ရွေ့လျော့တိမ်းယိမ်းခြင်းမရှိ၊

ခ။ ပြောင်းလဲခြင်းအရိပ်နှင့် ကင်းလွတ်တော်မူသည်။

၄။ တစ်နည်းအားဖြင့်ဆိုသော် ထိုအဖခမည်းတော်သည်

က။ ပြောင်းလဲယိမ်းယိုင်ခြင်းမရှိသောသူ၊

ခ။ စိတ်နှစ်ခွမရှိသောသူ၊

ဂ။ သံသယမရှိတတ်သောသူ၊

ဃ။ စိတ်ချယုံကြည်တတ်သောသူ စသည်တို့ဖြစ်သည်။

***နိမ့်ပါးသောသတ္တဝါတို့တွင် ငါတို့သည်. . .***

၁။ ဖန်ဆင်းထားသောသတ္တဝါတို့တွင် ယုံကြည်သူတို့သည် အဦးသီးသော အသီးကဲ့သို့ ဖြစ်ကြသည်။

က။ ထိုသို့ ဖြစ်စေခြင်းငှာ အဖခမည်းတော်ဘုရားသခင် အလိုရှိတော်မူသည်။

ခ။ ခမည်းတော်ဘုရားသခင်သည် ယုံကြည်သော အကျွန်ုပ်တို့ကို အဦးသီးသောအသီး ဖြစ်ကြရန် သမ္မာတရားစကားအားဖြင့် ဖြစ်ဖွားစေတော်မူသည်။

၂။ 'သမ္မာတရားစကားအားဖြင့် ဖြစ်ဖွားစေခြင်း' သည်

က။ ဒုတိယမွေးဖွားခြင်း ကိုဆိုလိုသည်။ (၁ ပေ ၁း၂၃-၂၄)

ခ။ သမ္မာတရားကို ယုံကြည်လက်ခံခြင်းကြောင့် ဖြစ်သော ဘဝအသက်တာပြောင်းလဲခြင်းကို ဆိုလိုသည်။

၃။ 'အဦးသီးသောအသီး' သည် -

က။ နောက်မှဖြစ်ထွန်းလာသောအသီးအပွင့်များသည် အဦးသီးသောအသီးကဲ့သို့ ဖြစ်ကြသည်။

ခ။ ဖန်ဆင်းခံသတ္တဝါအပေါင်းတို့သည် ယုံကြည်သောအကျွန်ုပ်တို့ကဲ့သို့ ဖြစ်လာကြမည်ဖြစ်သည်။ ဆိုလိုသည်မှာ နိမ္မိတသတ္တဝါတို့သည်

- ဘုရားသခင်၏ ကယ်တင်ခြင်း၏ အကျိုးကျေးဇူးကို ရရှိခံစားလာကြမည်။ (ရောမ ၈း၂၁-၂၃)
- ဘုရားသခင်၏ ကောင်းမြတ်စုံလင်သော အုပ်စိုးခြင်းကို ဝန်ခံလာကြမည်။ (ဗျာဒိတ် ၂၁း၂၄-၂၇)

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၁၁)

## နားကြားခြင်း၌ လျင်မြန်စေ

*သို့ဖြစ်၍၊ ငါချစ်သောညီအစ်ကိုတို့၊ ခပ်သိမ်းသောသူတို့သည် နားကြားခြင်း၌ လျင်မြန်ကြစေ၊ စကားပြောခြင်း၌၎င်း၊ အမျက်ထွက်ခြင်း၌၎င်း နှေးကြစေ။- လူ၏ဒေါသအမျက်သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားကို မပြုစုတတ်။*

*(ယာကုပ် ၁း၁၉-၂၀)*

***သို့ဖြစ်၍***

၁။ 'သို့ဖြစ်၍' သည် အထက်ပါ အကြောင်းကြောင့် ဟုဆိုလိုသည်။

၂။ 'သို့ဖြစ်၍' ကို 'ထိုသို့ဖြစ်သောကြောင့်' ဟုလည်း ပြန်ဆိုနိုင်သည်။

***ငါချစ်သောညီအစ်ကိုတို့. . .***

၁။ ချစ်သော ပရိသတ်များကို ရည်ညွှန်းသည်။

၂။ ယာကုပ်၏ စာဖတ်ပရိသတ်များသည် ယုဒလူမျိုးများ ဖြစ်ကြသည်။

***ခပ်သိမ်းသောသူတို့သည်. . .***

၁။ 'ခပ်သိမ်းသောသူတို့' သည် လူတိုင်းကို ဆိုလိုသည်။

၂။ တစ်နည်းအားဖြင့်၊ 'လူသည်' -

က။ နားကြားခြင်း၌ လျင်မြန်ရမည်။

ခ။ သို့သော် စကားပြောခြင်းနှင့် အမျက်ထွက်ခြင်း၌ နှေးကြရမည်။

၃။ နားကြားခြင်း (ဂရိ-akouo) သည် -

က။ ကြားခြင်း၊

ခ။ နားလည်ခြင်း၊ စသည်တို့ဖြစ်သည်။ လူသည် ကြားနာသင်ယူခြင်းကို

ဦးစားပေးရမည်။ ထိုအမှု၌ လျင်မြန်ရမည်။
၄။ စကားပြောခြင်း နှင့် အမျက်ထွက်ခြင်း၌ မည်သူမဆို နှေးကြရမည်။
ကျ။ အမှားအမှန်ခွဲခြားပြီးမှ စကားပြောပါ။
ခ။ အကျိုးအကြောင်း ဆင်ခြင်ပြီးမှ ဒေါသထွက်ပါ။ လူသည် စကားပြောခြင်းနှင့် အမျက်ထွက်ခြင်း၌ နှေးကွေးရမည်။

***လူ၏ဒေါသအမျက်သည်. . .***

၁။ လူ၏ ဒေါသအမျက် (ဂရိ-orge) သည် -
က။ ကြမ်းတမ်းသော စိတ်ဆန္ဒ၊
ခ။ အမျက်ဒေါသ၊
ဂ။ အနာတရဖြစ်စေရန် တုံ့ပြန်လိုသောစိတ် စသည်တို့ ဖြစ်သည်။
၂။ လူ၏ဒေါသအမျက်သည် -
က။ လူ၏စံချိန်စံနှုန်းကို အခြေခံသည်။
ခ။ လူ၏ကြမ်းတမ်းသော စိတ်သဘောမှ ဖြစ်လာသည်။
၃။ မပြုစုတတ် (ဂရိ-ergazomai) သည် -
က။ လုပ်ဆောင်ခြင်း၊
ခ။ ထုတ်လုပ်ခြင်း၊
ဂ။ ဖော်ထုတ်ခြင်း စသည်တို့ဖြစ်သည်။
၄။ လူ၏ဒေါသအမျက်သည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားကို -
က။ အကောင်အထည် မဖော်နိုင်။
ခ။ မည်သည့်အကျိုးမျှ မပေးနိုင်။
ဂ။ မဖြစ်ထွန်းစေနိုင်။

ဒေါသအမျက်ထွက်ခြင်း၌ အလွန်နှေးကြပါစို့။ ဒေါသအမျက်မထွက်မိစေရန် ကြိုးစားကြပါစို့။ အကယ်၍ မှန်ကန်သောအကြောင်းတရားကြောင့် ဒေါသထွက်ခဲ့လျှင် ဧဖက် ၄း၂၆ ကို သတိရပါ။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၁၂)

## တရားကိုကျင့်သောသူ

*ထို့ကြောင့်၊ ခပ်သိမ်းသောညစ်ညူးခြင်း၊ မနာလိုသော စိတ်လွန်ကျူးခြင်းကို ပယ်ရှား၍၊ သင်တို့စိတ်ဝိညာဉ် ကိုကယ်တင်နိုင်သော အထဲ၌စိုက်ပျိုးသော နှုတ်ကပတ် တရားကို နူးညံ့သိမ်မွေ့သော စိတ်နှင့်ခံယူကြလော့။ ကိုယ်ကိုကိုယ်လှည့်ဖြား၍၊ နှုတ်ကပတ်တရားကို နာရုံ မျှသာပြုသောသူမဟုတ်၊ တရားကိုကျင့်သောသူ ဖြစ်ကြ လော့။ (ယာကုပ် ၁း၂၁-၂၂)*

***ထို့ကြောင့် . . .***

၁။ လူ၏အမျက်ဒေါသသည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကိုတရားကို မပြုစုတတ်သည်မှာ လုံးဝငြင်းနိုင်ဖွယ် မရှိ။ (ယာကုပ် ၁း၂၀)

၂။ 'ထို့ကြောင့်' အောက်ပါအချက်တို့ကို ပယ်ရှားရမည်။

က။ ခပ်သိမ်းသောညစ်ညူးခြင်း၊

ခ။ မနာလိုသောစိတ်လွန်ကျူးခြင်း၊

ဤအရာများသည် လူကို ညစ်ညမ်းစေသည်။ (မာကု ၇း၂၀-၂၃)

***သင်တို့စိတ်ဝိညာဉ်ကို ကယ်တင်နိုင်သော. . .***

၁။ ဘုရားသခင်၏ နှုတ်ကပတ်တရားသည် -

က။ ကယ်တင်ရှင်ဖြစ်သော ဘုရားသခင်၏ နှုတ်ထွက်စကားဖြစ်သည်။

ခ။ ဘုရားသခင်၏ နှုတ်ထွက်စကားသည် ပြည့်စုံရမည်သာ ဖြစ်သည်။ (ဟေရှာယ ၅၅း၁၁)

ဂ။ စိတ်ဝိညာဉ်ကို အမှန်ပင်ကယ်တင်နိုင်သည်။

၂။ ထိုနှုတ်ကပတ်တရားသည် -

 က။ သမ္မာကျမ်းစာအုပ်ကို ဆိုလိုသည် မဟုတ်။ (ယောဟန် ၅း၃၉)

ခ။ သမ္မာကျမ်းစာ၏ မှန်သောသွန်သင်ချက်များကိုသာ ဆိုလိုသည်။

ဎင်းတို့သည် -

- ဝိညာဉ်သဘောရှိသည်။ (၁ကော ၂း၁၀-၁၆)
- ဝိညာဉ်တော်၏သွန်သင်ချက်အားဖြင့်သာ သိရှိနားလည်နိုင်သည်။

ဂ။ ကြားနာသောသူတို့၏ အထဲ၌ စိုက်ပျိုးသော ဘုရားသခင်၏စကားဖြစ်သည်။ (မဿဲ ၁၃း၁-၂၃)

## ***နူးညံ့သိမ်မွေ့သော စိတ်နှင့်ခံယူကြလော့***

၁။ နူးညံ့သိမ်မွေ့သော စိတ် (ဂရိ- prautes) သည် -

က။ သိမ်မွေ့ခြင်း၊

ခ။ နူးညံ့ခြင်း၊

ဂ။ နှိမ့်ချခြင်း စသည်တို့ဖြစ်သည်။

၂။ ခံယူ (ဂရိ-dechomai) သည် -

က။ လက်ခံရယူခြင်း၊

ခ။ ကြိုဆိုလက်ခံခြင်း စသည်တို့ဖြစ်သည်။

၃။ စိုက်ပျိုးသော (ဂရိ-emphutos) သည် -

က။ အမြစ်တွယ်သော၊

ခ။ မွေးဖွားရာဖြစ်သော စသည်ဖြင့်လည်း ပြန်ဆိုနိုင်သည်။

၄။ မိမိအထဲ၌ (ဘုရားသခင်၏ ပျိုးထောင်ထားခြင်းအားဖြင့်) အမြစ်တွယ်ထားသော နှုတ်ကပတ်တရားကို စိတ်နှလုံးနှိမ့်ချခြင်းဖြင့် ကြိုဆိုလက်ခံရမည်။

## *နာရှုံမျှသာပြုသောသူမဟုတ်၊ တရားကို ကျင့်သောသူ ဖြစ်ကြလော့*

၁။ တရားကို နာရှုံမျှသာ နာသောသူသည် -

 က။ မိမိကိုယ်ကို လှည့်ဖြားသောသူ၊

ခ။ နှုတ်ကပတ်တရားကို အမှန် မခံယူသောသူ ဖြစ်သည်။

၂။ တရားကို ကျင့်သောသူသည် -

 က။ ကြားရသော နှုတ်ကပတ်တရားကို နူးညံ့သောစိတ်ဖြင့် ခံယူသောသူ၊

ခ။ မိမိအထဲ၌ အမြစ်တွယ်ထားသော နှုတ်ကပတ်တရားကို လက်တွေ့ ဖော်ဆောင်သောသူ ဖြစ်သည်။ နှုတ်ကပတ်တရားအတိုင်း အသက်ရှင်သောသူ ဖြစ်သည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၁၃)

## တရားကို ကျင့်ခြင်း

*တရားကို မကျင့်ဘဲ နာရုံမျှသာပြုသောသူမည်သည်ကား၊ မှန်၌ မိမိပကတိမျက်နှာကို ကြည့်သောသူနှင့်တူ၏။ အကြောင်းမူကား ကိုယ်ကိုကိုယ်ကြည့်ပြီးမှ၊ အခြားသို့သွား၍ မိမိအဆင်းသဏ္ဍာန်ကို ချက်ခြင်းမေ့လျော့တတ်၏။ လွတ်ခြင်းနှင့် စပ်ဆိုင်၍ စုံလင်သောတရား၌ စေ့စေ့ကြည့်ရှု၍ တည်ကြည်သောသူမူကား၊ တရားနာ၍ မေ့လျော့သောသူမဟုတ်၊ အကျင့်ကျင့်သောသူဖြစ်သဖြင့်၊ မိမိကျင့်သောအကျင့်၌ မင်္ဂလာရှိသောသူဖြစ်၏။*

*(ယာကုပ် ၁း၂၃-၂၅)*

***တရားကို မကျင့်ဘဲ နာရုံမျှသာပြုသောသူမည်သည်ကား. . .***

၁။ တရားကို လက်တွေ့မကျင့်သောသူကို ဆိုလိုသည်။

၂။ ဤသူသည် မှန်၌ မိမိပကတိမျက်နှာကို ကြည့်သော်လည်း မှန်မှ ခွာလိုက်သောအခါ မိမိအဆင်းသဏ္ဍာန်ကို ချက်ခြင်းမေ့လျော့သောသူနှင့် တူ၏။

က။ မှန်သည် တရားကို ဆိုလိုသည်။

ခ။ မှန်၌ မိမိကိုယ်ကို သေချာကြည့်ပြီး မိမိမျက်နှာ၌ ရှိသော အညစ်အကြေးများကို မသန့်ရှင်း၊ မဖယ်ထုတ်ဘဲ နေသောသူ (မိမိမျက်နှာသွင်ပြင်ကို မမှတ်မိတော့သောသူ) သည် တရားကို နာရုံမျှသာပြုသောသူဖြစ်သည်။

***လွတ်ခြင်းနှင့်စပ်ဆိုင်၍ စုံလင်သောတရား၌ စေ့စေ့ကြည့်ရှု၍ တည်ကြည်သောသူမူကား. . .***

၁။ လွတ်ခြင်းနှင့်စပ်ဆိုင်၍ စုံလင်သောတရားသည် နှုတ်ကပတ်တော်ကို ဆိုလိုသည်။

၂။ ထိုတရား၌ စေ့စေ့ကြည့်ရှု၍ တည်ကြည်သောသူသည်

က။ နှုတ်ကပတ်တော်ကို သေချာနားလည်ပြီး ခံယူသောသူ၊

ခ။ သမ္မာကျမ်းစာ၏ သွန်သင်ချက်နှင့်အညီ အသက်တာပြောင်းလဲသောသူ၊

ဂ။ နှုတ်ကပတ်တော်နှင့်အညီ ကျင့်ကြံအားထုတ်သောသူ ဖြစ်သည်။

၂။ ထိုသူသည်

က။ တရားကို နာရုံမျှသာ နာသောသူ မဟုတ်၊

ခ။ တရားနာ၍ မေ့လျော့သောသူ မဟုတ်၊

ဂ။ တရားအတိုင်း ကျင့်သောသူ ဖြစ်သည်။

***မိမိကျင့်သောအကျင့်၌ မင်္ဂလာရှိသောသူဖြစ်၏***

၁။ဤသူသည် -

က။ တရားကို ကျင့်သောသူ၊

ခ။ တရားအတိုင်း နေထိုင်အသက်ရှင်သောသူ၊

ဂ။ တရားတော်ကို လက်တွေ့ဖော်ဆောင်သောသူ ဖြစ်သည်။

၂။ ဤသူသည် ကိုယ်တိုင်ကျင့်သောအမှု၌ မင်္ဂလာရှိသောသူ ဖြစ်သည်။

က။ သူကျင့်သောအကျင့်သည် (သူတစ်ပါးအတွက်) ကောင်းချီးမင်္ဂလာ ဖြစ်သည်။

ခ။ သူကိုယ်တိုင်သည် မင်္ဂလာရှိသောသူ ဖြစ်သည်။ (ဆာလံ ၁)

***တရား နှင့် စိန်ခေါ်ချက်***

၁။ တရားသည် -

က။ နှုတ်ကပတ်တော်ကို ရည်ညွှန်းသည်။

ခ။ လွတ်ခြင်းနှင့်စပ်ဆိုင်သည်။ (ဂလာတိ ၅း၁)

ဂ။ စုံလင်သောတရား ဖြစ်သည်။

- ရင့်ကျက်ပြည့်စုံသော တရား၊
- အစိတ်အပိုင်းတိုင်း၌ စုံလင်သောတရား ဖြစ်သည်။

ဤသည်ကား တရား၏ အနှစ်သာရ ဖြစ်သည်။

၂။ တရားကို စေ့စေ့ကြည့်ရှု၍ တည်ကြည်ရမည်။

က။ စေ့စေ့ကြည့်ရှု (ဂရိ- parakupto) သည် -

- ခေါင်းငုံ့ကြည့်သည်၊
- ကိုယ်ကိုကိုင်း၍ ကြည့်သည်၊
- အနီးကပ် ကြည့်သည် စသည်တို့ဖြစ်သည်။

ခ။ တည်ကြည် (ဂရိ-parameno) သည် -

- ဆက်လက်၍ မြဲသည်၊
- အနီးအနား၌ (နှင့်အညီ) ရပ်တည်သည်၊
- မဆုတ်မနစ် လုံ့လထုတ်သည်၊
- အပတ်တကုတ်ကြိုးစားသည် စသည်တို့ဖြစ်သည်။

ကျွန်ုပ်တို့သည် တရားကို အနီးကပ်သေချာစွာလေ့လာပြီး၊ ထိုတရားနှင့် အညီ မဆုတ်မနစ် အားထုတ်၍ ရပ်တည်သွားကြရမည်။

(ယောဟန် ၁၂း၄၇-၅၀)

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၁၄)

## စင်ကြယ်သန့်ရှင်းသော သီလ

*သင်တို့တွင် အကြင်သူသည် သီလဆောက်တည်ဟန်ပြု သော်လည်း၊ မိမိနှုတ်ကို မချုပ်တည်း၊ မိမိနှလုံးကို လှည့်ဖြား၏။ ထိုသူ၏သီလသည် အချည်းနှီးသက်သက် ဖြစ်၏။-ခမည်းတော်ဘုရားသခင်၏ရှေ့၌ စင်ကြယ် သန့်ရှင်းသောသီလဟူမူကား၊ မိဘမရှိသောသူငယ်တို့နှင့် မုတ်ဆိုးမတို့သည် ဆင်းရဲခံရသောအခါ၊ သူတို့ကို ကြည့် ရှုပြုစုခြင်း၊ ကိုယ်တိုင်လည်း လောကီ အညစ်အကြေး နှင့် ကင်းစင်အံ့သောငှါ စောင့်ရှောက်ခြင်းပေတည်း။*
*(ယာကုပ် ၁း၂၆-၂၇)*

***သင်တို့တွင် အကြင်သူသည်. . .***

၁။ အချို့သောသူတို့သည်
- က။ ဘာသာတရားကို လိုက်စားကြသည်။
- ခ။ ဘာသာတရား၌ ကိုင်းရှိုင်းကြသည်။
- ဂ။ သီလကိုလည်း စောင့်ကြသည်။

၂။ သို့သော်၊ ထိုသူတို့သည် -
- က။ မိမိတို့၏ နှုတ်အပြောကို မချုပ်တည်းကြ၊
- ခ။ မိမိတို့၏ အတွင်းစိတ်သဘောကို လှည့်ဖြားကြသည်။

၃။ ထိုသူတို့၏ သီလသည် အချည်းနှီးသက်သက်ဖြစ်သည်။

***ခမည်းတော်ဘုရားသခင်ရှေ့၌. . .***

၁။ ခမည်းတော်ဘုရားသခင် လက်ခံသော ဘုရားတရားကိုင်းရှိုင်းခြင်းဟူ သည်မှာ
- က။ မိဘမဲ့ကလေးများနှင့် မုဆိုးမများကို ကြည့်ရှုပြုစုခြင်း၊

ခ။ မိမိကိုယ်ကို လောကီ အညစ်အကြေးများနှင့် ကင်းစင်အောင် စောင့်ရှောက်ခြင်း စသည်တို့ ဖြစ်သည်။

၂။ ဤအရာများကို ရိုးသားဖြူစင်စွာ ကျင့်အားထုတ်ခြင်းသည် စင်ကြယ်သန့်ရှင်းသောသီလ ဖြစ်သည်။

## ***စိန်ခေါ်ချက်***

၁။ သီလ (ဂရိ-threskeia) သည် -

က။ နတ်ဘုရား ကိုးကွယ်ခြင်း၊

ခ။ ဘာသာတရား ကိုင်းရှိုင်းခြင်း စသည်တို့ဖြစ်သည်။

၂။ စင်ကြယ်သန့်ရှင်းသော သီလ သည် -

က။ ဘုရားသခင် နှစ်သက်တော်မူသော ကိုးကွယ်ခြင်း၊

ခ။ ဘုရားသခင် လက်ခံတော်မူသော ဘုရားတရားရှိခြင်း၊

ဂ။ ဘုရားသခင်၏ သဘောသဘာဝနှင့် ညီသော တရားကျင့်ခြင်း၊ စသည်တို့ဖြစ်သည်။

၃။ မိဘမဲ့ကလေးသူငယ်များနှင့် မုဆိုးမများ ဆင်းရဲခံရသောအခါ ကြည့်ရှုပြုစုခြင်းသည် စင်ကြယ်သန့်ရှင်းသော သီလ၏ အစိတ်အပိုင်းဖြစ်သည်။

၄။ မိမိကိုယ်ကို လောကီအညစ်အကြေးများနှင့် ကင်းစင်အောင်စောင့်ရှောက်ခြင်းသည်လည်း ချန်လှပ်မထားသင့်သည့် စင်ကြယ်သန့်ရှင်းသော သီလ၏ အစိတ်အပိုင်း ဖြစ်သည်။

၅။ စင်ကြယ်သန့်ရှင်းသော သီလကို အပြည့်အ၀ ဆောက်တည်ခြင်းဖြင့် ယုံကြည်ခြင်းရတနာ၌ ကြီးထွားကြပါစို့။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၁၅)

## ယုံကြည်ခြင်း၌ ဘက်လိုက်ခြင်း မရှိ

*ငါ့ညီအစ်ကိုတို့၊ ဘုန်းကြီးတော်မူသော ငါတို့သခင်ယေရှု ခရစ်ကို ယုံကြည်ခြင်းအမှုမှာ၊ လူမျက်နှာကိုထောက် ခြင်းမရှိကြနှင့်။-ရွှေလက်စွပ်နှင့် တင့်တယ်သောအဝတ် ကို ဝတ်ဆင်သောသူ၊ ညစ်သောအဝတ်ကိုဝတ်၍ ဆင်းရဲ သောနှစ်ဦးသည် သင်တို့၏တရားဇရပ်ထဲသို့ ဝင်သော အခါ၊ တင့်တယ်သောအဝတ်ကို ဝတ်ဆင်သောသူကို ကြည့်၍၊ ကောင်းမွန်သော ဤအရပ်မှာ ထိုင်ပါဟူ၍ ၄င်း၊ ဆင်းရဲသောသူကို ဟိုမှာနေလော့၊ သို့မဟုတ် ဤအရပ်မှာ ငါ့ခြေတင်ခုံအောက်၌ထိုင်လော့ဟူ၍၄င်း၊ သင်တို့သည်ပြောဆိုလျှင်၊ တဘက်၌ ငဲ့ကွက်သောစိတ် ရှိ၍ မကောင်းသောအကြံအစည်နှင့် စီရင်သောသူ ဖြစ်ကြသည် မဟုတ်လော့။*

*(ယာကုပ် ၂း၁-၄)*

***ငါ့ညီအစ်ကိုတို့၊ ဘုန်းကြီးတော်မူသော. . .***

၁။ သခင်ယေရှုသည်

က။ ကယ်တင်ရှင် ခရစ်တော်ဖြစ်သည်။

ခ။ ဘုန်းကြီးတော်မူသော သခင်ဖြစ်သည်။

၂။ ယာကုပ်၏ စာဖတ်ပရိသတ်တို့သည်

က။ သခင်ယေရှုကို ယုံကြည်သောသူများ ဖြစ်ကြသည်။

ခ။ ခရစ်ယာန်များ ဖြစ်ကြသည်။

၃။ သခင်ခရစ်တော်ကို ယုံကြည်ခြင်းအမှုသည် -

က။ ကောင်းသောအမှု ဖြစ်သည်။

ခ။ လုပ်ဆောင်ရမည့် အလုပ်လည်း ဖြစ်သည်။ (ယောဟန် ၆း၂၉)

၄။ သို့သော် ထိုယုံကြည်ခြင်းကို ကျင့်သုံးရာ၌ ဘက်လိုက်ခြင်း မရှိသင့်ချေ။

***တဘက်၌ ငဲ့ကွက်သောစိတ်ရှိ၍. . .***

၁။ ချမ်းသာသောသူနှင့် မရှိဆင်းရဲသောသူတို့ကို ခွဲခြားဆက်ဆံခြင်းသည် ယုံကြည်ခြင်းကို ဘက်လိုက်၍ ကျင့်သုံးခြင်း ဖြစ်သည်။ ဘက်လိုက်၍ ဆက်ဆံခြင်း ဆိုသည်မှာ-

က။ ချမ်းသာသောသူကို မျက်နှာသာပေး၍၊

ခ။ ဆင်းရဲသောသူကို မတူမတန် ဆက်ဆံခြင်း ဖြစ်သည်။

၂။ ထိုသို့ ဘက်လိုက်၍ သူတစ်ပါးအား ဆက်ဆံမိသောအခါ၊ ကျွန်ုပ်တို့သည်

က။ တစ်ဖက်သားကို ငဲ့ကွက်နေကြသည်။

ခ။ မကောင်းသောအကြံအစည်နှင့် စီရင်နေကြသည်။

၃။ ဤသို့ ယုံကြည်ခြင်း၌ ဘက်လိုက်တတ်သောသူသည်

က။ တစ်ဖက်သားကို အထင်အမြင်သေးသောသူ၊

ခ။ တစ်ဖက်သားကို မတူမတန်ဆက်ဆံသောသူ၊

ဂ။ မကောင်းသောအကြံအစည်ဖြင့် သူတစ်ပါးကို ဆက်ဆံသောသူ၊

ဃ။ လူ့မျက်နှာကို ထောက်၍ အသက်ရှင်သောသူ၊

င။ ယုံကြည်ခြင်းကို ဘက်လိုက်၍ အသုံးချသောသူ ဖြစ်သည်။

၄။ ယုံကြည်ခြင်းရတနာ ရတတ်ခြင်းငှာ ခရစ်တော်ကို ယုံကြည်ရာ၌ လူမျက်နှာကို ထောက်ခြင်း လုံးဝမရှိကြရန် တိုက်တွန်းပါရစေ။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၁၆)

## ယုံကြည်ခြင်း၌ ကြွယ်ဝချမ်းသာခြင်း

*ငါချစ်သောညီအစ်ကိုတို့၊ နားထောင်ကြလော့။ လောကတွင် ဆင်းရဲသောသူတို့သည် ယုံကြည်ခြင်း ရတနာကို ရတတ်စေခြင်းငှါ၄င်း၊ ဘုရားသခင်ကို ချစ်သောသူတို့အား ပေးမည်ဟု ဝန်ခံတော်မူသော နိုင်ငံတော်၏ အမွေခံဖြစ်စေခြင်းငှါ၄င်း၊ ထိုသူတို့ကို ရွေးကောက်တော်မူသည် မဟုတ်လော။*

*(ယာကုပ် ၂း၅)*

***ငါချစ်သောညီအစ်ကိုတို့. . .***

၁။ ယာကုပ်၏ ပရိသတ်တို့သည် နားထောင်ကြရမည်။

၂။ ကြားနာခြင်းအားဖြင့် နားလည်ကြရမည်။

***လောကတွင် ဆင်းရဲသောသူတို့သည်. . .***

၁။ ဆင်းရဲသောသူ (ဂရိ-ptochos) သည် -

- က။ ဥစ္စာဆင်းရဲသောသူ၊
- ခ။ စိတ်နှိမ့်ချသောသူ၊
- ဂ။ ဝိညာဉ်ရေး၌ အမှန်ဆင်းရဲသောသူ (မဿဲ ၅) ဖြစ်သည်။

၂။ ယာကုပ်ဩဝါဒစာ၏ ရှေ့နောက် အဆက်အစပ်အရ၊ ဥစ္စာဆင်းရဲသောသူကို ရည်ညွှန်းခြင်းဖြစ်နိုင်သည်။ (ယာကုပ် ၁း၂-၃)

***ထိုသူတို့ကို ရွေးကောက်တော်မူသည် မဟုတ်လော***

၁။ 'ထိုသူတို့' သည် အထက်က ဆင်းရဲသောသူများကို ရည်ညွှန်းသည်။

၂။ ဘုရားသခင်သည် (မိမိအဖို့) မရှိဆင်းရဲသားများကို ရွေးကောက်တော်မူသည်။

က။ ရွေးကောက် (ဂရိ-eklego) သည် -

- မိမိအဖို့ ကောက်ယူသည်၊
- အများအပြားထဲမှ သီးသန့်ရွေးချယ်သည် စသည်တို့ဖြစ်သည်။

ခ။ ဆင်းရဲသောသူတို့ကို သီးသန့်ရွေးချယ်သည်။

၃။ ထိုသို့ ရွေးကောက်ရခြင်း၏ အကြောင်းရင်းမှာ-

က။ ယုံကြည်ခြင်းရတနာကို ရတတ်စေခြင်းငှာနှင့်

ခ။ နိုင်ငံတော်၏အမွေခံဖြစ်စေခြင်းငှာ၊ ဖြစ်သည်။

## ***ထပ်ဆင့် ဆင်ခြင်နှလုံးသွင်းခြင်း***

၁။ ယုံကြည်ခြင်းရတနာကို ရတတ်စေခြင်း

က။ ဂရိ-plousios သည် -

- ကြွယ်ဝသော၊
- ချမ်းသာသော၊
- ချမ်းသာကြွယ်ဝသော စသည်တို့ဖြစ်သည်။

ခ။ ယုံကြည်ခြင်း၌ ချမ်းသာကြွယ်ဝလာခြင်း ဖြစ်သည်။

၂။ ဘုရားသခင်သည် မရှိဆင်းရဲသောသူတို့ကို ယုံကြည်ခြင်း၌ ချမ်းသာကြွယ်ဝသောသူ ဖြစ်လာစေရန် ရွေးကောက်တော်မူသည်။

၃။ ဘုရားသခင်ကို ချစ်သောသူတို့သာ ရရှိမည့် နိုင်ငံတော်၏အမွေခံဖြစ်စေခြင်း။

က။ ဤအမွေတော်သည် -

- ဘုရားသခင်ကို (လက်ရှိအချိန်၌လည်း) ချစ်နေသောသူများ အတွက်သာဖြစ်သည်။
- ကောင်းကင်နိုင်ငံတော်နှင့် စပ်ဆိုင်သောအမွေဖြစ်သည်။

ခ။ ဘုရားသခင်က သူ့ကို ချစ်သောသူတို့အားသာ ပေးမည်ဟု ကတိပေးထားသော အမွေဖြစ်သည်။

၄။ ဘုရားသခင်သည် လောကစည်းစိမ်၌ ဆင်းရဲသော်လည်း၊ ယုံကြည်ခြင်း၌ ချမ်းသာကြွယ်ဝသောသူတို့ကို နိုင်ငံတော်၏အမွေခံ ဖြစ်လာစေရန် ရွေးကောက်တော်မူသည်။

***စိန်ခေါ်ချက်***

၁။ ယုံကြည်ခြင်း၌ ချမ်းသာကြွယ်ဝသောသူဖြစ်၍ နိုင်ငံတော်၏အမွေခံများ ဖြစ်လာရေးသည် -

က။ ကျွန်ုပ်တို့ ယုံကြည်ခြင်း ခရီးစဉ်၏ ပန်းတိုင် ဖြစ်သည်။

ခ။ ဘုရားသခင်၏ ရည်ရွယ်ချက်ကြီး ဖြစ်သည်။

၂။ ယုံကြည်ခြင်း၌ အမှန်ချမ်းသာသောသူသည်

က။ ဘုရားသခင်ကို ချစ်နေသောသူ၊

ခ။ ဘုရားသခင်၏ ကတိတော်ကို မိမိ၏အသက်သွေးကြောအဖြစ် အမှီပြုသောသူ ဖြစ်သည်။

၃။ ဤယုံကြည်ခြင်းပန်းတိုင်သို့ ဦးတည်၍ အရောက်သွားကြပါစို့။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၁၇)

## ဓမ္မအသိ၊ ဓမ္မသတိနှင့် အချင်းချင်း ပေါင်းသင်းဆက်ဆံခြင်း

*သင်တို့သည် ဆင်းရဲသောသူကို မထီမဲ့မြင်ပြုကြသည် တကား။ ငွေရတတ်သောသူတို့သည် သင်တို့ကို ညှဉ်းဆဲ နှိပ်စက်ကြသည် မဟုတ်လော။ တရားပလ္လင်ရှေ့သို့ ဆွဲငင်ကြသည်မဟုတ်လော။ သင်တို့ကို သမုတ်သော နာမတော်မြတ်ကို သူတို့သည် ကဲ့ရဲ့ကြသည်မဟုတ်လော။*
*(ယာကုပ် ၂း၆-၇)*

***သင်တို့က ဆင်းရဲသောသူတို့အပေါ် ပြုသောအမှု***

၁။ 'သင်တို့' သည်
- က။ ယုံကြည်သူ ခရစ်ယာန်များ၊
- ခ။ ယာကုပ်၏ စာဖတ်ပရိသတ်များ ကိုရည်ညွှန်းသည်။

၂။ 'ဆင်းရဲသောသူ' သည် -
- က။ လောကီ စည်းစိမ်၌ မရှိဆင်းရဲသောသူ၊
- ခ။ ငွေမရတတ်သောသူ ကိုရည်ညွှန်းသည်။

၃။ ယုံကြည်သူများသည် မိမိတို့ဝန်းကျင်တွင်ရှိသော မရှိဆင်းရဲသားများကို မည်သို့ ဆက်ဆံကြသနည်း။
- က။ မထီမဲ့မြင် ပြုကြသည်။
- ခ။ အရှက်ကွဲစေကြသည်။
- ဂ။ ဂရိ- atimazo သည် အထက်က ဖော်ပြထားသော အဓိပ္ပာယ် နှစ်မျိုးစလုံး ရှိသည်။

၄။ အကျွန်ုပ်တို့ ဝန်းကျင်၌ရှိသော မရှိဆင်းရဲသားများကို (မိမိထက်ဆင်းရဲသောသူများကို) အရှက်မခွဲမိစေရန် ဓမ္မအသိ၊ ဓမ္မသတိနှင့် ဆက်ဆံကြစို့။

## ***ချမ်းသာသောသူတို့က သင်တို့အပေါ် ပြုသောအမှု***

၁။ 'ငွေရတတ်သောသူတို့' သည်

က။ ချမ်းသာသောသူများ၊

ခ။ စည်းစိမ်ကြွယ်ဝသောသူများ၊ ကိုရည်ညွှန်းသည်။

၂။ ချမ်းသာသောသူတို့သည် ခရစ်ယာန်ယုံကြည်သူများကို မည်သို့ ဆက်ဆံကြသနည်း။

က။ ညှဉ်းပမ်းနှိပ်စက် (ဂရိ- katadunasteuo) သည် -

- ကြမ်းတမ်းစွာ အုပ်ချုပ်သည်၊
- အနိုင်ကျင့်သည်၊
- ဖိနှိပ်၍ ဆက်ဆံသည်၊ စသည်တို့ဖြစ်သည်။

ခ။ တရားပလ္လင်ရှေ့သို့ ဆွဲခေါ်(ဂရိ- helko) သည် -

- တရွတ်တိုက်ဆွဲသည်၊
- အတင်းအဓမ္မ သွေးဆောင်သည် စသည်တို့ဖြစ်သည်။ ထို့ကြောင့် 'ကြမ်းတမ်းစွာ အနိုင်အထက်ပြုသည်' ဟု ပြန်ဆိုနိုင်သည်။

## ***ချမ်းသာသောသူတို့ (ထပ်၍ သတိမမူဘဲ) ကျူးလွန်သောအမှု***

၁။ ဘုရားသခင်၏ နာမတော်ကို ကဲ့ရဲ့ (ဂရိ-blashphemeo) ကြသည်။

၂။ ချမ်းသာသောသူတို့က ဘုရားသခင်၏ နာမတော်ကို မည်သို့ စော်ကားမိကြသနည်း။

က။ ယုံကြည်သောသူများသည် -

- ဘုရားသခင်ပိုင်ထိုက်သော ဘဏ္ဍာတော်၊
- မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊
- သန့်ရှင်းသောလူမျိုး (ထွက် ၁၉း၅-၆)၊
- သခင်ခရစ်တော်၏အသင်း (မဿဲ ၁၆း၁၈)၊
- ဘုရားသခင်ရွေးချယ်တော်မူသော အမျိုး၊
- ဘုရားသခင်ပိုင်ထိုက်သော အပေါင်းအသင်း၊
- ဘုရားသခင်ထံတော်မှ ကရုဏာနှင့်ကျေးဇူးတော်ကို ခံရသောအမျိုး (၁ပေး ၂း၉-၁၀) စသည်တို့ ဖြစ်ကြသည်။

ခ။ ယုံကြည်သောသူတို့ကို
- ခရစ်ယာန်များ (ခရစ်တော်၏တပည့်များ)
(တမန် ၁၁း၂၆၊ ၂၆း၂၈၊ ၁ပေ ၄း၁၆)
- လမ်းတော်ကို လိုက်သောသူများ
(တမန် ၂၂း၄-၅၊ ယှဉ်ဖတ်- ယောဟန် ၁၄း၆)
- နာဇရက်ဘာသာဝင်များ
(တမန် ၂၄း၅၊ ယှဉ်ဖတ်- မဿဲ ၂း၂၃) စသောအမည်
နာမများဖြင့် သမုတ်ကြသည်။

ဂ။ 'သင်တို့ကို သမုတ်သော နာမတော်မြတ်' သည် -
- ဘုရားသခင်၏ နာမတော်၊
- သခင်ဘုရား (သခင်ခရစ်တော်)၏ နာမတော် ဖြစ်သည်။
ယုံကြည်သူတို့သည် ထိုနာမတော်မြတ်ဖြင့် ခေါ်ဝေါ်သမုတ်ခြင်းကို ခံကြရသည်။

ဃ။ ချမ်းသာသောသူတို့သည် ယုံကြည်သူများကို ကဲ့ရဲ့ခြင်းဖြင့် ဘုရားသခင်၏နာမတော်မြတ်ကို ပုတ်ခတ်ပြောဆိုရာ ရောက်စေသည်။
ဘုရားသခင်၏ အမည်နာမတော်ကို စော်ကားခြင်း၊ ပုတ်ခတ်ပြောဆိုခြင်း၊ မထီမဲ့မြင်ပြုခြင်းသည် ကြီးလေးသောအပြစ် ဖြစ်သည်။

၃။ အကျွန်ုပ်တို့သည် အချင်းချင်းဆက်ဆံခြင်းအမှု၌ ဘုရားသခင်၏နာမတော်မြတ်ကို မထီမဲ့မြင် မပြုမိစေရန် သတိဝီရိယဖြင့် မိမိကိုယ်ကို စောင့်ထိန်းကြပါစို့။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၁၈)

## ရွှေပညတ်တော်ကို စောင့်ရှောက်ခြင်း (၁)

***ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ဟု ကျမ်းစာ၌ပါသော ရွှေပညတ်တော်ကို သင်တို့သည် စောင့်ရှောက်လျှင်၊ ကောင်းသောအကျင့်ကို ကျင့်ရာသို့ ရောက်ကြ၏။ သို့မဟုတ် လူမျက်နှာကိုထောက်လျှင်၊ ဒုစရိုက်ကိုပြုသောသူဖြစ်ကြ၏။ တရားကိုလွန်ကျူးသော သူဟု ပညတ်တော်အားဖြင့် ထင်ရှားစွာဖြစ်ကြ၏။***

***(ယာကုပ် ၂း၈-၉)***

***ရွှေပညတ်တော်ကို စောင့်ရှောက်ခြင်း***

၁။ 'ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့' သည်ရွှေပညတ်တော် ဖြစ်သည်။

က။ သခင်ခရစ်တော်ကိုယ်တိုင်၏ သွန်သင်ချက်ဖြစ်သည်။ (မဿဲ ၁၂း၃၁)

ခ။ တမန်တော်ပေါလုကိုယ်တိုင်လည်း ဆက်လက်ဆုပ်ကိုင်ထားသော ပညတ်ဖြစ်သည်။ (ဂလာတိ ၅း၁၄)

ဂ။ ဤပညတ်သည် ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့၏ အချုပ်အခြာ ဖြစ်သည်။ (မဿဲ ၇း၁၂)

ဃ။ ဤပညတ်ကို ခရစ်တော်၏ပညတ်ဟုလည်း သိမှတ်ကြသည်။ (ဂလာတိ ၆း၂)

၂။ ထိုရွှေပညတ်တော်ကို မည်သို့ စောင့်ရှောက်ရမည်နည်း။

က။ စောင့်ရှောက် (ဂရိ-teleo) သည် -

- အကောင်အထည် ဖော်သည်၊
- အဆုံးထိ ဆောင်ရွက်သည်၊
- ပြီးမြောက်စုံလင်စေသည် စသည်တို့ဖြစ်သည်။

ခ။ ထို့ကြောင့် ယုံကြည်သူတို့သည် ဤရွှေပညတ်တော်ကို မိမိတို့အသက်
တာနှင့် အမှုတော်မြတ်၌ လက်တွေ့ပြည့်စုံစေရမည် ဖြစ်သည်။

၃။ ရွှေပညတ်တော်ကို ထိုသို့ စောင့်ရှောက်ခြင်းသည် ကောင်းသောအကျင့်
ကို ကျင့်ရာရောက်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် ဤပညတ်ကို
လက်တွေ့ဖော်ဆောင်ခြင်းထက်သာ၍ ကောင်းသောအကျင့် မရှိပါ။

## *လူမျက်နှာကိုထောက်သော အကျင့်*

၁။ ရွှေပညတ်တော်နှင့် လုံးဝဆန့်ကျင်ဘက်သည် မုန်းတီးခြင်း မဟုတ်၊
လူ့မျက်နှာထောက်ခြင်း ပင်ဖြစ်သည်။

၂။ လူမျက်နှာထောက်ခြင်းသည် ဒုစရိုက်ဖြစ်သည်။

က။ သူတစ်ပါးကို မထီမဲ့မြင်ပြုခြင်း။

ခ။ မတူမတန် ဆက်ဆံခြင်း။

ဂ။ ဘုရားသခင်၏နာမတော်ကို ပြစ်မှားခြင်းလည်း ဖြစ်သည်။
(ယာကုပ် ၂း၇)

၃။ လူမျက်နှာထောက်ခြင်းဖြင့် မည်သို့ တရားကိုလွန်ကျူးနိုင်သနည်း။

က။ မမှန်သောသက်သေကို ခံခြင်းဖြင့်လည်းကောင်း၊ (ထွက် ၂၀း၂-၁၇)

ခ။ မိမိအပေါ်၌ မပြုစေလိုသောအရာများကို သူတစ်ပါးအပေါ်၌ ပြုခြင်း
ဖြင့်လည်းကောင်း (မဿဲ ၇း၁၂) တရားကို ချိုးဖောက်ကြသည်။

၄။ ထို့ကြောင့် လူမျက်နှာထောက်သောသူသည် တရားကို လွန်ကျူးသောသူ
ဖြစ်ကြောင်း ပညတ်အားဖြင့် ထင်ရှားသည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၁၉)

## ရွှေပညတ်တော်ကို စောင့်ရှောက်ခြင်း (၂)

***အဘယ်သို့နည်းဟူမူကား၊ ပညတ်တရားအလုံးစုံကို စောင့်ရှောက်သည်တွင် တစုံတခု၌မှားမိလျှင်၊ ပညတ်တရားအလုံးစုံကို လွန်ကျူးသောအပြစ်ရှိ၏။ သူ့မယားကို မပြစ်မှားနှင့်ဟု ပညတ်တော်မူသောသူက၊ လူ့အသက်ကိုမသတ်နှင့်ဟု ပညတ်တော်မူသေး၏။ သို့ဖြစ်၍ သင်သည်သူ့မယားကို မပြစ်မှားဘဲနေ သော်လည်း၊ လူ့အသက်ကိုသတ်လျှင်၊ ပညတ်တရားကို လွန်ကျူးသောသူ ဖြစ်၏။***

***(ယာကုပ် ၂း၁၀-၁၁)***

***အဘယ်သို့နည်းဟူမူကား***

၁။ ဤစကားဆက်သည် အထက်က (၂း၉) တွင်ဖော်ပြထားသော တရားလွန်ကျူးခြင်းကို ထပ်၍ ရှင်းလင်းသောအကြောင်းပြဖြစ်သည်။

၂။ ရွှေပညတ်တော်ကို မစောင့်ရှောက်ဘဲ၊ လူမျက်နှာထောက်ခြင်းသည်

က။ ဒုစရိုက်အပြစ် ဖြစ်သည်။

ခ။ တရားကို လွန်ကျူးခြင်း ဖြစ်သည်။ (ယာကုပ် ၂း၈-၉)

၃။ ထိုသို့ ဖြစ်ရခြင်းအကြောင်းရင်းမှာ-

က။ တစုံတခုသောပညတ်ချက်ကို ချိုးဖောက်ခြင်းသည် ပညတ်တရားအလုံးစုံကို လွန်ကျူးသောအပြစ် ဖြစ်သည်။

ခ။ ပညတ်ချက်များကို တစ်ခုမကျန် အကုန်အစင် လိုက်နာနိုင်မှ ပညတ်တရားကို စောင့်ရှောက်ရာ ရောက်သည်။ အကယ်စင်စစ် မည်သူမှ ထိုသို့ မတတ်နိုင်။

**အကြောင်းရင်းအမှန်**

၁။ ပညတ်တော်ကို ပေးသနားတော်မူသောသူသည် ဘုရားသခင်တစ်ပါး
တည်း ဖြစ်သည်။

၂။ သူ့မယားကို မပြစ်မှားရ နှင့် လူအသက်ကိုမသတ်ရ ဟူသောပညတ်ချက်
တို့သည် ထာဝရဘုရားသခင်တစ်ပါးတည်းမှ ပေးသနားတော်မူသည်။

၃။ သူ့မယားကို မပြစ်မှားသော်လည်း၊ လူအသက်ကိုသတ်သောသူသည်

က။ ဘုရားသခင်၏ ပညတ်ချက်တစ်ခုလုံးကို ချိုးဖောက်သောသူ၊

ခ။ ပညတ်တရားအလုံးစုံကို မစောင့်ရှောက်သောသူ၊

ဂ။ ပညတ်တော်ရှင် ဘုရားသခင်ကိုပင် မနာခံသောသူ၊

ဃ။ ပညတ်တရားကို ကျူးလွန်သောသူ ဖြစ်သည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၂၀)

## ကရုဏာရှိသောသူ

***လွတ်ခြင်းတရားအတိုင်း စီရင်ခြင်းကိုခံရလတ့်သောသူ ကဲ့သို့၊ စကားပြောခြင်း၊ အမှုပြုခြင်းကို စီရင်ကြလော့။ ကရုဏာမရှိသောသူသည် ကရုဏာကိုမရဘဲ၊ တရားစီရင်ခြင်းကိုခံရလိမ့်မည်။ ကရုဏာသည် တရားစီရင်ခြင်းကို အောင်၍ဝါကြွားတတ်၏။***

***(ယာကုပ် ၂း၁၂-၁၃)***

***လွတ်ခြင်းတရား***

၁။ လွတ်ခြင်းတရား (ဂရိ-nomou eleutherias) ဆိုသည်မှာ -

ကား ကျွန်ဘဝမှ လွတ်မြောက်ခြင်းတရား၊

ခ။ ပညတ်တော်၏အောက်၌ ကျွန်ခံရခြင်းမှ လွတ်မြောက်ခြင်းတရားကိုဆိုလိုသည်။ (ယှဉ်ဖတ်- ဂလာတိ ၅း၁-၂)

၂။ သခင်ခရစ်တော်သည် အကျွန်ုပ်တို့ကိုယ်စား လက်ဝါးကပ်တိုင်၌ အသေခံခြင်းဖြင့် -

က။ အပြစ်၏အဖိုးအခကို အကုန်အစင် ဆပ်ပေးသည်။

ခ။ ဘုရားသခင်၏ ပညတ်ချက်များကို တစ်ခုမကျန်စောင့်ရှောက်ပေးသည်။

၃။ ကျွန်ုပ်တို့သည် သခင်ယေရှုခရစ်တော်ကို ယုံကြည်ကိုးစားခြင်းဖြင့်

က။ အပြစ်တရား၏အုပ်စိုးခြင်းမှ လွတ်မြောက်ကြသည်။

ခ။ ပညတ်တရား၏ စိုးမိုးခြင်းမှ လွတ်မြောက်ကြသည်။

### လွှတ်ခြင်းတရားအတိုင်း စီရင်ခြင်းကိုခံရလတ့်သောသူကဲ့သို့. . .

၁။ကျွန်ုပ်တို့သည် ခရစ်တော်၌ တည်သော လွှတ်ခြင်းတရားအတိုင်း

က။ တရားစီရင်ခြင်းကို ခံရမည့်သူဖြစ်ကြသည်။

ခ။ အနာဂတ်၌ တရားစီရင်ခြင်းကို ခံရကြလိမ့်မည်။

ဂ။ ဘုရားသခင်ကိုယ်တိုင် တရားစီရင်မည် ဖြစ်သည်။

၂။ ထို့ကြောင့် ကျွန်ုပ်တို့သည် ထိုလွှတ်ခြင်းတရားနှင့်အညီ

က။ စကားပြောကြရမည်။

ခ။ (အမှုကိစ္စအဝဝကို) ဆောင်ရွက်ကြရမည်။

### ကရုဏာမရှိသောသူသည်. . .

၁။ ကရုဏာ (သနားကြင်နာခြင်း) ရှိခြင်း၊ မရှိခြင်းသည် -

က။ သူတစ်ပါးနှင့် ဆက်ဆံရာ၌လည်းကောင်း၊

ခ။ ပြုသောအမှုတို့၌ လည်းကောင်း၊

ဂ။ ပြောထွက်သောစကား၌လည်းကောင်း ထင်ရှားသည်။

၂။ ကရုဏာမရှိသောသူသည် -

က။ ကရုဏာကို ခံရမည် မဟုတ်။ (ဆာလံ ၁၈း၂၅-၂၆)

ခ။ ကရုဏာမပါဘဲ တရားစီရင်ခြင်း ခံရမည်။

### ကရုဏာသည် တရားစီရင်ခြင်းကို. . .

၁။ ဘုရားသခင်သည် အမျက်ဒေါသဖြင့် အပြစ်သားတို့ကို အဆုံးမစီရင်။

၂။ ဘုရားသခင်သည် မေတ္တာကရုဏာဖြင့် အကျွန်ုပ်တို့ကို ဆက်ဆံတော်မူသည်။ (ဟောရှေ ၁၁း၈-၉)

၃။ ထို့ကြောင့် ကရုဏာသည် တရားစီရင်ခြင်းကို အောင်၍ဝါကြွားတတ်သည်။

က။ အောင်၍ဝါကြွား (ဂရိ- katatauchaomai) သည် ဆန့်ကျင့် (kata) ၍ -

- ဝမ်းမြောက်သည်၊
- ဝါကြွားသည်၊

- ဘုန်းကျက်သရေပွင့်သည် စသည်တို့ဖြစ်သည်။

၁။ ကရုဏာသည် တရားစီရင်ခြင်းကို အောင်၍ -

- ဝမ်းမြောက်သည်။
- ဘုန်းကျက်သရေးပွင့်သည်။

၄။ ထို့ကြောင့် ကရုဏာရှိသောသူသည် တရားစီရင်ခြင်း၌ အောင်၍မျက်နှာရမည် ဖြစ်သည်။ အကြောင်းမှာ ကရုဏာရှိသောသူအပေါ်၌ ဘုရားသခင်က ကရုဏာပြုမည် ဖြစ်သည်။

၅။ ယုံကြည်ခြင်းရတနာကို ရတတ်သောသူသည် 'မေတ္တာခြံုလို့ လုံပါစေ၊ စေတနာဆောင်လို့ အောင်ပါစေ' ဟုဆိုသကဲ့သို့ မေတ္တာကရုဏာကို အစဉ်ဆောင်၍ အောင်နိုင်ကြပါစေကြောင်း။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၂၁)

## နှုတ်အားဖြင့်သာ ထွက်ဆိုသော ယုံကြည်ခြင်း

*ငါ့ညီအစ်ကိုတို့၊ တစုံတယောက်သောသူက၊ ငါသည် ယုံကြည်ခြင်းရှိ၏ဟု ပြောလျက်၊ အကျင့်ကိုမကျင့်ဘဲ နေလျှင် အဘယ်အကျိုးရှိသနည်း။ ထိုယုံကြည်ခြင်းသည် ထိုသူကို ကယ်တင်နိုင်သလော့။ ညီအစ်ကိုနှမတို့သည် အဝတ်အချည်းစည်းရှိ၍၊ နေ့တိုင်းစားရသောအစာမရှိသောအခါ၊ သင်တို့တွင် တစုံတယောက်သောသူက၊ ငြိမ်ဝပ်စွာသွားကြလော့၊ နွေးကြလော့၊ ဝကြလော့ဟု ပြောလျက်၊ သူတို့ကိုယ်နှင့်တော်လျော်သောအသုံးအဆောင်ကို မပေးဘဲနေလျှင် အဘယ်အကျိုးရှိသနည်း။ (ယာကုပ် ၂း၁၄-၁၆)*

### *ယုံကြည်ခြင်းရှိကြောင်း ထွက်ဆိုခြင်း*

၁။ မည်သူမဆို ယုံကြည်ခြင်းရှိသည်ဟု ထွက်ဆိုနိုင်ကြပေသည်။

၂။ လက်တွေ့မပါသော ထွက်ဆိုချက်သည် အချည်းနှီးဖြစ်သည်။

- က။ ယုံကြည်ခြင်းနှင့် စပ်ဆိုင်သောအကျင့်ကို မကျင့်ဘဲ ယုံကြည်ကြောင်း ထွက်ဆိုခြင်း၊
- ခ။ ယုံကြည်ခြင်းရှိသည်ဟု နှုတ်အားဖြင့်သာ အခိုင်အမာ ပြောဆိုနေခြင်းစသည်တို့သည် မည်သည့်အကျိုးမျှ မရှိချေ။

၃။ ထိုသို့သော ယုံကြည်ခြင်းသည် -

- က။ နှုတ်ဖြင့် ထွက်ဆိုနေသောသူကိုယ်တိုင်အား မကယ်တင်နိုင်ပါ။
- ခ။ အဘယ်သူကိုမျှ ကောင်းကျိုး မပေးနိုင်ပါ။
- ဂ။ ကယ်တင်နိုင်သော ယုံကြည်ခြင်းစစ်၊ ယုံကြည်ခြင်းမှန်လည်းမဟုတ်ပါ။

၄။ နှုတ်အားဖြင့်သာ ထွက်ဆိုသော ယုံကြည်ခြင်းသည် မည်သည့်အကျိုးကိုမျှ မပေးနိုင်ပါ။

## လက်တွေ့သာဓက

၁။ ယုံကြည်သူညီအစ်ကိုအတွင်း၌ အဝတ်အစားမရှိသောသူ၊ နေ့တိုင်းစားစရာ မရှိသောသူတို့ကို ငြိမ်ဝပ်စွာနေကြလော့၊ နွေးကြလော့၊ ဝကြလော့ဟု ဆိုရုံနှင့် နွေးကြ၊ ဝကြသည် မဟုတ်။

၂။ ထိုညီအစ်ကိုတို့ကို၊

က။ နွေးကြစေလိုပါက သူတို့နှင့်တော်လျော်သော အဝတ်အစားများကို ပေးရမည်။

ခ။ ဝကြစေလိုပါက သူတို့အဖို့ လုံလောက်သောအစားအစာကိုပေးရမည်။

၃။ လက်တွေ့ဆောင်ရွက်ခြင်းသည်သာ အမှန်အကျိုးပေးမည် ဖြစ်သည်။

၄။ ယုံကြည်ခြင်းနှင့်စပ်လျဉ်းသော အလုပ်သက်သေသည် ယုံကြည်ခြင်းရတနာ ပွားများခြင်းအကြောင်းတရား ဖြစ်သည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၂၂)

## အကျင့်အားဖြင့် ယုံကြည်ခြင်းကို ရုပ်လုံးဖော်ခြင်း

*ထိုနည်းတူ၊ အကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည် တပါးတည်းရှိသောကြောင့် အသေဖြစ်၏။ တနည်းကား၊ သင်သည် ယုံကြည်ခြင်းရှိ၏။ ငါသည်အကျင့်ရှိ၏။ သို့ဖြစ်၍ သင်သည် အကျင့်မရှိဘဲ သင်၏ယုံကြည်ခြင်းကိုပြလော့။ ငါမူကား၊ အကျင့်အားဖြင့် ငါ၏ယုံကြည်ခြင်းကိုပြမည်ဟု ပြောစရာရှိ၏။*

*(ယာကုပ် ၂း၁၇-၁၈)*

***ထိုနည်းတူ. . .***

၁။ 'ထိုနည်းတူ' သည် အထက်က အကြောင်းအရာကို ညွှန်းသည်။

၂။ ယာကုပ် ၂း၁၆ ၌ -

 က။ နှုတ်ဖြင့်သာ ယုံကြည်ကြောင်း ထွက်ဆိုခြင်းသည် မည်သည့်အကျိုးမျှ မရှိ။

ခ။ လက်တွေ့မပါသော ယုံကြည်ခြင်းသည် အကျိုးမရှိ။

၃။ ထိုကဲ့သို့ လုပ်ဆောင်ချက်မပါသော ယုံကြည်ခြင်းသည် အသေဖြစ်သည်။

က။ တစ်ခုတည်းသာ ရှိသည်။

ခ။ မည်သည့်အရာမျှ မဆောင်ရွက်ဘဲ ရှိနေသည်။

ဂ။ ထို့ကြောင့် သေနေသောယုံကြည်ခြင်းဟု ဆိုလိုခြင်းဖြစ်သည်။

***တနည်းကား. . .***

၁။ ယုံကြည်ခြင်းရှိသောသူ -

က။ ထိုသူသည် ယုံကြည်ခြင်းရှိသည်ဟု နှုတ်ဖြင့် ထွက်ဆိုသည်။

ခ။ ထိုသူ၌ ယုံကြည်ခြင်းနှင့်ဆိုင်သော အကျင့် (လက်တွေ့) တခုမျှ မရှိ။

ဂ။ ထိုသူသည် မိမိ၏ယုံကြည်ခြင်းကို အကောင်အထည်အားဖြင့်မပြနိုင်။

၂။ အကျင့်ကျင့်သောသူ -

က။ ထိုသူသည် (ယုံကြည်ခြင်းနှင့်စပ်ဆိုင်သော) အကျင့်ကို လက်တွေ့ကျင့်သည်။

ခ။ ထိုသူ၏အကျင့်တို့သည် ယုံကြည်ခြင်း၏အသီးအပွင့်များဖြစ်ကြသည်။

ဂ။ ထိုသူသည် မိမိ၏ယုံကြည်ခြင်းကို အလုပ်(အကျင့်)အားဖြင့် ရုပ်လုံးဖော်ပြနေသည်။

၃။ အကျင့် (လက်တွေ့) မပါသော ယုံကြည်ခြင်းသည် -

က။ အသီးမသီးသော ယုံကြည်ခြင်းဖြစ်သည်။

ခ။ သက်သေပြ၍ မရသော ယုံကြည်ခြင်းဖြစ်သည်။

ဂ။ မိမိဘာသာ တစ်ခုတည်း ရပ်တည်နေသော ယုံကြည်ခြင်းဖြစ်သည်။

ဃ။ နှုတ်အားဖြင့်သာ ထွက်ဆိုသော ယုံကြည်ခြင်းဖြစ်သည်။

င။ လေထဲလွင့်၍ ခြေရာပျောက်နေသော ယုံကြည်ခြင်းဖြစ်သည်။

စ။ အသက်မပါသော၊ သေနေသော ယုံကြည်ခြင်းဖြစ်သည်။

ဆ။ လူတစ်ဦး၏ စိတ်ကူးခံစားချက်မျှသာ ဖြစ်သည်။

## *စိန်ခေါ်ချက်*

၁။ မိမိတို့တစ်ဦးချင်း၏ ယုံကြည်ခြင်းကို စစ်ဆေးကြပါစို့။

၂။ စစ်မှန်သော၊ အသက်ပါသော ယုံကြည်ခြင်းသည် -

က။ စိတ်ကူးစိတ်သန်းလေးများ မဟုတ်။

ခ။ ခံစားမှုမျှသာ မဟုတ်။

ဂ။ နားလည်သဘောပေါက်ခြင်းသက်သက်လည်း မဟုတ်။

ဃ။ သဘောတူ လက်ခံခြင်းတည်းသာ မဟုတ်။

၃။ မှန်သော ယုံကြည်ခြင်းသည် လက်တွေ့ဆောင်ရွက်ခြင်းဖြင့်သာ အသက်ဝင်သည်။

၄။ မိမိတို့၏ ယုံကြည်ခြင်းကို အကျင့်အားဖြင့် ရုပ်လုံးဖော်ကြပါစို့။

ဤသည်ကား ယုံကြည်ခြင်းရတနာ ရယူပိုင်ဆိုင်ရာလမ်းဖြစ်သည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၂၃)

## စစ်မှန်သော ယုံကြည်ခြင်း

*ဘုရားသခင်တဆူတည်းရှိသည်ဟု သင်သည်ယုံ၏။ ကောင်းပေ၏။ နတ်ဆိုးတို့သည် ယုံ၍ ကြောက်ရွံ့ တုန်လှုပ်ကြ၏။ လျှပ်ပေါ်သောလူ၊ အကျင့်နှင့်ကင်း သောယုံကြည်ခြင်းသည် အသေဖြစ်သည်ကို သိချင်သ လော။- ငါတို့အဘအာဗြဟံသည်၊ မိမိသားဣဇာက် ကို ယဇ်ပလ္လင်ပေါ်မှာတင်လှူပူဇော်သေအခါ၊ အကျင့် အားဖြင့် ဖြောင့်မတ်ရာသို့ရောက်သည် မဟုတ်လော့။*
*(ယာကုပ် ၂း၁၉-၂၁)*

***မမှန်သော ယုံကြည်ခြင်း***

၁။ နတ်ဆိုးတို့၏ ယုံကြည်ခြင်းသည် မမှန်သော ယုံကြည်ခြင်းဖြစ်သည်။

၂။ နတ်ဆိုးတို့သည် -

- က။ ဘုရားသခင် တည်ရှိကြောင်း ယုံကြည်ကြသည်။
- ခ။ ဘုရားသခင်သည် တစ်ဆူတည်းဖြစ်သည်ကိုလည်း ယုံကြည်ကြသည်။
- ဂ။ သို့သော် ဘုရားသခင်၏ အလိုတော်အတိုင်း ကျင့်ကြံအားထုတ်ခြင်း မရှိကြပါ။
- ဃ။ ထို့ကြောင့် ဘုရားသခင်ကို ကြောက်ရွံ့တုန်လှုပ်နေကြရသည်။

၃။ ကြောက်ရွံ့တုန်လှုပ် (ဂရိ-phrisso) သည် -

- က။ (အပြစ်ကျူးလွန်သောကြောင့်) စိုးရိမ်တုန်လှုပ်သည်၊
- ခ။ (ချစ်ခင်လေးစားခြင်း မရှိဘဲ)ကြောက်ရွံ့သည် စသည်တို့ဖြစ်သည်။

၄။ နတ်ဆိုးတို့သည် ဘုရားသခင်နှင့်ဆန့်ကျင့်ဘက်ဖြစ်နေကြသည်ကို သိကြ လျက် ကြောက်ရွံ့တုန်လှုပ်နေကြသည်။

၅။ စိတ်အတွင်း၌ အမှန်လက်ခံယုံကြည်သော်လည်း၊ အကျင့်အားဖြင့် ဖော်ပြခြင်း မရှိသော ယုံကြည်ခြင်းသည် နတ်ဆိုးတို့၏ ယုံကြည်ခြင်းမျှသာ ဖြစ်သည်။

## *စစ်မှန်သော ယုံကြည်ခြင်း*

၁။ အဘအာပြဟံ၏ ယုံကြည်ခြင်းသည် စစ်မှန်သော ယုံကြည်ခြင်းဖြစ်သည်။

၂။ အဘအာပြဟံသည် -

က။ ဘုရားသခင်တည်ရှိကြောင်းကို ယုံကြည်သည်။

ခ။ ဘုရားသခင်သည် တစ်ဆူတည်း ဖြစ်သည်ကိုလည်း ယုံကြည်သည်။

ဂ။ သို့ဖြစ်၍၊ ဘုရားသခင် စေခိုင်းသည့်အတိုင်း မိမိ၏သား ဣဇာက်ကို တင်လှူပူဇော်သည်။

ဃ။ ထို့ကြောင့်၊ ဘုရားသခင်သည် သူ့ကို ဖြောင့်မတ်ရာ၌ တည်စေတော်မူသည်။ ကမ္ဘာဦးကျမ်း ၂၂း၁၆-၁၈၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

*သင်သည် ဤ အမှုကိုပြု၍ သင်၏သား၊ သင်၌တစ်ယောက်သောသားကို၊ ငါ့အား မငြင်းသောကြောင့်၊ ငါသည် သင့်အား အစဉ်အမြဲကောင်းချီးပေးမည်။ သင်၏မျိုးနွယ်သည် ရန်သူတို့၏ မြို့တံခါးများကို အစိုးရလိမ့်မည်။ သင်၏မျိုးနွယ်အားဖြင့် လူမျိုးအပေါင်းတို့ သည် ကောင်းချီးမင်္ဂလာကို ခံရကြလိမ့်မည်ဟု ငါ၏စကားကို သင်နားထောင်သောကြောင့်၊ ငါသည် မိမိကိုယ်ကိုတိုင်တည်၍ ကျိန်ဆို၏ဟု ထာဝရဘုရား၏ အမိန့်တော်ကို ဆင့်ဆိုလေ၏။*

၃။ အာပြဟံသည် ဘုရားသခင်ထာဝရဘုရားကို ယုံကြည်သည့်အတိုင်း ကျင့်ကြံအားထုတ်သည်။

၄။ အာပြဟံသည် ဘုရားသခင်၏စကားကို နားထောင်၍ အကောင်အထည်ဖော်သောသူဖြစ်သည်။

### ***အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ခြင်း***

၁။ ဤ 'အကျင့်' သည် -

က။ 'ယုံကြည်သည့်အတိုင်း လက်တွေ့ဆောင်ရွက်ခြင်း' ကို ဆိုလိုသည်။

ခ။ 'ဘုရားသခင်၏ စကားကို နားထောင်၍ လိုက်လျှောက်ခြင်း' ကိုဆိုလိုသည်။

ဂ။ နတ်ဆိုးတို့၏ ယုံကြည်ခြင်းမျိုးမဟုတ်ဘဲ၊ 'အာဗြဟံ၏ယုံကြည်ခြင်း' မျိုးကို ဆိုလိုသည်။

ဃ။ 'ယုံကြည်ခြင်းအကျင့်' ဟုဆိုရပေမည်။

၂။ ထိုသို့သော (ယုံကြည်ခြင်းမှ ပေါက်ဖွားလာသော) အကျင့်သည် ယုံကြည်ခြင်းတရားနှင့် တညီတည်းဖြစ်သည်။ (ရောမ ၃း၂၇)

၃။ ဘုရားသခင်သည် -

က။ သူ၏ ခေါ်သွင်းတော်မူခြင်းအမှု၌ ယုံကြည်ခြင်းဖြင့် တုံ့ပြန်သောသူတို့ကိုသာ ရွေးချယ်တော်မူသည်။ (မဿဲ ၂၂း၁၄)

ခ။ သူရွေးချယ်တော်မူသောသူတို့ကို ဖြောင့်မတ်စေတော်မူသည်။ (ရောမ ၈း၃၀)

၄။ အာဗြဟံကဲ့သို့ ယုံကြည်၍ ကျင့်သောသူတို့သည် ဖြောင့်မတ်ရာသို့ ရောက်ကြမည် ဖြစ်သည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၂၄)

## အကျင့်နှင့်အစဉ်ပူးတွဲ၍ ထင်ရှားသော ယုံကြည်ခြင်း

*ယုံကြည်ခြင်းသည် အကျင့်နှင့်အတူပြုပြင်၍၊ အကျင့်အားဖြင့် စုံလင်သည်ကို သိမြင်ရ၏။ အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်သည်ဖြစ်၍၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်း ကဲ့သို့ မှတ်တော်မူ၏ ဟူသောကျမ်းစကားပြည့်စုံလေ၏။ အာဗြဟံသည်လည်း၊ ဘုရားသခင်၏အဆွေဟူ၍ ခေါ်ဝေါ်ခြင်းကို ခံရ၏။ လူသည် ယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်မတ်ရာသို့ရောက်သည်မဟုတ်၊ အကျင့်အားဖြင့်ရောက်သည်ကို သင်တို့သိမြင်ရကြ၏။*
*(ယာကုပ် ၂း၂၂-၂၄)*

***ယုံကြည်ခြင်းသည် အကျင့်နှင့်အတူပြုပြင်၍ . . .***

၁။ ယုံကြည်ခြင်းသည် အကျင့်နှင့်အတူ အလုပ်လုပ်သည်။
- က။ ပြုပြင် (ဂရိ-sunergeo) သည် -
  - အတူလုပ်ဆောင်သည်၊
  - အတူတကွ ဆောင်ရွက်သည်၊
  - ပူးတွဲ၍ ဆောင်ရွက်သည် စသည်တို့ဖြစ်သည်။
- ခ။ ယုံကြည်ခြင်းသည် အကျင့်နှင့်ပူးတွဲ၍ အလုပ်လုပ်ကြသည်။

၂။ တစ်နည်းအားဖြင့်ဆိုသော် ယုံကြည်ခြင်းသည် အကျင့်အားဖြင့်စုံလင်သည်။
- က။ စုံလင် (ဂရိ-teleioo) သည် -
  - ရင့်ကျက်ပြည့်စုံသည်၊
  - ပြီးမြောက်စုံလင်သည် စသည်တို့ဖြစ်သည်။
- ခ။ ယုံကြည်ခြင်းသည် အကျင့်အားဖြင့် ပြီးမြောက်စုံလင်သည်။

ဂ။ ယုံကြည်ခြင်းသည် အကျင့်အားဖြင့် ရင့်ကျင့်ပြည့်စုံသည်။
၃။ ယုံကြည်ခြင်း မှန်လျှင် အကျင့်နှင့်ပူးတွဲ၍ ထင်ရှား စမြဲဖြစ်သည်။
ဤသည်ကား ယုံကြည်ခြင်း၏ သဘောသဘာဝ ဖြစ်သည်။
၅။ ယာကုပ်၏မြွေအမြင်အရ 'ယုံကြည်ခြင်းသည် အကျင့်၊ အကျင့်သည် ယုံကြည်ခြင်း' ဟု ဆိုရပေမည်။

## *အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်သည်ဖြစ်၍. . .*

၁။ ကမ္ဘာဦးကျမ်း ၁၅း၆ ၌ ဘုရားသခင်သည် အာဗြဟံ၏ ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏ ဟုဖော်ပြထားသည်။

က။ အာဗြဟံသည် ဘုရားသခင်၏စကားဖြစ်သော

- လူမျိုးကြီးဖြစ်စေမည်၊
- သူ၏နာမကို ကြီးမြတ်စေမည်၊
- ကောင်းချီးခံရသောသူ ဖြစ်စေမည်၊
- သူ့အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကို ခံရကြမည် စသည်တို့ကို ယုံကြည်သည်။ (ကမ္ဘာ ၁၂)

ခ။ အာဗြဟံသည် ဘုရားသခင်၏စကားကို ယုံကြည်သောကြောင့်

- အဘယ်အရပ်သို့သွားသည်ကို ကိုယ်တိုင်မသိဘဲ ထွက်သွားခဲ့သည်။ (ဟေဗြဲ ၁၁း၈)
- သောဒုံမင်းထံမှ ဥစ္စာလက်ဆောင်များကို ငြင်းပယ်ခဲ့သည်။ (ကမ္ဘာ ၁၄း၂၁-၂၄)

၂။ အာဗြဟံ၏ ယုံကြည်ခြင်းသည် အကျင့်နှင့်ပူးတွဲ၍ အစဉ်ထင်ရှားသည်။
ဥပမာအားဖြင့်၊ အာဗြဟံ၏ ယုံကြည်ခြင်းသည် -

က။ သားဣရှမေလကို မွေးပြီး ဆယ့်သုံးနှစ်ကြာပြီးနောက် အနန္တတန်ခိုးရှင် ဘုရားသခင်ရှေ့၌ စုံလင်စွာ အသက်ရှင်ခြင်းဖြင့်ထင်ရှားသည်။ (ကမ္ဘာ၁၇း၁)

ခ။ ဘုရားသခင်၏ပဋိညာဉ်ကို စောင့်ရှောက်သောအနေဖြင့် အရေဖျားလှီးမင်္ဂလာကို နေ့ချင်းညချင်း ခံယူခြင်းဖြင့် ထင်ရှားသည်။ (ကမ္ဘာ ၁၇း၂၃-၂၇)

ဂ။ ဧည့်သည်သုံးဦးကို ခရီးဦးကြိုပြုရာ၌လည်းကောင်း။(ကမ္ဘာ ၁၈း ၁-၈) ထာဝရဘုရားရှေ့တော်၌ သောဒုံမြို့နှင့် ဂေါမောရမြို့တို့အတွက် ကိုယ်စားဆုတောင်းခြင်း၌ လည်းကောင်း( ကမ္ဘာ ၁၈း၂၂-၃၃) စသည်တို့၌ ထင်ရှားသည်။

ဃ။ သားဣဇာက်ကို မီးရှို့ပူဇော်ခြင်း အမှုအရာမှာ ထင်ရှားသောအမှုဖြစ်ခဲ့သည်။ (ကမ္ဘာ ၂၂း၉-၁၂)

၃။ ထို့ကြောင့် သူ၏ယုံကြည်ခြင်း (အကျင့်နှင့်ယှဉ်၍ ထင်ရှားသော ယုံကြည်ခြင်း) ကို ဘုရားသခင်သည် ဖြောင့်မတ်ခြင်းဟု မှတ်တော်မူသည်။

၄။ ထိုအကြောင်းကြောင့် အာဗြဟံသည် ဘုရားသခင်က အဆွေဟု ခေါ်ဝေါ်ခြင်းကို ခံရသည်။ (ဟေရှာယ ၄၁း၈)

## *လူသည်. . . အကျင့်အားဖြင့်ဖြောင့်မတ်ရာသို့ ရောက်သည်ကို သင်တို့သိမြင်ရကြ၏*

၁။ ဘုရားသခင်ပေးသနားတော်မူသော ဖြောင့်မတ်ခြင်းကို အဘယ်သို့ ရရှိနိုင်သနည်း။

က။ အကျင့်ပါသော ယုံကြည်ခြင်းအားဖြင့်။ (ယာကုပ် ၂း၂၀)

ခ။ အကျင့်နှင့်အစဉ် ပူးတွဲ၍ ထင်ရှားသော ယုံကြည်ခြင်းအားဖြင့်၊ (ယာကုပ် ၂း၂၂)

ဂ။ ယုံကြည်သောကြောင့်ပြုသော အကျင့်အားဖြင့် (ကမ္ဘာ ၁၂း၃-၄၊ ဟေဗြဲ ၁၁း၈) လူသည် ဖြောင့်မတ်ခြင်းသို့ ရောက်ရှိနိုင်သည်။

၂။ 'ယုံကြည်ခြင်းအားဖြင့်သာ' သည် -

က။ အကျင့်မပါသော ယုံကြည်ခြင်း (ဝါ) တစ်ပါးတည်းရှိသော ယုံကြည်ခြင်း၊ (ယာကုပ် ၂း၁၇)

ခ။ လက်တွေ့ဆောင်ရွက်ခြင်းမရှိသော ယုံကြည်ခြင်း (ဝါ) နတ်ဆိုးတို့၏ ယုံကြည်ခြင်းမျိုး ၊ (ယာကုပ် ၂း၁၉-၂၀)

ဂ။ အကျင့်နှင့်ပူးတွဲ ထင်ရှားခြင်း မရှိသောယုံကြည်ခြင်း(ယာကုပ် ၂း၂၂)

ဃ။ နှုတ်အားဖြင့်သာ ယုံကြည်သည်ဟု ထွက်ဆိုသော ယုံကြည်ခြင်း (၂း၁၅-၁၇) စသည်တို့ကို ဆိုလိုသည်။ ဤသို့သော ယုံကြည်ခြင်းဖြင့် အဘယ်သူမျှ ဘုရားသခင်ရှေ့၌ ဖြောင့်မတ်သည်ဟု မရှိနိုင်ချေ။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၂၅)

## ယာကုပ်၏ ဓမ္မအဆို

***ထိုနည်းတူ၊ ပြည်တန်ဆာရာခပ်သည်၊ တမန်တို့ကိုလက်ခံပြီးမှ အခြားသောလမ်းဖြင့် လွှတ်လိုက်၍၊ အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်သည်မဟုတ်လော။ ဝိညာဉ်နှင့် ကင်းသောကိုယ်သည် အသေဖြစ်သကဲ့သို့၊ အကျင့်နှင့် ကင်းသောယုံကြည်ခြင်းသည် အသေဖြစ်၏။***
***(ယာကုပ် ၂း၂၅-၂၆)***

***ထိုနည်းတူ. . .***

၁။ အာဗြဟံ၏ ပုံသက်သေကို ရည်ညွှန်းသော အချက်ဖြစ်သည်။
(ယာကုပ် ၂း၂၂-၂၄)

က။ ဘုရားသခင်သည် အာဗြဟံ၏ ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်ပေးတော်မူသည်။

ခ။ အာဗြဟံသည် အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်သည်။

ဂ။ အကြောင်းမှာ- အာဗြဟံသည်

- မိမိ၏ယုံကြည်ခြင်းကို အကျင့်အားဖြင့် ဖော်ပြသည်။
- အကျင့်အားဖြင့် မိမိ၏ယုံကြည်ခြင်းကို ပြည့်စုံရင့်ကျက်စေသည်။

၂။ ယုံကြည်ခြင်းနှင့် အကျင့်တို့သည် ငွေအကြွေစေ့၏ ခေါင်းနှင့်ပန်း ကဲ့သို့ ဖြစ်ကြသည်။

၃။ ထိုနည်းတူ ပြည်တန်ဆာရာခပ်သည်လည်း အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်သည်။

## *ရာခပ်၏အကျင့် (ဝါ) ယုံကြည်သက်ဝင်မှု*

၁။ တမန်တို့ကို လက်ခံခဲ့သည်။
၂။ တမန်တို့ကို အခြားသောလမ်းမှ ထွက်သွားစေခဲ့သည်။
၃။ တမန်တို့ လွတ်နိုင်အောင် မစခဲ့သည်။
၄။ အကြောင်းရင်းမှာ-

က။ ရာခပ်သည် ဘုရားသခင်ကို ယုံကြည်သည်။ (ယောရှေ ၂း၉-၁၁)

ခ။ အထက်က (၁-၂-၃) တို့ကို ယုံကြည်ခြင်းဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ (ဟေဗြဲ ၁၁း၃၁)

၅။ ရာခပ်၏အကျင့်သည် သူမ ယုံကြည်ခြင်း၏ အခြားတစ်ဖက် ဖြစ်သည်။
၆။ ရာခပ်သည် ယုံကြည်ခြင်းအကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်သည်ဟု ဆိုရပေမည်။

## *ဝိညာဉ်နှင့်ကင်းသောကိုယ်သည်. . .*

၁။ ဝိညာဉ်နှင့်ကင်းသောကိုယ်သည် အသေဖြစ်သကဲ့သို့ အကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည် အသေဖြစ်သည်။

က။ သဘာဝကျသော နိယာမ ဖြစ်သည်။

ခ။ ယုတ္တိတန်သော နိယာမ ဖြစ်သည်။

ဂ။ ယာကုပ်၏ 'ဓမ္မအဆို' (Theological A_iom) ဖြစ်သည်။

၂။ အကျင့်နှင့် ကင်းသောယုံကြည်ခြင်းသည် အသေဖြစ်သကဲ့သို့ ယုံကြည်ခြင်းနှင့် ကင်းသောအကျင့်သည် အယောင်ဆောင်ခြင်း သက်သက်သာဖြစ်သည်။
၃။ ယုံကြည်ခြင်းနှင့်ကင်းသော အကျင့်(သီလ) နှင့် အကျင့်နှင့်ကင်းသော ယုံကြည်ခြင်း နှစ်မျိုးစလုံးတို့ကို လုံး၀ (လုံး၀) ရှောင်ကြဉ်ရမည်ဖြစ်သည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၂၆)

## နှုတ်ထွက်စကား၌ မမှားသောသူ

*ငါ့ညီအစ်ကိုတို့၊ ငါတို့သည် သာ၍ ကျပ်တည်းသော စစ်ကြောစီရင်ခြင်းကို ခံရမည်ဟု သင်တို့သိ၍ အများသောဆရာမဖြစ်ကြနှင့်။-ငါတို့ရှိသမျှသည် အများသောအားဖြင့် မှားတတ်ကြ၏။ စကားအားဖြင့်မှားခြင်း မရှိသောသူမည်ကား၊ စုံလင်သောသူဖြစ်၏။ မိမိကိုယ်တကိုယ်လုံးကို ချုပ်တည်းနိုင်သောသူဖြစ်။*
*(ယာကုပ် ၃း၁-၂)*

***ငါ့ညီအစ်ကိုတို့၊ ငါတို့သည် သာ၍ ကျပ်တည်းသော စစ်ကြောစီရင်ခြင်း. . .***

၁။ ဘုရားသခင်သည် လူတိုင်းကို တရားစီရင်မည် ဖြစ်သည်။

က။ လူအသီးသီးတို့အား မိမိတို့အကျင့်နှင့်အလျောက် စီရင်မည်။ (ရောမ ၂း၆)

ခ။ သမ္မာတရားအားဖြင့် စီရင်မည်။ (ရောမ ၂း၈)

ဂ။ ပညတ်တရားအားဖြင့် စီရင်မည်။ (ရောမ ၂း၁၂)

ဃ။ မိမိကိုယ်ကိုသိသောစိတ်၌ ဖော်ပြသော သက်သေခံချက်အားဖြင့် စီရင်မည်။ (ရောမ ၂း၁၅)

င။ ဧဝံဂေလိတရားအားဖြင့် စီရင်မည် (ရောမ ၂း၁၆)။

၂။ ဘုရားသခင်သည် ဓမ္မဆရာများကို သာ၍ ကျပ်တည်းစွာ စီရင်မည်။

က။ ကိုယ်တိုင်ကျင့်၍ သူတစ်ပါးတို့အားလည်း သွန်သင်သောသူဖြစ်ရမည်။ (မဿဲ ၅း၁၉)

ခ။ ကိုယ်ကျင့်သောအကျင့်တို့သည် ဖာရိရှဲနှင့်ကျမ်းပြုဆရာတို့ကျင့်သောအကျင့်ထက် သာလွန်ကောင်းမွန်နေရမည်။ (မဿဲ ၅း၂၀)

ဂ။ ပညတ်တော်၏ အနှစ်သာရ (စာသားစကားအဓိပ္ပာယ်မဟုတ်ဘဲ) ကို ပြည့်စုံစေရမည်။ (မဿဲ ၅း၂၁-၄၈)

၃။ သခင်ခရစ်တော်၏ စကားများသည် ဝိညာဉ်ဖြစ်သည်။အသက်လည်း ဖြစ်သည်။ (ယောဟန် ၆း၆၃)

က။ ဝိညာဉ်တော်ဖွင့်ပြသွန်သင်သည့်အတိုင်း နားလည်လျက် စောင့် ရှောက်ရမည်။ (၁ကော ၂း၁၀ မှစ၍)

ခ။ ထာဝရအသက်နှင့်စပ်လျဉ်းသော တန်ဖိုးတရားသည် မိမိတို့၏လက် ရှိအသက်တာအတွက် လမ်းညွှန်ချက်များ ဖြစ်ရမည်။

ဂ။ ခရစ်တော်၏စကားးများသည် လက်ရှိအသက်ရှင်ရာ အကြောင်း တရား ဖြစ်နေရမည်။

၄။ ဤသည်ကား သာ၍ ကျပ်တည်းသော စစ်ကြောစီရင်ခြင်း ဖြစ်ပေသည်။

### *အများသောဆရာမဖြစ်ကြနှင့်*

၁။ ဆရာသမားများသည် ပိုမိုကျပ်တည်းသော စစ်ဆေးခြင်းကို ခံရမည်။

၂။ ဘုရားသခင်၏ ကြိုတင်ခန့်ထားခြင်းမရှိဘဲ အဘယ်သူမှ ဆရာသမား မဖြစ်ကောင်း။ (ဟေမြဲ ၅း၆)

၃။ 'မိမိတို့ပြောသောအရာကို နားမလည်။ အဘယ်သို့သောတရားဘက်၌ မိမိတို့ ခိုင်မာစွာနေသည်ကို မသိဘဲလျက်' ဆရာသမား မလုပ်ချင်ကြရန် တိုက်တွန်းထားသည်။ (၁တိ ၁း၆-၇)

### *ငါတို့ရှိသမျှသည် အများအားဖြင့် မှားတတ်ကြ၏*

၁။ မည်သူမဆို အမှားနှင့် မကင်းကြသည်မှာ ငြင်းဖွယ်မရှိ။

၂။ 'မှား' (ဂရိ- patio) သည် -

က။ လဲကျသည်၊

ခ။ ချော်ကျသည်၊

ဂ။ ကျူးလွန်သည်၊

ဃ။ အမှားပြုသည်၊

င။ ဒုစရိုက်အပြစ် ကျူးလွန်သည် စသည်တို့ဖြစ်သည်။

၃။ အမှားပြုမိတတ်ခြင်းသည် လူ၏သဘောသဘာဝ ဖြစ်သည်။ အမှားများ ကို အောက်ပါတို့အားဖြင့် ပြုမိနေကြသည်။
 က။ကာယကံ(ကိုယ်ထိလက်ရောက်ဆောင်ရွက်ခြင်းအားဖြင့်လည်းကောင်း)၊
 ခ။ ဝစီကံ (နှုတ်ထွက်စကားအားဖြင့် လည်းကောင်း)၊
 ဂ။ မနောကံ (စိတ်ကူး၊အတွေးများအားဖြင့် လည်းကောင်း)၊
 စသည်တို့ဖြစ်ကြသည်။
၄။ လူမှန်လျှင် အမှားနှင့်မကင်း၊ သို့သော် လူသည် အမှားပြုနေရမည် ဟု မဆိုလိုပါ။

## *စကားအားဖြင့် မှားခြင်းမရှိသောသူ. . .*

၁။ စကားအားဖြင့် မှားခြင်းမရှိသောသူ
 က။ စုံလင် (ပြည့်စုံ၊ရင့်ကျက်)သောသူဖြစ်သည်။
 ခ။ မိမိကိုယ်တစ်ကိုယ်လုံးကို ချုပ်တည်းနိုင်သောသူ ဖြစ်သည်။
၂။ လူသည် နှုတ်ထွက်စကား၌ အဘယ်သို့ မမှားအောင်နေရမည်နည်း။
 က။ ဆိုးညစ်သောအရာများသည် အတွင်းနှလုံးထဲမှ ထွက်လာကြသည်။ (မာကု ၇း၂၃)
 ခ။ အတွင်းနှလုံးမှ ထွက်လာသော ဆိုးညစ်သောအရာများသည် လူကို ညစ်ညူးစေကြသည်။ (မာကု ၇း၂၃)
 ဂ။ ခရစ်တော်၏နှုတ်ကပတ်တရားသည် အတွင်းနှလုံးထဲ၌ ကြွယ်ဝစွာ တည်စေခြင်းအားဖြင့် နှုတ်ထွက်စကား၌ မမှားအောင် ပြင်ဆင်ရမည် ဖြစ်သည်။ (ကော ၃း၁၅-၁၆)

## *မိမိကိုယ်တကိုယ်လုံးကို ချုပ်တည်းနိုင်သောသူ. . .*

၁။ နှုတ်ထွက်စကားကို ချုပ်တည်းနိုင်သောသူသည် ကိုယ်တစ်ကိုယ်လုံးကို ချုပ်တည်းနိုင်သောသူ ဖြစ်သည်။
၂။ ချုပ်တည်း (ဂရိ- chalinagogeo) သည် -
 က။ ဇက်ကြိုးဖြင့် ဆွဲထိန်းသည်၊
 ခ။ နဖားကြိုးတပ်၍ ထိန်းချုပ်သည်၊

ဂ။ ဟန့်တားသည်၊

ဃ။ ထောင်ချ၍ ချုပ်ထားသည် စသည်တို့ဖြစ်သည်။

၃။ စကား၌ မလဲကျသောသူသည် ကိုယ့်ကိုကိုယ် ဦးဆောင်နိုင်သောသူ ဖြစ်သည်။

၄။ နှုတ်စကားကို ထိန်းချုပ်ခြင်းဖြင့် မိမိကိုယ်မိမိအုပ်ချုပ်နိုင်မည် ဖြစ်သည်။ သခင်ခရစ်တော်သည် စကားအားဖြင့် မမှားသောသူ ဖြစ်သည်။

(ယာ ၃း၂)

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၂၇)

## ထိန်းချုပ်ခြင်းသည် အဓိက

*မြင်းကိုနိုင်ခြင်းငှါ ပစပ်ကိုဇက်ခွံ့တတ်၏။ သို့ဖြစ်၍၊ မြင်းကိုယ်တကိုယ်လုံးကို လှည့်စေတတ်၏။ ထိုမှတပါး၊ အလွန်ကြီးသောသင်္ဘောသည် ပြင်းစွာသောလေဟုန်နှင့်လွင့်သွားသော်လည်း၊ တက်မကိုင်အလိုရှိသည်အတိုင်း၊ ငယ်သောတက်မဖြင့် လှည့်တတ်၏။*

*(ယာကုပ် ၃း၃-၄)*

### *မြင်းနှင့် သင်္ဘောကြီး သာဓကများ*

၁။ မြင်းကို မြင်းဇက်ကြိုးဖြင့် ထိန်းချုပ်မောင်းနှင်နိုင်သည်။

၂။ မြင်းကို မြင်းဇက်ကြိုးဖြင့် ထိန်းချုပ်သည်နည်းတူ၊ အလွန်ကြီးသော သင်္ဘောကို သေးငယ်သော တက်မဖြင့် ထိန်းချုပ်မောင်းနှင်ရသည်။

က။ မျက်မြင်ကိုယ်တွေ့ဖြစ်ရပ်များ ဖြစ်သည်။

ခ။ လက်တွေ့သဘောတရားနှင့်အညီ ဖြစ်သည်။

ဂ။ လူတိုင်းအတွက် အငြင်းပွားဖွယ်မရှိသော အချက်ဖြစ်သည်။

### *သာဓကများ၏ ရည်ရွယ်ချက်*

၁။ ကိုယ်တကိုယ်လုံးကိုလည်း ထိန်းချုပ်နိုင်ရမည်။

က။ စကားအားဖြင့် မမှားမိအောင် နေထိုင်ရမည်။

ခ။ စကား၌ အမှားမရှိအောင် မိမိကိုယ်ကို ထိန်းသိမ်းရမည်။

(ယာကုပ် ၃း၁-၂)

၂။ မိမိကိုယ်ကို ထိန်းချုပ်နိုင်ခြင်းသည် လွန်စွာမှ အရေးကြီးသော အရည်အချင်းဖြစ်သည်။

၃။ စကားအားဖြင့် မမှားသောသူသည် စုံလင်သောသူဖြစ်သည်။

(ယာကုပ် ၃း၁-၂)

၄။ ဤသာခကေတို့၏ ပိုမိုတိကျသော ရည်ရွယ်ချက်ကို ယာကုပ် ၃း၅-၆၌ ဖော်ပြထားသည်။

## ***ထိုသို့ စကားအရာ၌ မမှားစေရန် မိမိကိုယ်ကို မည်သို့ စောင့်ရှောက်ရမည်နည်း။***

၁။ မိမိတို့လျှာကို စောင့်ရှောက်ကြရမည်။

၂။ ဤအကြောင်းကို ပို၍စုံလင်စွာ ယာကုပ် ၃း၅-၆ တို့၌ ဖော်ပြထားသည်။ သေးငယ်သော လျှာကို ထိန်းချုပ်ခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်ကြပါစေ။ ယုံကြည်ခြင်းရတနာ ရတတ်စေခြင်းငှာ မိမိတို့၏ လျှာကို ထိန်းချုပ်ကြပါစို့။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၂၈)

## လျှာကို ထိန်းချုပ်ခြင်း (၁)

*ထိုနည်းတူ၊ လျှာသည် ငယ်သောအင်္ဂါဖြစ်သော်လည်း အလွန်ဝါကြွားတတ်၏။ အဘယ်မျှလောက် များစွာသောထင်းကို အနည်းငယ်သောမီးသည် ညှိနိုင်သည်ကို ကြည့်ပါလော့။ လျှာသည် မီးဖြစ်၏။ ဒုစရိုက်၏ လောကဓာတ်လည်းဖြစ်၏။ ထိုသို့နှင့်အညီ၊ လျှာသည် ငါတို့၏အင်္ဂါတို့တွင် တည်၍ တကိုယ်လုံးကို ညစ်ညူးစေ၏။ ဇာတိစိတ်ကိုလည်းရှို့တတ်၏။ မိမိသည်လည်း ငရဲမီးရှို့ခြင်းကို ခံလျက်ရှိ၏။ (ယာကုပ် ၃း၅-၆)*

***ထိုနည်းတူ၊ လျှာသည် ငယ်သောအင်္ဂါဖြစ်သော်လည်း. . .***

၁။ 'ထိုနည်းတူ'သည် အထက်က ဖော်ပြပြီးသော သာဓကများကို ရည်ညွှန်းသည်။

၂။ လျှာသည် အထက်က ဖော်ပြသော သာဓကများကဲ့သို့ ဖြစ်သည်။
- က။ လျှာသည် ငယ်သောအင်္ဂါဖြစ်သည်။
- ခ။ သို့သော် လျှာသည် တကိုယ်လုံးကို ညစ်ညူးစေနိုင်သည်။

၃။ အကြောင်းရင်းမှာ -
- က။ လျှာသည် အလွန်ဝါကြွားတတ်သည်။
- ခ။ တစ်နည်းဆိုသော် လျှာသည် အလွန်မှောက်မှားတတ်သည်။
- ဂ။ စိတ်ကြီးဝင်မာန်မာနသည် ကျဆုံးခြင်း၏ အစဖြစ်သည်။

(သုတ္တံ ၁၆း၁၈)

## *လျှာသည် မီးဖြစ်၏*

၁။ များစွာသောထင်းကို အနည်းငယ်သောမီးသည် ညှိနိုင်သည်။
၂။ လျှာသည် သေးငယ်သော်လည်း မီးကဲ့သို့ များစွာသောအရာတို့ကို ဖျက်ဆီးနိုင်သည်။
 က။ ငြင်းဖွယ်မရှိ။
 ခ။ အမှန်တရားပင် ဖြစ်သည်။
 ဂ။ ရာနှုန်းပြည့် လက်တွေ့ဆန်သည်။

## *ဒုစရိုက်၏ လောကဓာတ်လည်းဖြစ်၏*

၁။ လျှာသည် မီးဖြစ်သည်။ မီးသည် များစွာသော ထင်းကို ဖျက်ဆီးသကဲ့သို့ လျှာသည် တစ်ကိုယ်လုံးကို ဖျက်ဆီးနိုင်သည်။ ထို့ကြောင့် မီးနှင့် ခိုင်းနှိုင်းတင်စားရခြင်း ဖြစ်သည်။
၂။ လျှာသည် ဒုစရိုက်၏လောကဓာတ်လည်း ဖြစ်သည်။ ဆိုလိုသည်မှာ
 က။ လျှာသည် ဒုစရိုက်ပြုရာ လောကကမ္ဘာ ဖြစ်သည်။
 ခ။ လျှာသည် မကောင်းမှုတို့၏ နယ်ပယ် ဖြစ်သည်။
 ဂ။ လျှာသည် အပြစ်ဒုစရိုက်တို့၏ ကျင်လည်ရာ ဖြစ်သည်။
၃။ လျှာသည် ဒုစရိုက်အပြစ်များ စတင်ဖြစ်ပွားရာ ဖြစ်သည်။

## *ထိုသို့နှင့်အညီ. . .*

၁။ လျှာသည် -
 က။ တစ်ကိုယ်လုံးကို ညစ်ညူးစေတတ်သည်။
 ခ။ ဇာတိစိတ် (ဇာတိပကတိလမ်းကြောင်း) ကိုလည်း မီးညှိတတ်သည်။
 ဂ။ ငရဲမီး၌ လောင်ကျွမ်းခြင်းသို့ ရောက်တတ်သည်။
၂။ 'စကားကျွန် နှုတ်မရ' ဆိုသည့်အလား၊ မိမိပြောထွက် လိုက်သောစကား တစ်ခွန်းကြောင့် မိမိကိုယ်တိုင် ဒုက္ခရောက်နိုင်သည်မှာ အငြင်းပွားစရာ မရှိပေ။
၃။ လျှာကို ထိန်းချုပ်နိုင်ခြင်းသည် -
 က။ တစ်ကိုယ်လုံးကို ထိန်းချုပ်ခြင်း ဖြစ်သည်။
 ခ။ မိမိကိုယ်ကို သန့်ရှင်းစင်ကြယ်စွာ နေထိုင်ခြင်းဖြစ်သည်။
 ဂ။ ကိုယ့်ကိုယ်ကိုယ် မပျက်စီးစေခြင်းလည်း ဖြစ်သည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၂၉)

## လျှာကို ထိန်းချုပ်ခြင်း (၂)

***သားရဲမျိုး၊ ငှက်မျိုး၊ တွားတတ်သော တိရစ္ဆာန်မျိုး၊ ငါမျိုးတို့ကို လူမျိုးသည် အောင်တတ်သည်အတိုင်း၊ အောင်ခဲ့ပြီ။- လျှာကိုကား၊ အဘယ်သူမျှ မအောင်နိုင်၊ မဆုံးမနိုင်သော အဆုံးမနိုင်သော အဆိုးအညစ်ဖြစ်၏။ သေစေတတ်သော အဆိပ်အတောက်နှင့် ပြည့်စုံ၏။***
***(ယာကုပ် ၃း၇-၈)***

***လူက အောင် (ထိန်းချုပ်နိုင်) သော အရာများ***

၁။ အောင် (ဂရိ- damazo) သည် -

က။ ယဉ်ပါးစေသည်၊

ခ။ ချိုးနှိမ်ထားသည်၊

ဂ။ နာခံစေသည်၊

ဃ။ လက်အောက်ခံစေသည် စသည်တို့ဖြစ်သည်။

၂။ လူသည် အောက်ဖော်ပြထားသော အရာတို့ကို မိမိ၏ အုပ်ချုပ်မှုအောက်၌ ထားရှိနိုင်ကြသည်။

က။ သားရဲမျိုး၊

ခ။ ငှက်မျိုး၊

ဂ။ တွားတတ်သောတိရစ္ဆာန်မျိုး၊

ဃ။ ငါးမျိုး စသည်တို့ဖြစ်ကြသည်။

၃။ ဘုရားသခင်သည် လူတို့အား အထက်ဖော်ပြထားသော တိရစ္ဆာန်အမျိုးမျိုးတို့ကို ထိန်းကျောင်းအုပ်ချုပ်နိုင်သော အခွင့်ပေးသည်။ (ကမ္ဘာ ၁း၂၆) ထို့ကြောင့် -

က။ လူသည် ထိုတိရစ္ဆာန်တို့ကို အောင်နိုင်သောအစွမ်း ရှိသည်။

ခ။ လူသည် ထိုတိရစ္ဆာန်တို့ကို ဧကန်အမှန်အောင်ခဲ့ပြီးဖြစ်သည်။

## *လူက မအောင် (မထိန်းချုပ်နိုင်)သေးသော လျှာ*

၁။ လူသည် လျှာကို မအောင်နိုင်သေး ပါ။

၂။ ဆိုလိုသည်မှာ -

က။ လျှာကို အဘယ်သူမျှ မထိန်းချုပ်နိုင်။

ခ။ လျှာကို အဘယ်သူမျှ ယဉ်ကျေးအောင် မလုပ်နိုင်။

ဂ။ လျှာကို အဘယ်သူမျှ ဆုံးခြင်းမပြုနိုင်။

၃။ လူသည် တိရစ္ဆာန်ကို ယဉ်းပါးအောင် ထိန်းကျောင်းနိုင်သော်လည်း၊ မိမိ၏ လျှာကိုမူ ယဉ်ပါးအောင် ထိန်းချုပ်နိုင်စွမ်း မရှိသေးချေ။

၄။ လျှာ သည်

က။ မအောင်နိုင်သေးသော၊

ခ။ အဆုံးအမ မရသေးသော၊

ဂ။ သေစေတတ်သည့် အဆိပ်အတောက်နှင့်ပြည့်သော၊ သေးငယ်သော အင်္ဂါ ဖြစ်သည်။

၅။ ယုံကြည်သူမှန်လျှင် မိမိ၏လျှာကို လုံးဝ ထိန်းချုပ်နိုင်ရမည်။ သို့မှသာ ယုံကြည်ခြင်းရတနာ၌ တိုးပွားနိုင်မည် ဖြစ်သည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၃၀)

## လျှာ၏ နေရာမှန်

*ငါတို့သည် လျှာဖြင့် ခမည်းတော်ဘုရားသခင်ကို ကောင်းကြီးပေးတတ်ကြ၏။ ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းသောလူတို့ကို လျှာဖြင့်ကျိန်ဆဲတတ်ကြ၏။ နှုတ်တပါးတည်းအထဲက၊ ထောမနာချီးမွမ်းခြင်းနှင့် ကျိန်ဆဲခြင်းထွက်တတ်ပါသည်တကား။ ငါ့ညီအစ်ကိုတို့၊ ထိုသို့မဖြစ်ကောင်းရာ။*

*(ယာကုပ် ၃း၉-၁၀)*

### *ငါတို့သည် လျှာဖြင့်. . .*

၁။ ကျွန်ုပ်တို့သည် မိမိတို့၏ လျှာဖြင့် များစွာသော အရာတို့ကို ဆောင်ရွက်ကြသည်။

၂။ အထူးသဖြင့်၊ အကျွန်ုပ်တို့ လျှာ ဖြင့်

 က။ ခမည်းတော်ဘုရားသခင်ကို ကောင်းချီးပေးသည်။

ခ။ ဘုရားသခင်ဖန်ဆင်းတော်မူသော လူတို့ကိုလည်း ကျိန်ဆဲကြသည်။

၃။ ကျွန်ုပ်တို့သည် မိမိတို့လျှာဖြင့် ကောင်းချီးပေးခြင်းနှင့်ကျိန်ဆဲခြင်းကို -

က။ ဆောင်ရွက်နိုင်သည်။

ခ။ ဆောင်ရွက်တတ်ကြသည်။

ဂ။ ဆောင်ရွက်လျက်ရှိကြသည်။

၄။ ဤသည်ကား လုံး၀ စွန့်ပယ်ရမည့် လမ်းစဉ် ဖြစ်သည်။

### *ခမည်းတော်ဘုရားသခင်ကို ကောင်းချီးပေးခြင်း*

၁။ အကျွန်ုပ်တို့သည် ဘုရားသခင်ကို ကောင်းချီးပေးနိုင်သည် မဟုတ်။

၂။ ဘုရားသခင်သည် လူတို့ထံမှ မည်သည့်ကောင်းချီးမင်္ဂလာမျှ လက်မခံ။ လိုအပ်သည် ဟူ၍လည်း မရှိ။

၃။ ဘုရားသခင်ကို အဘယ်သို့ ကောင်းချီးပေးနိုင်မည်နည်း။

 က။ ကောင်းချီးပေး (ဂရိ- eulogeo) သည် -

- ချီးမွမ်းသည်၊
- ကောင်းမွန်ကြောင်း ချီးကျူးသည်၊
- ကောင်းချီးပေးသည်၊ စသည်တို့ဖြစ်သည်။

ခ။ အကျွန်ုပ်တို့သည် ဘုရားသခင်၏ ကောင်းမြတ်ကြောင်းကို သက်သေခံနိုင်သည်။

ဂ။ အကျွန်ုပ်တို့သည် ခမည်းတော်ဘုရားသခင်ကို ထောမနာပြုနိုင်သည်။

ဃ။ အကျွန်ုပ်တို့သည် ခမည်းတော်ဘုရားသခင်ကို ချီးကျူးနိုင်သည်။

## *လူတို့ကို ကျိန်ဆဲခြင်း*

၁။ လူသည် ဘုရားသခင်၏ ပုံဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခံထားသည်။ (ကမ္ဘာ ၁း၂၆)

က။ ဘုရားသခင်၏ ပုံသဏ္ဍာန်တော်သည် လူ၏ပင်ကိုတန်ဖိုး ဖြစ်သည်။

ခ။ အရောင်အဆင်း၊ ယုံကြည်ခံယူချက် မခွဲခြားဘဲ လူတိုင်းကို တန်းတူဆက်ဆံရမည်။

၂။ ကျိန်ဆဲ (ဂရိ- kataraomai) သည် -

က။ ရှုံ့ချမှုကို ဖော်ထုတ်သည်၊

ခ။ ရှုံ့ချသည်၊

ဂ။ ကျိန်ဆဲသည် စသည်တို့ဖြစ်သည်။

၃။အခြားတစ်ဦးဦးကို ရှုံ့ချကြောင်းထွက်ဆိုခြင်းသည် ကျိန်ဆဲခြင်းဖြစ်သည်။

၄။ အကျွန်ုပ်တို့သည် မိမိတို့နှင့်စပ်ဆိုင်သောသူ(တိုင်း)ကို ကိုယ်နှင့်အမျှချစ်ကြရမည် ဖြစ်သည်။ (မဿဲ ၂၂း၃၉)

က။ သူတစ်ပါးအား ရှုံ့ချနေခြင်းသည် ကိုယ်နှင့်အမျှ ချစ်နေခြင်းမဟုတ်။

ခ။ သူတစ်ပါအား အမင်္ဂလာရှိစေလိုခြင်းသည် ကိုယ်နှင့်အမျှ ချစ်နေခြင်းမဟုတ်။

ဂ။ သူတစ်ပါးအား ကျိန်ဆဲခြင်းသည် သခင်ခရစ်တော်၏ သွန်သင်ချက်နှင့် လုံးဝဆန့်ကျင်နေသည်။

***နှုတ်တပါးတည်းအထဲက. . .***

၁။ နှုတ်လျှာပါးစပ်ကနေ -

က။ ထောမနာချီးမွမ်းခြင်းနှင့်၊

ခ။ ကျိန်ဆဲခြင်း ထွက်နေသည်။

၂။ ဤသို့ မဖြစ်ကောင်းပေ။

၃။ ဤအချက်သည် လုံးဝ မဖြစ်သင့်သော အရာဖြစ်သည်။

၄။ ယာကုပ်သည် သူချစ်သော ညီအစ်ကိုတို့ကို သတိပေး တိုက်တွန်းလိုက်သည်မှာ-

က။ လျှာကို ထိန်းချုပ်ကြရန်၊

ခ။ လျှာဖြင့် ဘုရားသခင်ကို ချီးမွမ်းပြီး၊ အခြားသောသူတို့ကို မကျိန်ဆဲကြရန်၊

ဂ။ အထူးသဖြင့် မိမိတို့ လျှာဖြင့် ကောင်းသော၊ သန့်ရှင်းသောနှစ်သက်ဖွယ်သော၊ အရာတို့ကိုသာ ထွက်ဆိုကြရန် စသည်တို့ဖြစ်သည်။

၅။ ယုံကြည်ခြင်းရတနာကို ရှာယူရာ၌ လျှာကိုမှန်ကန်စွာ အသုံးပြုခြင်းသည်လည်း အရေးပါသော အချက်ဖြစ်သည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၃၁)

## ကောင်းသောသူသည် ကောင်းသောအကျင့်ကို ကျင့်ကြ၏

*စမ်းရေပေါက်တပေါက်တည်းအထဲက ချိုးသောရေ*
*နှင့်ခါးသောရေ ထွက်တတ်သလော။ ငါ့ညီအစ်ကိုတို့၊*
*သင်္ဘောသဖန်းပင်သည် သံလွင်သီးကိုသီးနိုင်သလော။*
*စပျစ်ပင်သည် သင်္ဘောသဖန်းသီးကို သီးနိုင်သလော။*
*ထိုအတူ၊ ငန်သောရေသည် ချိုသောရေကို မဖြစ်စေနိုင်။*
*(ယာကုပ် ၃း၁၁-၁၂)*

**_စမ်းရေပေါက်တပေါက်တည်းအထဲက. . ._**

၁။ စမ်းရေပေါက်တစ်ပေါက်တည်းမှ ချိုသောရေနှင့် ခါးသောရေ နှစ်မျိုး စလုံး ထွက်သည် မရှိ။ ဤသည်ကား

က။ ဥပမာ စကားဖြစ်သည်။

ခ။ စမ်းရေပေါက် သာဓက ဖြစ်သည်။

၂။ တစ်ခုတည်းသော လျှာမှ ချီးမွမ်းခြင်းနှင့် ကျိန်ဆဲခြင်း နှစ်မျိုးစလုံး ပြောထွက်နေခြင်းသည် မဖြစ်သင့်ကြောင့် သဘာဝတရားနှင့်ပင် မညီ ကြောင်း ခိုင်းနှိုင်းဖော်ပြထားခြင်း ဖြစ်သည်။

၃။ ထို့ကြောင့် လျှာကိုချုပ်တည်း၍ ကောင်းမွန်သောအမှုအရာတို့အတွက် သာ အသုံးပြုရမည်ကို စမ်းရေပေါက်သာဓကဖြင့် ယာကုပ်ကဖော်ပြ လိုက်ခြင်းဖြစ်သည်။

**_သင်္ဘောသဖန်းပင်သည် သံလွင်သီးကို သီးနိုင်သလော_**

၁။ ယာကုပ်ချစ်သော ညီအစ်ကိုတို့သည် သင်္ဘောသဖန်းပင် သာဓကကို လည်း ထပ်၍ ဆင်ခြင်ရမည်။

၂။ သင်္ဘောသဖန်းပင်သည် -

က။ သံလွင်သီးကို မသီးနိုင်။

ခ။ သဘော်သဖန်းသီးသာ သီးနိုင်သည်။
၃။ ထိုနည်းတူ ဖြောင့်မတ်သောသူ၏ နှုတ်လျှာမှ
 က။ မကောင်းမှုများ ပြောထွက်နေခြင်း မရှိသင့်ချေ။
ခ။ ကောင်းသောအရာများသာ ပြောထွက်နေရမည်။

***စပျစ်ပင်သည် သဘော်သဖန်းသီးကို သီးနိုင်သလော***

၁။ သဘော်သဖန်းပင် သာဓကနှင့်အတူ၊ စပျစ်ပင် သာဓကကိုလည်း ဆင်ခြင်ရမည်။
၂။ စပျစ်ပင်သည် -
က။ သဘော်သဖန်းသီးကို မသီးနိုင်။
ခ။ စပျစ်သီးကိုသာ သီးနိုင်သည်။
၃။ ထိုနည်းတူ ကောင်းသောသူ၏ နှုတ်လျှာမှ -
က။ မကောင်းသောအရာများ ထွက်မလာနိုင်။
ခ။ ကောင်းသောအရာများသာ ထွက်လာနိုင်သည်။

***ထိုနည်းတူ၊ ငန်သောအရသည်. . .***

၁။ ထိုနည်းတူ’ သည် -
က။ စမ်းရေပေါက် သာဓက၊
ခ။ သဘော်သဖန်းပင် သာဓကနှင့်
ဂ။ စပျစ်ပင်သာဓကတို့၏ ပင်ကိုသဘာဝကို ဆိုလိုသည်။
၂။ ၄င်းတို့၏ နိယာမအတိုင်း ဟုဆိုလိုသည်။
က။ စမ်းရေပေါက်တစ်ပေါက်မှ ချိုသောရေ (သို့မဟုတ်) ခါးသောရေ တစ်မျိုးတည်းသာ ထွက်နိုင်သည်။
ခ။သဘော်သဖန်းပင်မှ သဘော်သဖန်းသီး တစ်မျိုးတည်းသာသီးနိုင်သည်။
ဂ။ စပျစ်ပင်မှ စပျစ်သီး တစ်မျိုးတည်းသာ သီးနိုင်သည်။
၃။ ထိုနည်းတူ ငန်သောရေသည် ချိုသောရေကို မဖြစ်စေနိုင်။
ချိုသောရေသည်လည်း ငန်သောရေကို မဖြစ်စေနိုင်။

၄။ ထို့ကြောင့် ကောင်းသောသူ၏ နှုတ်လျှာမှ ကောင်းသောအရာများ ထွက်ဆိုမည်။ မကောင်းသောသူ၏ နှုတ်လျှာမှ မကောင်းသောအရာများ ထွက်ဆိုမည် ဖြစ်သည်။

၅။ သခင်ခရစ်တော်ကိုယ်တိုင်ကလည်း အောက်ပါအတိုင်း သွန်သင်သည်။

*ထိုသူတို့၏အကျင့်ကိုထောက်၍ သူတို့၏သဘောကို သိကြလိမ့်မည်။ ဆူးပင်၌ စပျစ်သီးကိုဆွတ်တတ်သလော။ ဆူးလေပင်၌ သဘော်သဖန်းသီးကို ဆွတ်တတ်သလော။ကောင်းသောအပင်သည် ကောင်းသောအသီး၊ မကောင်းသောအပင်သည် မကောင်းသောအသီးကို သီးတတ်၏။ ကောင်းသောအပင်သည် မကောင်းသောအသီး၊ မကောင်းသောအပင်သည် ကောင်းသောအီးကို မသီးနိုင်။ (မဿဲ ၇း၁၆-၁၈)*

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၃၂)

## ပညာ၏ နူးညံ့သိမ်မွေ့ခြင်း

*သင်တို့တွင် အတတ်အလိမ္မာနှင့်ပြည့်စုံသော ပညာရှိတစုံတယောက်ရှိလျှင်၊ ထိုသူသည် ပညာ၏နူးညံ့သိမ်မွေ့ခြင်းနှင့်တကွ၊ ကောင်းမြတ်သောကျင့်ကြံပြုမူခြင်းအားဖြင့် မိမိအမှုတို့ကိုပြပါစေ။ သို့မဟုတ် သင်တို့စိတ်ထဲမှာ ခါးစွာသောဂုဏ်ပြိုင်ခြင်း၊ ရန်တွေ့ခြင်းရှိလျှင်၊ သမ္မာတရားကို မုသာဖြင့် ဆန်၍ မဝါကြွားကြနှင့်။ (ယာကုပ် ၃း၁၃-၁၄)*

***သင်တို့တွင် အတတ်အလိမ္မာနှင့်ပြည့်သော ပညာရှိ. . .***

၁။ အတတ်အလိမ္မာနှင့်ပြည့်စုံသောသူ (ဂရိ-epistemon) သည် -

က။ ဝါရင့်သောသူ၊

ခ။ ကျွမ်းကျင်တတ်မြောက်သောသူ၊

ဂ။ သိရှိနားလည်သောသူ စသည်တို့ဖြစ်သည်။

၂။ ပညာရှိသောသူ (ဂရိ-sophos ) သည် -

က။ လိမ္မာပါးနပ်သောသူ၊

ခ။ တတ်မြောက်သောသူ၊

ဂ။ အသိဉာဏ်ကြွယ်ဝသောသူ စသည်တို့ဖြစ်သည်။

၃။ လူ့အဖွဲ့အစည်းတိုင်း၌ အသိတရားရှိသောသူ၊ ဉာဏ်ပညာရှိသောသူများရှိနိုင်သည်။

၄။ ယုံကြည်သူ ခရစ်ယာန်အသိုင်းအဝိုင်း၌လည်း ထိုကဲ့သို့ ပညာရှိများ၊ လိမ္မာပါးနပ်၍ နားလည်တတ်သောသူများ ရှိတတ်ကြသည်။
(၁ ကော ၁း၂၆)

၅။ ယာကုပ်၏ ချစ်သောစာဖတ်ပရိသတ်တို့၌လည်း -

က။ အတတ်ပညာရှင်များ၊

ခ။ အသိပညာရှင်များ၊

ဂ။ အထူးသဖြင့် ဘုရားသခင်ကို သိကျွမ်းခြင်းအမှု၌ ဝါရင့်သောသူများ ရှိကြမည် ဖြစ်သည်။

၆။ သူတို့သည် မိမိတို့၏ အတတ်ပညာနှင့် ဉာဏ်ပညာကို ယုံကြည်ခြင်းနှင့် စပ်လျဉ်း၍ မည်သို့ အသုံးပြုမည်နည်း။

## *ထိုသူသည် ပညာ၏နူးညံ့သိမ်မွေ့ခြင်းနှင့်တကွ. . .*

၁။ နူးညံ့သိမ်မွေ့ခြင်း (ဂရိ- prauteျ) သည် -

က။ နူးညံ့ခြင်း၊

ခ။ ယဉ်ကျေးသိမ်မွေ့ခြင်း၊

ဂ။ နှိမ့်ချခြင်း စသည်တို့ဖြစ်သည်။

၂။ ပညာသည် နူးညံ့သိမ်မွေ့ခြင်းအားဖြင့် ထင်ရှားရမည်။

၃။ ပညာရှိသောသူသည် -

က။ ကောင်းသောအမှုအရာနှင့်၊

ခ။ မိမိ၏ကောင်းမြတ်သောအကျင့်တို့ကို ယဉ်ကျေးသိမ်မွေ့စွာ ပြသရမည် ဖြစ်သည်။

၄။ အချုပ်အားဖြင့်ဆိုရလျှင်၊ အမှန်ပညာရှိသောသူသည် -

က။ သူတစ်ပါးနှင့်ဆက်ဆံရာ၌လည်းကောင်း၊

ခ။ စကားပြောဆိုရာ၌လည်းကောင်း၊

ဂ။ ကောင်းသောအရာများကို ဆောင်ရွက်ရာ၌လည်းကောင်း၊

ဃ။ ကောင်းသောအကျင့်သီလ ဆောက်တည်ရာ၌လည်းကောင်း နူးညံ့သိမ်မွေ့နေရမည် ဖြစ်သည်။

## ***သို့မဟုတ် သင်တို့စိတ်ထဲမှာ. . .***

၁။ ပညာရှိသည်ပင်လျှင် မိမိတို့၏ အတွင်းစိတ်ရင်းကို သတိဝီရိယနှင့် စောင့်ထိန်းရမည်။

၂။ အကျွန်ုပ်တို့၏ အတွင်းစိတ်၌ -

က။ အချင်းချင်း မနာလိုဂုဏ်ပြိုင်ခြင်း၊

ခ။ ခါးသီးစွာ မုန်းတီးခြင်း၊

ဂ။ ရန်တွေ့ခြင်း စသည်တို့ ရှိနေနိုင်သည်။

၃။ အကျွန်ုပ်တို့၏ အတွင်းစိတ်သည် ထိုသို့ ယိုယွင်းပျက်စီးနေပါက -

က။ မဟုတ်မမှန် ဝါကြွားနိုင်သည်။

ခ။ သမ္မာတရားကို မုသာဖြင့် ဆန့်ကျင်၍ ဝါကြွားနိုင်သည်။

ဂ။ ထိုမကောင်းသောအတွင်းစိတ်ထားကိုပင် ဝါကြွားစရာအကြောင်း ဖြစ်လာနိုင်သည်။

၄။ လာမက်ပြောသော မကောင်းသောအမှု၌ ဝါကြွားသည့် စကားကို ဥပမာပေးလိုသည်။

*လာမက်ကလည်း၊ အာဒနှင့်ဇိလ၊ ငါပြောသံကိုမှတ်ကြလော့။ လာမက်မယားတို့၊ ငါ့စကားကိုနားထောင်ကြလော့။ ငါ့ကိုထိခိုက်သောလူတယောက်တည်းဟူသော၊ ငါ့ကိုညှင်းဆဲသောလူပျိုတယောက်ကို ငါသတ်ခဲ့ပြီ။ကာဣနသည် ခုနစ်ဆသောတရားကို ရလျှင်၊ အကယ်၍လာမက်သည်၊ အဆခုနစ်ဆယ်ခုနစ်ဆသော တရားကို ရလိမ့်မည်ဟူ၊ မိမိမယား တို့ကို ပြောဆို၏ (ကမ္ဘာ ၄း၂၃-၂၄)။*

ထိုသို့ လာမက်ကဲ့သို့သောသူ မဖြစ်စေရန် မိမိတို့၏ ကောင်းသော အပြုအမူနှင့် ကောင်းမွန်သော အကျင့်များကို နှိမ့်ချသောစိတ်နှင့်တကွ နူးညံ့သိမ်မွေ့စွာ ပြသကြရမည်။ ဤသည်ကား ယုံကြည်ခြင်းရတနာ ရသောသူတို့၏ လမ်းစဉ် ဖြစ်သည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၃၃)

## နှစ်မျိုးသောပညာ(၁)

***ထိုသို့သော ပညာသည် အထက်မှသက်ရောက်သော ပညာမဟုတ်၊ မြေကြီးပညာ၊ ဇာတိပကတိပညာ၊ နတ်ဆိုးပညာဖြစ်၏။ အကြောင်းမူကား၊ ဂုဏ်ပြိုင်ခြင်း၊ ရန်တွေ့ခြင်းရှိလျှင်၊ မငြိမ်မဝပ်ရှုန်းရင်းခတ်ခြင်း၊ ဆိုးညစ်စွာပြုမူခြင်း အမျိုးမျိုးရှိတတ်၏။***

***(ယာကုပ် ၃း၁၅-၁၆)***

### *ထိုသို့သော ပညာသည်*

၁။ အထက်က ဖော်ပြသော ပညာ ကိုဆိုလိုသည်။ ၄င်းသည် -

က။ ဂုဏ်ပြိုင်ခြင်း၊

ခ။ ရန်တွေ့ခြင်း၊

ဂ။ သမ္မာတရားကို မုသာဖြင့် ဆန့်ကျင်ခြင်း၊

ဃ။ မကောင်းသောအမှုတို့၌ ဝါကြွားခြင်း စသည်တို့ဖြင့် ထင်ရှားသည်။

(ယာကုပ် ၃း၁၄)

၂။ ထိုသို့သော ပညာသည် အထက်မှသက်ရောက်သည် မဟုတ်။ ဆိုလိုသည်မှာ ယင်းပညာသည် -

က။ အထက်အလင်းတော်မှ ဖြစ်သည် မဟုတ်၊

ခ။ အဖခမည်းတော်ထံမှ ပေးသနားသည် မဟုတ် ဟုဆိုလိုသည်။

(ယာကုပ် ၁း၁၇)

၃။ တစ်နည်းအားဖြင့်ဆိုသော်၊ ထိုပညာသည် ဘုရားသခင်နှင့်စပ်ဆိုင်သော ပညာမြတ် မဟုတ်၊ လောကီပညာ ဖြစ်သည်။

***မြေကြီးပညာ. . .***

၁။ ထိုပညာသည် -

က။ မြေကြီးပညာ၊

ခ။ ဇာတိပကတိပညာ၊

ဂ။ နတ်ဆိုးပညာ ဖြစ်သည်။

၂။ မြေကြီးပညာ (ဂရိ- epigeios) သည် -

က။ လောကီပညာ၊

ခ။ မြေကြီးမှ ဖြစ်ပွားသောပညာ စသည်တို့ကို ဆိုလိုသည်။
ဋ္ဌင်းပညာသည် လောကီသဘောတရားနှင့်စပ်လျဉ်းသော ပညာ ဖြစ်သည်။

၃။ ဇာတိပကတိပညာ (ဂရိ-psuchikos) သည် -

က။ ကာမဂုဏ်နှင့်စပ်ဆိုင်သော ပညာ၊

ခ။ ကာယလိင်ပိုင်းဆိုင်ရာပညာ၊

ဂ။ လောကီပညာ စသည်တို့ဖြစ်သည်။
ယင်းသည် ဝိညာဉ်သဘောတရားမရှိသော ပညာဖြစ်သည်။

၄။ နတ်ဆိုးပညာသည် နတ်ဆိုးတို့မှ လွှမ်းမိုးသော ပညာဖြစ်သည်။
ဘုရားသခင်၏ အလိုတော်ကို ဆန့်ကျင်သော ပညာဖြစ်သည်။

***အကြောင်းမူကား. . .***

၁။ မြေကြီးပညာ၊ ဇာတိပကတိပညာဖြစ်ရသည်မှာ -

က။ ဂုဏ်ပြိုင်ခြင်း၊

ခ။ ရန်တွေ့ခြင်း စသည်တို့ဖြင့် ထင်ရှားသောကြောင့် ဖြစ်သည်။

၂။ နတ်ဆိုးပညာ ဖြစ်ရသည်မှာ -

က။ မငြိမ်မဝပ်ရုန်းရင်းခတ်ခြင်း၊

ခ။ ဆိုးညစ်စွာပြုမူခြင်း အမျိုးမျိုးရှိသောကြောင့် ဖြစ်သည်။

၃။ မငြိမ်မဝပ်ရုန်းရင်းခတ်ခြင်း (ဂရိ- akatastasia) သည် -

က။ အုပ်ချုပ်သူမဲ့၍ ရုန်းရင်းခတ်ဖြစ်ခြင်း၊

ခ။ ထကြွသောင်းကျန်းခြင်း၊

ဂ။ မရေမရာဖြစ်ခြင်း စသည်တို့ဖြစ်သည်။

ဘုရားသခင်သည် ရှုန်းရင်းခတ်သောအမှုကိုပြုစု တော်မမူ။ အကြောင်းမှာ ဘုရားသခင်သည် ရှုန်းရင်းခတ်ခြင်း၊ ရှုတ်ထွေးခြင်းတို့၏ သခင်ဘုရားမဟုတ်။ (၁ကော ၁၄း၃၃)

၄။ ဆိုးညစ်စွာပြုမူခြင်းသည် -

က။ မကောင်းသောအမှုဟူသမျှကို ပြုစုခြင်း၊

ခ။ ထာဝရ တန်ဖိုးမရှိသောအရာခပ်သိမ်းကို ပြုစုခြင်း ဟုပြန်ဆိုနိုင်ပါသည်။

ဤအချက်သည် ဘုရားသခင်၏သဘောသဘာဝနှင့် တိုက်ရိုက်ဆန့်ကျင်နေပါသည်။ ထို့ကြောင့် ၄င်းပညာကို နတ်ဆိုးပညာ ဟုသမုတ်ရခြင်းဖြစ်သည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၃၄)

## နှစ်မျိုးသောပညာ (၂)

***အထက်မှ သက်ရောက်သောပညာမူကား၊ ရှေ့ဦးစွာ စင်ကြယ်၏။ ထိုမှတပါး၊ အသင့်အတင့်နေတတ်၏။ ဖြည်းညှင်းသောသဘောရှိ၏။ သွေးဆောင်လွယ်၏။ ကရုဏာနှင့်၎င်း၊ကောင်းကျိုးနှင့်၎င်း ပြည့်စုံ၏။ လျစ်လျူသောစိတ်ရှိ၏။ လျို့ဝှက်ခြင်းနှင့် ကင်းစင်၏။ အသင့်အတင့်နေခြင်း၌ ပြုစုတတ်သောသူတို့သည် ဖြောင့်မတ်ခြင်းတရား၏ မျိုးစေ့ကို ငြိမ်သက်စွာ ကြဲတတ်ကြ၏။ (ယာကုပ် ၃း၁၇-၁၈)***

***အထက်မှ သက်ရောက်သောပညာ. . .***

၁။ ဤပညာသည် -

 က။ မြေကြီးပညာ၊ ဇာတိပကတိပညာ၊ နတ်ဆိုးပညာ မဟုတ်၊

ခ။ ခမည်းတော်ထံမှ ဖြစ်သော ပညာ ဖြစ်သည်။

၂။ ထို့ကြောင့် ၎င်းကို အထက်မှ သက်ရောက်သောပညာဟု သမုတ်ရခြင်း ဖြစ်သည်။

၃။ ထိုပညာသည် မြေကြီးပညာနှင့် လုံးဝ ကွဲပြားခြားနားသည်။

***ရှေးဦးစွာ စင်ကြယ်၏. . .***

၁။ အထက်မှ သက်ရောက်သော ပညာသည်

က။ ရှေးဦးစွာ စင်ကြယ်၏၊

- ဖြူစင်သည်။
- ရိုးသားသည်။

ခ။ အသင့်အတင့်နေတတ်၏၊

- သူတပါးနှင့်သင့်မြတ်စွာနေတတ်သည်။

- ငြိမ်းချမ်းစွာ နေတတ်သည်။

ဂ။ ဖြည်းညှင်းသောသဘောရှိ၏၊

- ယဉ်ကျေးသိမ်မွေ့သောသဘောရှိသည်။
- ချင့်ချိန်တတ်သောသဘောရှိသည်။

ဃ။ သွေးဆောင်လွယ်၏၊

- နာခံတတ်၏။
- အကျိုးအကြောင်း ဆင်ခြင်၍ လက်ခံနိုင်သည်။

င။ ကရုဏာနှင့် ပြည့်စုံ၏၊

စ။ ကောင်းကျိုးနှင့် ပြည့်စုံ၏၊

- ကောင်းသောအသီးအပွင့် ရှိသည်။
- ကောင်းသောအကျင့်သီလရှိသည်။

ဆ။ လျစ်လျူသောစိတ်ရှိ၏၊

- ကျောသားရင်သား မခွဲခြားတတ်သောသဘောရှိသည်။
- မျက်နှာလိုက်၍ မပြုမူတတ်။

ဇ။ လျို့ဝှက်ခြင်းနှင့် ကင်းစင်၏။

- ဟန်ဆောင်ခြင်း မရှိ။
- ရှေ့တွင်တစ်မျိုး၊ နောက်ကွယ်တွင် တစ်မျိုး မလုပ်တတ်။

***အသင့်အတင့်နေခြင်းငှါ. . .***

၁။ သူတစ်ပါးနှင့် ငြိမ်းချမ်းစွာ နေထိုင်တတ်ခြင်းသည် ဖြောင့်မတ်ခြင်းတရား၏ မျိုးစေ့ ဖြစ်သည်။

၂။ ငြိမ်းချမ်းရေးကို ကိုယ်တိုင်ဆောင်ရွက်သောသူတို့သာလျှင် သူတပါးနှင့် အသင့်အတင့်နေနိုင်ကြသည်။

၃။ ထို့ကြောင့် သူတစ်ပါးနှင့်တင့်တယ်လျောက်ပတ်စွာ နေထိုင်နိုင်ရန်အလို့ ငှာ ဖြောင့်မတ်ခြင်းတရား၏ မျိုးစေ့ကို ငြိမ်သက်စွာ ကြဲကြပါစို့။

၄။ ငြိမ်းချမ်းရေးကို အမှန်လိုချင်သည်ဖြစ်သောကြောင့်၊ ထိုငြိမ်းချမ်းရေးကို ကိုယ်တိုင် အကောင်အထည်ဖော်ကြပါစို့။

၅။ ငြိမ်းချမ်းရေးကို ကိုယ်တိုင်အကောင်အထည် ဖော်သောသူတို့သည် မင်္ဂလာရှိသောသူများဖြစ်ကြောင်း သခင်ခရစ်တော်ကိုယ်တိုင်ကလည်း မိန့်တော်မူခဲ့သည်။ (မဿဲ ၅း၉)

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၃၅)

## ဆုမတောင်းဘဲ မနေသင့်

*သင်တို့တွင် စစ်တိုက်ခြင်း၊ ရန်တွေ့ခြင်းသည် အဘယ် အကြောင်းကြောင့်ဖြစ်သနည်း။ သင်တို့အင်္ဂါများ၌ စစ် ပြိုင်သောကိလေသာကာမစိတ်ကြောင့် ဖြစ်သည်မဟုတ် လော။ သင်တို့သည် တပ်မက်၍မရကြ။ လူအသက်ကို သတ်၍၎င်း၊ အလွန်လိုချင်သောလောဘစိတ်ရှိ၍၎င်း၊ အလိုမပြည့်စုံနိုင်ကြ၊ ရန်တွေ့ခြင်းစစ်တိုက်ခြင်းကို လည်း ပြု၍မရကြ၊ အကြောင်းမူကား၊ ဆုမတောင်းဘဲ နေကြ၏။ (ယာကုပ် ၄း၁-၂)*

### *သင်တို့တွင် စစ်တိုက်ခြင်း. . .*

၁။ စစ်တိုက်ခြင်းနှင့် ရန်တွေ့ခြင်းတို့သည် -

က။ ယုံကြည်သူအချင်းချင်းကြား၌ တွေ့ရသည်။

ခ။ နိုင်ငံသားအချင်းချင်းကြား၌လည်း တွေ့နေရသည်။

ဂ။ လူ့အဖွဲ့အစည်းတိုင်းနှင့် မစိမ်းပါ။

၂။ စစ်တိုက်ခြင်းနှင့် ရန်တွေ့ခြင်းတို့သည်

က။ အကျွန်ုပ်တို့၏ အင်္ဂါများစစ်ပြိုင်နေသောကြောင့် ဖြစ်သည်။

ခ။ အကျွန်ုပ်တို့၏ ကိလေသာကာမစိတ်ကြောင့် ဖြစ်သည်။

### *သင်တို့သည် တပ်မက်၍ မရကြ. . .*

၁။ တပ်မက်သောကြောင့် 'ကောင်းချီးမင်္ဂလာ' ကို ရကြသည် မဟုတ်။

၂။ အကျွန်ုပ်တို့၏ အလိုဆန္ဒသည်

က။ သူတစ်ပါးအသက်ကို သတ်ခြင်းဖြင့်လည်းကောင်း၊

ခ။ အလွန်လိုချင်သောလောဘစိတ်အားဖြင့်လည်းကောင်း ပြည့်စုံနိုင် မည် မဟုတ်။

၃။ အကျွန်ုပ်တို့၏ အလိုဆန္ဒသည် -
က။ ရန်တွေ့ခြင်း၊
ခ။ စစ်တိုက်ခြင်း စသည်တို့ကို ပြုခြင်းအားဖြင့် မပြည့်စုံနိုင်။

***အကြောင်းကား၊ ဆုမတောင်းဘဲနေကြ၏***

၁။ ဆုတောင်း (ဂရိ-aiteo) သည် -
က။ အသနားခံသည်၊
ခ။ တောင်းပန်သည်၊
ဂ။ ပေးသနားတော်မူရန် တောင်းဆိုသည် စသည်တို့ဖြစ်သည်။

၂။ ဆုမတောင်းဘဲနေကြသောကြောင့် -
 က။ တောင်းလျှောက်သောအရာများ မရရှိနိုင်ကြ။
ခ။ အလိုဆန္ဒမပြည့်နိုင်ကြ။

၃။ ဆုမတောင်းဘဲနေသောကြောင့် -
 က။ ကိလေသာကာမစိတ်သည် အားကြီး၍ စိုးမိုးနေသည်။
ခ။ အကျွန်ုပ်တို့၏ ကိုယ်အင်္ဂါတို့သည် စစ်ပြိုင်နေကြသည်။
(ရောမ ၇း၁၅-၂၅)

၄။ သခင်ခရစ်တော်ကိုယ်တိုင်ကလည်း စိတ်မပျက်ဘဲ ဆုတောင်းနေရမည်ဟု သွန်သင်ခဲ့သည်။ လူတို့သည် အားမလျှော့ဘဲ ကြိုးစား၍ ဆုတောင်းရမည့်အကြောင်းကို ဥပမာစကားအားဖြင့် မိန့်တော်မူသည်။ (လုကာ ၁၈း၁-၈) ဆုတောင်းခြင်း၌ လုံးဝ အားမလျှော့သော ယုံကြည်သူများ ဖြစ်ကြပါစို့။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၃၆)

## လောကီနှင့်မိတ်သဟာယဖွဲ့ခြင်းကို ဘုရားသခင်အလိုမရှိ

*ဆုတောင်းလျှင်လည်း ကာမဂုဏ်ခံစားစရာတို့ရှိစေခြင်းငှါ၊ အလွဲတောင်းသောကြောင့်မရကြ။ မတရားသောမေထုန်၌ မှီဝဲသောယောကျ်ားမိန်းမတို့၊ လောကီမိတ်သဟာယသည် ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်သည်ကို မသိကြသလော။ ဤလောကနှင့် မိတ်သဟာယဖွဲ့လိုသောသူသည် ဘုရားသခင်၏ ရန်သူဖြစ်၏။*

*(ယာကုပ် ၄း၃-၄)*

**ဆုတောင်းလျှင်လည်း ကာမဂုဏ်. . .**

၁။ အသနားခံတောင်းဆိုသော်လည်း (တောင်းလျှောက်သော ကောင်းချီးမင်္ဂလာများကို) မရရှိခြင်း၏ အကြောင်းရင်းမှာ -

က။ ကာမဂုဏ်ခံစားစရာဖို့ တောင်းလျှောက်သောကြောင့်၊

ခ။ အလွဲအမှား တောင်းလျှောက်သောကြောင့် ဖြစ်သည်။

၂။ ဆုတောင်းချက်တိုင်းသည် ဘုရားသခင်၏အလိုတော်နှင့်အညီ မဖြစ်နိုင်။

က။ သမ္မာကျမ်းစာနှင့်အညီ ဆုတောင်းရမည်။ (ဆာလံ ၁၁၉း၅၈၊ ၆၅)

ခ။ သန့်ရှင်းသောဝိညာဉ်တော်၏ သွန်သင်လမ်းပြသည့်အတိုင်း ဆုတောင်းရမည်။ (ရောမ ၈း၂၆-၂၇)

၃။ သခင်ခရစ်တော်ကိုယ်တိုင် သင်ပေးသော 'ဆုတောင်းနည်းပုံစံ' နှင့်အညီ ဆုတောင်းကြရမည်။ (မဿဲ ၆း၉-၁၃)

**မတရားသောမေထုန်၌မှီဝဲသော ယောကျ်ားမိန်းမတို့. . .**

၁။ 'မတရားသောမေထုန်၌မှီဝဲသော ယောကျ်ားမိန်းမတို့' သည် -

က။ မယားငယ်ယူသောယောကျ်ား၊

ခ။ ဖောက်ပြန်သောမိန်းမတို့ကို ဆိုလိုသည်။

၂။ တစ်နည်းအားဖြင့် အိမ်ထောင်ရေးဖောက်ပြန်သောသူတို့ကို ရည်ညွှန်းသည်။

က။ ကာမဂုဏ်ကို ကျူးလွန်နေသောသူများ ဖြစ်ကြသည်။

ခ။ မတရားသောမေထုန်ကို မှီဝဲနေသူများ ဖြစ်ကြသည်။

၃။ ထိုသို့ နေထိုင်ခြင်းသည် ဘုရားသခင်၏အလိုတော်ကို ဆန့်ကျင်ခြင်းဖြစ်သည်။ ဘုရားသခင်၏ အလိုတော်သည် မတရားသောမေထုန်မှီဝဲခြင်းကို ရှောင်၍ သန့်ရှင်းစွာ နေထိုင်ခြင်းဖြစ်သည်။ (၁သက် ၄း၃)

## *လောကီမိသဟာယသည်. . .*

၁။ လောကီမိတ်သဟာယသည်

 က။ လောကီနှင့်မိတ်ဖွဲ့ခြင်း၊

ခ။ လောကီနည်းဥပဒေသနှင့် အကျွမ်းတဝင် ဖြစ်နေခြင်း၊

ဂ။ လောကီနည်းနာအဖြာဖြာကို ခံယူလိုက်နာခြင်း၊ စသည်တို့ကို ဆိုလိုသည်။

၂။ ထိုသို့သော လောကီမိတ်သဟာယသည် -

 က။ ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်သည်။

ခ။ ဘုရားသခင်နှင့် ရင်းနှီးကျွမ်းဝင်မှုမရှိခြင်း ဖြစ်သည်။

ဂ။ ဘုရားသခင်နှင့် ရန်ဘက်ပြုနေခြင်း ဖြစ်သည်။

## *ဤလောကနှင့် မိသဟာယဖွဲ့လိုသောသူသည်. . .*

၁။ 'ဤလောကနှင့် မိတ်သဟာယဖွဲ့လိုသောသူသည်'

 က။ လောကီနှင့် မိတ်ဖွဲ့လိုသောသူ၊

ခ။ လောကီနည်းဥပဒေသကို ရွေးချယ်သောသူ ကိုဆိုလိုသည်။

၂။ ထိုသို့သောသူသည် -

က။ ဘုရားသခင်၏ ဆန့်ကျင်ဘက်အဖြစ် သတ်မှတ်ခြင်းခံရသည်။

ခ။ ဘုရားသခင်၏ ရန်သူ ဖြစ်သည်။

၃။ ဂရိ - kathistemi - သည် -

က။ present active passive (ခံရသူပြု ကာလ) ဖြစ်သည်။

ခ။ သတ်မှတ်ခြင်းခံရသည်။

ဂ။ ခန့်ထားခြင်းခံရသည် စသည်တို့ဖြစ်သည်။

၄။ ဆိုလိုသည်မှာ- လောကီနှင့် မိတ်သဟာယဖွဲ့လိုသောကြောင့် လောကီ နည်းဥပဒေသကို ရွေးချယ်သောသူသည် ဘုရားသခင်၏ ရန်သူအဖြစ် သတ်မှတ်ခန့်ထားခြင်းခံရသောသူ ဖြစ်သည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၁၇)

## ကျမ်းစာ၏ သက်သေခံချက်

*ကျမ်းစာချက်အချည်းနှီးသက်သက်ဖြစ်သည်ဟူ၍၄င်း၊ ငါတို့၌ တည်နေသောဝိညာဉ်တော်သည် ငြူစူစေချင် သောသဘောရှိသည် ဟူ၍၄င်း ထင်ကြသလော။ ထို ဝိညာဉ်တော်သည် သာ၍ များသောကျေးဇူးကိုပြုတော် မူ၏။ ထိုသို့နှင့်အညီ ကျမ်းစာလာသည်ကား၊ ထောင် လွှားစော်ကားသောသူတို့ကို ဘုရားသခင် ဆီးတား တော်မူ၏။ စိတ်နှိမ့်ချသောသူတို့အားကျေးဇူးပြုတော် မူ၏ဟုလာသတည်း။ (ယာကုပ် ၄း၅-၆)*

***ကျမ်းစာချက်အချည်းနှီးသက်သက်ဖြစ်သည်. . .***

၁။ ကျမ်းစာသည် မည်သည့်အခါမျှ အချည်းနှီး သက်သေမခံ။

၂။ သမ္မာကျမ်းစာ ပြောသမျှသောအရာတို့သည် -

က။ အမှန်ဖြစ်သည်။

ခ။ အတည်ဖြစ်သည်။

၃။ ထို့ကြောင့် သမ္မာကျမ်းစာပြောသောအရာများကို အလေးထားကြရမည်။

***ငါတို့၌ တည်နေသောဝိညာဉ်တော်သည်. . .***

၁။ သမ္မာကျမ်းစာ မည်သည့်အကြောင်းကို ပြောနေသနည်း။

၂။ ဤကျမ်းပိုဒ်အရ သမ္မာကျမ်းစာသည် အောက်ပါအတိုင်း သက်သေခံ၏။

က။ သန့်ရှင်းသောဝိညာဉ်တော်သည် အကျွန်ုပ်တို့အထဲ၌ ကိန်းဝပ်နေ သည်။

ခ။ ထိုဝိညာဉ်တော်သည် ငြူစူလျက် ရှိနေသည်။

- ငြူစူစေချင်သောသဘော(ဂရိ-phthonos (သဝန်တိုခြင်း) + epipotheo (တောင်းတခြင်း)တို့ပေါင်းစပ်ထားသည်။

- သန့်ရှင်းသောဝိညာဉ်တော်၏ အလိုဆန္ဒမပြည့်ဝခြင်း
ဟုလည်း ပြန်ဆိုနိုင်သည်။

၃။ ဆိုလိုသည်မှာ-

က။ ဘုရားသခင်၏ ဝိညာဉ်တော်သည် အကျွန်ုပ်တို့ကို လောကီနှင့် မိတ်ဖွဲ့ခြင်းငှာ လုံးဝ အလိုမရှိပါ။

ခ။ ထိုဝိညာဉ်တော်သည် အကျွန်ုပ်တို့ကို အခြားသူတဦးဦးနှင့် မိတ်ဖွဲ့ခြင်းငှာ နှမြောတသလျက်ရှိသည်။

၄။ ဤသို့သော သမ္မာကျမ်းစာ၏ သက်သေခံချက်သည် မည်သည့်အခါမျှ အချည်းနှီးသက်သက် မဖြစ်နိုင်။ ဤသက်သေခံချက်ကို အကောင်အထည် ဖော်သောအားဖြင့် ဝိညာဉ်တော်ဘုရားက များစွာသောကျေးဇူးကို ပြုတော်မူသည်။

***ထိုဝိညာဉ်တော်သည် သာ၍များသောကျေးဇူးကိုပြုတော်မူ၏. . .***

၁။ အထက်က သမ္မာကျမ်းစာ၏ သက်သေခံချက်ကို အကောင်အထည် ဖော်သောအားဖြင့် ဝိညာဉ်တော်ဘုရားက များစွာသောကျေးဇူးကို ပြုတော်မူသည်။

၂။ ထိုကျေးဇူးပြုခြင်းသည်လည်း သမ္မာကျမ်းစာအတိုင်းပင် ဖြစ်သည်။

၃။ သမ္မာကျမ်းစာလာသည်ကား၊ ဘုရားသခင်သည် -

က။ ထောင်လွှားစော်ကားသောသူတို့ကို ဆီးတားတော်မူ၏။

ခ။ စိတ်နှိမ့်ချသောသူတို့ကို ကျေးဇူးပြုတော်မူ၏။

***ထောင်လွှားစော်ကားသောသူတို့ကို ဆီးတားခြင်း***

၁။ ထောင်လွှားစော်ကားသောသူ (ဂရိ- huperrephanos ) သည် -

က။ သူတစ်ပါးအထက်၌ ထင်ရှားလိုသောသူ၊

ခ။ မောက်မာသောသူ၊

ဂ။ မာနကြီးသောသူ စသည်တို့ဖြစ်သည်။

၂။ ဆီးတား (ဂရိ-anti-tasso) သည် -
  က။ ဆန့်ကျင်သည်၊
  ခ။ ခုခံသည် စသည်တို့ဖြစ်သည်။
၃။ ဘုရားသခင်သည် မောက်မာသောသူတို့ကို ဆန့်ကျင် ခုခံလျက် ရှိသည်။

***စိတ်နှိမ့်ချသောသူတို့ကို ကျေးဇူးပြုခြင်း***

၁။ ဘုရားသခင်သည် စိတ်နှိမ့်ချသောသူတို့ကို ကျေးဇူးပြုတော်မူသည်။
၂။ ကျေးဇူးပြု (ဂရိ- didomi + charis) တို့ပေါင်းစပ်ထားသည်။
  က။ ပေးခြင်း + ဆုကျေးဇူး (မျက်နှာသာ) တို့ပေါင်းစပ်ထားခြင်း ဖြစ်သည်။
  ခ။ ဘုရားသခင်သည် မျက်နှာသာ(ဆုလာဒ်)ကို ပေးသည် ဟု တိုက်ရိုက် အနက်ဖွင့်ဆိုနိုင်သည်။
၃။ ဘုရားသခင်သည် စိတ်နှိမ့်ချသောသူတို့ကို မျက်နှာသာ (ဆုလာဒ်) ပေးသနားတော်မူသည်။
၄။ ထို့ကြောင့် ဘုရားသခင်သည် အကျွန်ုပ်တို့အပေါ် ကျေးဇူးပြုသောအခါ
  က။ မျက်နှာသာပေးသည်။
  ခ။ ဆုလာဒ်များ ပေးသည်။
  ဂ။ တတ်စွမ်းစေနိုင်သည်။
  ဃ။ မစတော်မူသည်။
 ဤအကြောင်းခြင်းရာတို့သည် သမ္မာကျမ်းစာ၏ သက်သေခံချက်များ ဖြစ်သည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၃၈)

## ဘုရားသခင်ကို ချဉ်းကပ်ခြင်း (၁)

*ထို့ကြောင့်၊ ဘုရားသခင်၏အလိုတော်သို့လိုက်ကြလော့။ မာရ်နတ်ကို ဆီးတားကြလော။ သို့ပြုလျှင်၊ သူသည် သင်တို့ထံက ပြေးသွားလိမ့်မည်။ ဘုရားသခင်၌ ချဉ်းကပ်ကြလော့။ သို့ပြုလျှင်၊ သင်တို့၌ ချဉ်းကပ်တော်မူလိမ့်မည်။ အပြစ်ရှိသောသူတို့၊ သင်တို့လက်ကိုစင်ကြယ်စေကြလော့။ စိတ်နှစ်ခွရှိသောသူတို့၊ သင်တို့စိတ်နှလုံးကို သန့်ရှင်းစေကြလော့။*

*(ယာကုပ် ၄း၇-၈)*

***ထို့ကြောင့်၊ ဘုရားသခင်၏အလိုတော်သို့ လိုက်ကြလော့***

၁။ 'ထို့ကြောင့်' သည် စကားဆက်ဖြစ်သည်။

 က။ ယာကု ၄း၆ နှင့် ၄း၇ တို့ကို ဆက်စပ်ပေးသည်။

ခ။ အကျိုးနှင့်အကြောင်းကို ဆက်စပ်ပေးသည်။

၂။ ဘုရားသခင်သည် စိတ်နှိမ့်ချသောသူတို့ကို ကျေးဇူးပြုတော်မူသည်။ သို့သော် မောက်မာသောသူတို့ကို ဆန့်ကျင်ခုခံတော်မူသည်။

(ယာကုပ် ၄း၆)

၃။ ထို့ကြောင့် -

က။ မာနကိုချ၍ ဘုရားသခင်၏အလိုတော်ကို ရှာရမည်။

ခ။ နှိမ့်ချသောစိတ်နှင့် ဘုရားသခင်၏အလိုတော်သို့ လိုက်ကြရမည်။

၄။ စိတ်နှလုံး နှိမ့်ချခြင်းမရှိဘဲ အဘယ်သူမျှ ဘုရားသခင်၏အလိုတော်သို့ မလိုက်လျှောက်နိုင်။

## ***မာရ်နတ်ကို ဆီးတားကြလော. . .***

၁။ မာရ်နတ်ကို -

က။ ဆန့်ကျင်ကြလော့။

ခ။ ခုခံကြလော့။

ဂ။ အခွင့်မပေးဘဲ နေကြလော့။

၂။ မာရ်နတ်ကို မည်သို့ ဆီးတားမည်နည်း။

က။သမ္မာကျမ်းစာနှင့် မအပ်စပ်သောအကြံဟူသမျှကို သတိနှင့်ရှောင်ခြင်း (ယောဟန် ၁၃း၂)

ခ။ စုံစမ်းနှောင့်ယှက်ခြင်းကာလ၌ သတိဝိရိယနှင့်ဆုတောင်းခြင်း၊ (မဿဲ ၂၆း၄၁)

ဂ။ မိမိ၏အလိုဆန္ဒကို စွန့်လွှတ်၍ ဘုရားသခင်၏အလိုတော်ကို ဝန်ခံခြင်း၊ (မဿဲ ၂၆း၃၉)

ဃ။ ကျမ်းစာပြည့်စုံမည့်အရေးကိုသာ ရွေးချယ်ခြင်း (လုကာ၂၄း၄၄-၄၆) စသည်တို့ဖြင့် မာရ်နတ်ကို ခုခံရမည် ဖြစ်သည်။

၃။ ထိုသို့ပြုလျှင် စာတန်မာရ်နတ်သည် အကျွန်ုပ်တို့ထံမှ -

က။ ရှောင်ထွက်သွားမည်။

ခ။ ပြေးထွက်၍ ပျောက်လိမ့်မည်။

ဂ။ အဝေးသို့ ရှောင်ပြေးလိမ့်မည်။ (မဿဲ ၄း၁၀၊ ၁၆း၂၃)

## ***ဘုရားသခင်၌ ချဉ်းကပ်ကြလော့. . .***

၁။ 'ဘုရားသခင်၌ ချဉ်းကပ်ကြလော့' သည် ဦးစားပေး ဆောင်ရွက်အပ်သောအမှု ဖြစ်သည်။

က။ Imperative ဖြင့်ရေးသားသည်။ အနက်မှာ 'စေခိုင်းသောအချက်' ဖြစ်ကြောင်း ထင်ရှားစေသည်။

ခ။ ဘုရားသခင်ကို ချဉ်းကပ်ခြင်းသည် အမိန့်ကဲ့သို့ စေခိုင်းချက်ဖြစ်သည်။

၂။ ဘုရားသခင်ကို မည်သို့ ချဉ်းကပ်ကြမည်နည်း။
 က။ ဘုရားသခင်သည် ထာဝရသန့်ရှင်းသည်ကို အစဉ်သတိရပါ။
ခ။ အကျွန်ုပ်တို့သည် အပြစ်သားများဖြစ်ကြသည်ကိုလည်း အစဉ်သတိရရမည်။
ဂ။ ထို့ကြောင့် -
- လက်ကိုစင်ကြယ်စေခြင်းဖြင့်လည်းကောင်း၊
- စိတ်နှလုံးနှစ်ခွမရှိဘဲ၊ မိမိတို့စိတ်နှလုံးကို သန့်ရှင်းစေခြင်းဖြင့်လည်းကောင်း ဘုရားသခင်ကို ချဉ်းကပ်ရမည်။

### *လက်နှင့် စိတ်နှလုံးတို့ကို သန့်ရှင်းစင်ကြယ်စေခြင်း*

၁။ လက်ကို စင်ကြယ်စေခြင်း (ဂရိ-katharizo) သည် -
က။ ရေဖြင့် ဆေးကြောခြင်း၊
ခ။ သန့်စင်အောင် ဆေးကြောခြင်း ကိုဆိုလိုသည်။
၂။ မိမိတို့ကိုယ်တိုင် ကျူးလွန်သောအပြစ်များကို သန့်စင်အောင် ဆေးကြောရမည်။
က။ နှုတ်ကပတ်တော်ကို ကြားနာခြင်း (ယောဟန် ၁၅း၃)၊
ခ။ နောင်တရ၍ ဘုရားသခင်ထံ ဦးလှည့်ခြင်း (မဿဲ ၃း၈၊ ဟောရှေ ၆း၁-၃) စသည်တို့ဖြင့် စင်ကြယ်စေရမည်။
၃။ စိတ်နှလုံးကို သန့်ရှင်းစေခြင်း (ဂရိ- hagnizo) သည်
က။ နောင်တရ၍ ပြောင်းလဲခြင်း၊
ခ။ ဆက်ကပ်အပ်နှံခြင်းဖြင့် ဆေးကြောခြင်း၊
ဂ။ တစ်ခုခုဖြင့် သန့်ရှင်းအောင်ဆေးကြောခြင်း စသည်တို့ဖြစ်သည်။
၄။ မိမိတို့၏ စိတ်နှလုံး၌ ဆက်လက်၍ ဇဝေဇဝါ မဖြစ်ဘဲ
က။ ဘုရားသခင်ကိုသာ ကိုးစားခြင်း၊
ခ။ ဘုရားသခင်၏ အလိုတော်ကို ဦးစားပေးလိုက်နာခြင်း၊
ဂ။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နှလုံးသွင်းခြင်း (ဆာလံ ၁၁၉း ၁၁) စသည်ဖြင့် ရှင်သန်ရမည်။
ဤသည်ကား ဘုရားသခင်ကို ချဉ်းကပ်ခြင်းပေတည်း။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၃၉)

## ဘုရားသခင်ကို ချဉ်းကပ်ခြင်း (၂)

*ဆင်းရဲငိုကြွေးခြင်း၊ စိတ်မသာညည်းတွားခြင်း၊ ငိုကြွေးမြည်တမ်းခြင်း ရှိကြလော့။ သင်တို့ရယ်ခြင်းကို စိတ်မသာညည်းတွားခြင်း ဖြစ်စေကြလော့။ ဝမ်းမြောက်ခြင်းကိုလည်း ဝမ်းနည်းခြင်း ဖြစ်စေကြလော့။ ဘုရားသခင်ရှေ့တော်၌ ကိုယ်ကိုကိုယ်နှိမ့်ချကြလော့။ သို့ပြုလျှင်၊ သင်တို့ကို ချီးမြှောက်တော်မူလိမ့်မည်။*
*(ယာကုပ် ၄း၉-၁၀)*

***ဆင်းရဲငိုကြွေးခြင်း. . .***

၁။ ဘုရားသခင်ကို ချဉ်းကပ်ရာ၌ မိမိတို့၏အပြစ်များကြောင့်
- က။ ဆင်းရဲငိုကြွေးခြင်း၊
- ခ။ စိတ်မသာညည်းတွားခြင်း၊
- ဂ။ ငိုကြွေးမြည်တမ်းခြင်း စသည်တို့ရှိရမည်။

၂။ မိမိတို့၏ ဒုစရိုက်အပြစ်များကို ကောင်းစွာနားလည်သောအခါ
- က။ ရယ်မောခြင်းကိုပင် စိတ်မသာညည်းတွားခြင်းအဖြစ်သို့ လည်းကောင်း၊
- ခ။ ဝမ်းမြောက်ခြင်းကို ဝမ်းနည်းခြင်းအဖြစ်သို့ လည်းကောင်း၊ ပြောင်းလဲခြင်းရှိရမည်။

၃။ မိမိတို့၏အပြစ်ကြောင့် 'စိတ်မသာညည်းတွားသောသူတို့သည် မင်္ဂလာရှိသည်'။ (မဿဲ ၅း၄)
- က။ သခင်ခရစ်တော်ကိုယ်တိုင် သွန်သင်ချက် ဖြစ်သည်။
- ခ။ စစ်မှန်သော နောင်တတရား၏ အမှတ်သင်္ကေတ ဖြစ်သည်။

(တမန် ၂း၃၇)

***ဘုရားသခင်ရှေ့တော်၌ ကိုယ်ကိုကိုယ်နှိမ့်ချကြလော့. . .***

၁။ နှိမ့်ချ (ဂရိ-tapeino) ဟူသည့် စကားလုံးသည် -

က။ စိတ်ဓါတ် ကျဆင်းသည်၊

ခ။ စိတ်သိမ်ငယ်သည်၊

ဂ။ အရှက်တကွဲဖြစ်သည် စသည်တို့ဖြစ်သည်။

၂။ ဘုရားသခင်ရှေ့တော်၌ မိမိအပြစ်ကြောင့် -

က။ စိတ်အားငယ်နေသည်။

ခ။ အရှက်တကွဲဖြစ်နေသည်။

၃။ အမှန် နှိမ့်ချသောသူသည် ဘုရားရှေ့၊ လူရှေ့၌ အရှက်တကွဲဖြစ်၍ စိတ်အားငယ်နေရမည်ဖြစ်သည်။ ထိုသူသည် ဘုရားသခင်ကို

က။ ထာဝရဘုရားအဖြစ် လည်းကောင်း၊

ခ။ မိမိ၏ အသက်သခင်နှင့် အရှင်အဖြစ် လည်းကောင်း၊ ဝန်ခံနေမည် ဖြစ်သည်။

၄။ ထာဝရဘုရားသခင်ကို မိမိ၏အသက်သခင်အဖြစ် ဝန်ခံသောသူသည်

က။ မိမိ၏ အလုဆန္ဒများကို စွန့်လွှတ်မည်၊

ခ။ သခင်၏အစေအခိုင်းကိုသာ ဦးထိပ်ထားမည်၊

ဂ။ 'သခင့်စေရာ၊ မိမိကြွင်ရာ' အဖြစ်ခံယူ အသက်ရှင်မည် ဖြစ်သည်။

၅။ ဘုရားသခင်သည် ထိုသို့မိမိကိုယ်ကို နှိမ့်ချသောသူကိုချီးမြှောက်လိမ့်မည်။

က။ ချီးမြှောက် (ဂရိ-hupsoo) သည်

- အပေါ်သို့ မြင့်တင်သည်၊
- မြှောင်ပင့်သည်၊
- ချီးမြှောက်သည် စသည်တို့ဖြစ်သည်။

ခ။ တစ်နည်းအားဖြင့်ဆိုသော်၊ ထိုသို့ နှိမ့်ချသောသူကို ဘုရားသခင် သည် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။ သခင်ခရစ်တော်ကိုယ်တိုင်က လည်း အလားတူ မိန့်တော်မူခဲ့သည်။

*ငါ၏အမှုကို ဆောင်ရွက်သောသူဖြစ်လျှင် ငါ့နောက်သို့လိုက် ရမည်။ ငါ၏အမှုဆောင်သည်လည်း ငါရှိရာအရပ်၌ရှိလိမ့် မည်။ ငါ၏အမှုကို ဆောင်ရွက်သောသူဖြစ်လျှင်ထိုသူကို ခမည်းတော်သည် ချီးမြှောက်တော်မူလတံ့။ (ယော ၁၂း၂၆)*

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၄၀)

## တရားကို အစိုးရသောသူ

*ညီအစ်ကိုတို့၊ အချင်းချင်း တယောက်ကိုတယောက် ကဲ့ရဲ့ခြင်းကို မပြုကြနှင့်။ ညီအစ်ကိုချင်းကို ကဲ့ရဲ့၍၊ သူ၌ အပြစ်ရှိသည်ဟု စီရင်သောသူသည် တရားကို ကဲ့ရဲ့၏။ တရား၌ အပြစ်ရှိသည်ဟု စီရင်၏။ ထိုသို့ပြုလျှင်၊ သင်သည်တရားကို ကျင့်သောသူမဟုတ်၊ တရားကိုစစ်ကြောစီရင်သောသူဖြစ်၏။ ပညတ်တရားကို ထားပိုင်သောသူ၊ စစ်ကြောစီရင်ပိုင်သောသူတပါးတည်း ရှိတော်မူ၏။ ထိုသူသည် ကယ်တင်ခြင်းငှါငှင်း၊ ဖျက်ဆီးခြင်းငှါငှင်း၊ တတ်နိုင်တော်မူ၏ သူတပါးကိုစစ်ကြောစီရင်သောသင်သည်ကား အဘယ်သူနည်း။*

*(ယာကုပ် ၄း၁၁-၁၂)*

***တရား***

၁။ တရားဟူသည်မှာ ပညတ်ကို ဆိုလိုသည်။

၂။ ထို့ကြောင့် တရားသည် -

က။ ဘုရားသခင်ပေးသနားတော်မူသော ပညတ်ချက်များ၊

ခ။ သခင်ခရစ်တော်၏ မိန့်မှာချက်များ၊

ဂ။ သမ္မာကျမ်းစာ၏ သွန်သင်ချက်များ စသည်တို့ဖြစ်သည်။

***တရားကိုမကျင့်သောသူ***

၁။ အချင်းချင်း ကဲ့ရဲ့တတ်ကြသည်။

၂။ တစ်ယောက်ကိုတစ်ယောက် အပြစ်ရှိသည်ဟု စီရင်တတ်ကြသည်။

၃။ ထိုသို့ ယုံကြည်သူအချင်းချင်း ကဲ့ရဲ့ပြစ်တင်ခြင်းသည်

က။ တရားကို ကဲ့ရဲ့ခြင်းဖြစ်သည်။

ခ။ တရားကို စစ်ကြောစီရင်ခြင်း ဖြစ်သည်။
ဂ။ တရားကို မကျင့်ခြင်းပင် ဖြစ်သည်။
၄။ ဤသူသည် တရားကို မကျင့်သောသူ ဖြစ်သည်။

### *တရားကိုကျင့်သောသူ*

၁။ တရားသည် ကျင့်ရမည့်အရာ ဖြစ်သည်။
၂။ ဘုရားသခင်သည် အကျွန်ုပ်တို့၏ ကောင်းစားရေးအတွက် တရားများကို ပေးသနားတော်မူသည်။ (ထွက် ၁၂း၁၀-၁၁)
၃။ တရားကို ကျင့်သောသူသည် -
က။ ယုံကြည်သူညီအစ်ကိုတို့ကို ကဲ့ရဲ့ခြင်း မပြု။
ခ။ ယုံကြည်သူညီအစ်ကိုတို့ကို ကဲ့ရဲ့၍ အပြစ်စီရင်ခြင်း မပြု။
ဂ။ တရားကိုလည်း မည်သည့်အခါမှ စစ်ကြောစီရင်ခြင်း မပြု။
ဃ။ တရားအတိုင်း မိမိအသက်တာကို ပြုပြင်နေမည် ဖြစ်သည်။
(၁း ၂၂-၂၅)
၄။ ထိုသူသည် တရားကို ကျင့်သောသူ ဖြစ်သည်။

### *တရားကို အစိုးရသောသူ*

၁။ လူသည် တရားကို အစိုးရသောသူ မဟုတ်။
၂။ တရားကို အမှန် အစိုးရသောသူ တစ်ပါးတည်းရှိသည်။
၃။ ထာဝရဘုရားသခင်သည် တရားကို အစိုးရသော တစ်ပါးတည်းသောသူ ဖြစ်သည်။ သူသည် -
က။ ကယ်တင်နိုင်သောသူ၊
ခ။ ဖျက်ဆီးနိုင်သောသူ၊
ဂ။ တရားကိုပေးပိုင်သောသူ၊
ဃ။ တရားကို စစ်ကြောစီရင်ပိုင်သောသူ ဖြစ်တော်မူသည်။
၄။ ထို့ကြောင့် ဘုရားသခင်သာလျှင် -
 က။ တရားကို အစိုးပိုင်သည်။
ခ။ အကျွန်ုပ်တို့ အယောက်စီတိုင်းကို တရားစီရင်ပိုင်သည်။

၅။ စီရင်ပိုင်သောသူ ဘုရားသခင်တစ်ပါးတည်းကို ကြောက်ရမည်။
ဘုရားသခင်ကို အမှန်ကြောက်လျှင် အချင်းချင်းကဲ့ရဲ့ပြစ်တင်ခြင်း၊ တရားကို စစ်ကြောစီရင်ခြင်းအမှုတို့ကို လုံးဝမပြုသင့်ချေ။ သခင်ခရစ်တော်ကိုယ်တိုင်၏ မိန့်တော်မူချက်ကို ပြန်လည်သတိရမိသည်။

*တနည်းကား၊ ကိုယ်ခန္ဓာကိုသာသတ်၍ စိတ်ဝိညာဉ်ကို မသတ်နိုင်သောသူတို့ကို မကြောက်ကြနှင့်။ ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်ကို ငရဲ၌ဖျက်ဆီးနိုင်သောသူကိုသာ၍ ကြောက်ကြလော့။*

*(မဿဲ ၁၀း၂၈)*

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၄၁)

## ထောင်လွှားခြင်း လက္ခဏာ

*ယနေ့နက်ဖြန် ဤမည်သောမြို့သို့သွားကြကုန်အံ့၊ ထိုမြို့၌ တနှစ်ပတ်လုံးနေ၍ ကုန်သွယ်သဖြင့် အမြတ်ရအောင်ပြုကြကုန်အံ့ဟု ဆိုတတ်သောသူတို့၊ နားထောင်ကြလော့။ နက်ဖြန်နေ့၌ အဘယ်သို့ဖြစ်မည်ကို သင်တို့မသိကြ၊ သင်တို့အသက်သည် အဘယ်သို့သောအရာဖြစ်သနည်း။ ခဏထင်ရှားပြီးမှ ကွယ်ပျောက်တတ်သောအခိုးအငွေ့ဖြစ်၏။ (ယာကုပ် ၄း၁၃-၁၄)*

### *ထောင်လွှားသောသူ*

၁။ ထောင်လွှားသောသူသည် =

ကက။ မိမိအလိုအတိုင်း ကြံစည်သည်။

ခ။ မိမိဆန္ဒအတိုင်း စီမံကိန်းချသည်။

၂။ ထောင်လွှားသောသူသည် -

က။ ဘယ်နေ့ဘယ်ချိန်၌ အဘယ်မည်သောနေရာသို့ သွားမည်၊

ခ။ အဘယ်မည်သော စီးပွားကို လုပ်မည်၊

ဂ။ အဘယ်မျှလောက်သော အကျိုးအမြတ်ကို ရအောင်ရှာမည်ဟု ဆိုတတ်ကြသည်။

၃။ တစ်နည်းအားဖြင့်ဆိုသော်၊ ထောင်လွှားသောသူသည် -

က။ မိမိဘဝကို ပိုင်စိုးသကဲ့သို့ ကြံစည်တတ်သည်။

ခ။ အနာဂတ်ကို ကြိုသိထားသကဲ့သို့ စီမံကိန်းချတတ်သည်။

ဂ။ အချိန်နာရီတို့ကို ဆုပ်ကိုင်ထားသကဲ့သို့ စိတ်ကူးတတ်သည်။

ဃ။ ဘုရားသခင်ကို မိမိ၏စိတ်နှလုံးအတွင်းမှ ပယ်ထုတ်တတ်သည်။

ဤသည်ကား ထောင်လွှားခြင်း လက္ခဏာ ဖြစ်သည်။

### *နားထောင်၍ သတိပြုအပ်သော အမှန်တရား*

၁။ ထောင်လွှားသောသူသည် အောက်ဖော်ပြပါစကားကို နားထောင်၍ -

က။ ကြားနားခွင့် ရှိသေးသည်။

ခ။ နားလည်ခံယူခွင့် ရှိသေးသည်။

ဂ။ ပြောင်းလဲခွင့် ရှိသေးသည်။

၂။ ထောင်လွှားသောသူ သတိပြုအပ်သော အမှန်တရားမှာ -

က။ မနက်ဖြန် ဘာဖြစ်မည်ကို အဘယ်သူမျှ မသိ။

ခ။ မိမိတို့အသက်သည်လည်း အဘယ်သို့ ဖြစ်မည်ကို မည်သူမျှ မသိ။

ဂ။ မိမိတို့အသက်တစ်ချောင်းသည် ခဏသာထင်ရှားပြီး ကွယ်ပျောက်တတ်သော မီးခိုးအငွေ့ဖြစ်သည်။

၃။ ဤအမှန်တရားနှင့် စပ်လျဉ်းပြီး သခင်ယေရှုသည် မိုက်မဲသောသူဌေး ဥပမာပေးခဲ့သည်။ (လုကာ ၁၂း၁၆-၂၁)

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၄၂)

## ထာဝရဘုရားသခင်ကို မှီခိုခြင်း

*ထာဝရဘုရားသည် အလိုတော်ရှိ၍၊ ငါတို့သည်လည်း အသက်ရှင်လျှင်၊ ဤသို့ပြုကြကုန်အံ့၊ ထိုသို့ပြုကြကုန်အံ့ ဟု သင်တို့ ဆိုသင့်ရာဖြစ်သည်။ ယခု သင်တို့သည် မိမိ ထောင်လွှားခြင်း၌ ဝါကြွားကြသေး၏။ ထိုသို့သော ဝါကြွားခြင်းရှိသမျှသည် မကောင်းမသင့်ဖြစ်၏။*

*(ယာကုပ် ၄း၁၅-၁၆)*

### *ထာဝရဘုရားသခင်ကို မှီခိုသောသူ*

၁။ ထောင်လွှားသောသူနှင့် လုံးဝ မတူဘဲ၊ ထာဝရဘုရားသခင်ကို မှီခိုသောသူသည် -

က။ ထာဝရဘုရားသခင်၏ အလိုတော်ကို ဦးထိပ်ထားသည်။

ခ။ ထာဝရဘုရားသခင်၏ အလိုတော်ကို အခြေခံ၍ စီမံကိန်းချသည်။

ဂ။ ထာဝရဘုရားသခင်၏ အလိုတော်ကို ရှေးတန်းတင်ပြီး လိုအင်ဆန္ဒပြုသည်။

၂။ ထို့ကြောင့် ထာဝရဘုရားကို မှီခိုသောသူသည် -

က။ မိမိအသက်ကို မိမိကိုယ်တိုင်က မပိုင်၊ အစိုးမရသည်ကို သိသည်။

ခ။ ဘုရားသခင်အလိုရှိမှသာ ဆက်လက်ရှင်သန်ရမည်ကို သိသည်။

ဂ။ ဘုရားသခင်အလိုတော်ရှိမှသာ စီမံကိန်း၊ အကြံအစည် စသည်တို့ ထမြောက်နိုင်သည်ကိုလည်း သိသည်။

### *မိမိထောင်လွှားခြင်း၌ ဝါကြွားခြင်း မပြုတတ်*

၁။ ထောင်လွှားသောသူသည် မိမိထောင်လွှားခြင်းအမှု၌ ဝါကြွားတတ်သည်။

၂။ ယာကုပ် ၄း၁၃-၁၄ ၌ ထောင်လွှားခြင်းအမှု၌ ဝါကြွားနေသောသူတို့ကို တွေ့ရသည်။

၃။ ထာဝရဘုရားသခင်ကို မှီခိုသောသူသည်

က။ ထောင်လွှားခြင်းအမှု မပြုတတ်။

ခ။ မိမိအကြံအစည်တို့၌ ဝါကြွားခြင်း မပြုတတ်။

၄။ အကြောင်းမူကား ထာဝရဘုရားသခင်ကို မှီခိုသောသူသည် ထောင်လွှားခြင်းအမှု၌ ဝါကြွားခြင်းသည် မကောင်းမသင့် ဖြစ်သည်ကို သိသည်။

၅။ ဤသူသည် ထာဝရဘုရားသခင်ကို မှီခိုသောသူ ဖြစ်သည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၄၃)

## အသိ၊ အကျင့်နှင့် အပြစ် တို့၏ဆက်စပ်မှု

***ထို့ကြောင့်၊ ကောင်းသောအကျင့်ကိုသိလျက် မကျင့်ဘဲ နေသောသူသည် အပြစ်ရှိ၏။***

***(ယာကုပ် ၄း၁၇)***

***ထို့ကြောင့်***

၁။ ထောင်လွှားခြင်းသည် မကောင်းမသင့်သော အရာဖြစ်သည်။

၂။ ထောင်လွှားခြင်းအမှု၌ ဝါကြွားခြင်းသည် လုံးဝမကောင်းသောအရာ ဖြစ်သည်။

၃။ ယုံကြည်သူမှန်လျှင် ဘုရားသခင်၏အလိုတော်ကို ဦးထိပ်ထားရမည်။

က။ အလိုတော်ကို အခြေခံ၍ စဉ်းစားရမည်။

ခ။ အလိုတော်ကို အမှီပြု၍ စီမံရမည်။

ဂ။ အလိုတော်ပြည့်စုံစေရန် အသက်ရှင်ရမည်။

၄။ ထာဝရဘုရားသခင်ကို အမှီပြု၍ ကျင့်ကြံပြုမူရမည် ဖြစ်သည်။

***ကောင်းသောအကျင့်ကို. . .***

၁။ ကောင်းသောအကျင့်သည် -

က။ ထောင်လွှားခြင်းမပြုဘဲ နေထိုင်ကျင့်ကြံခြင်း ဖြစ်သည်။

ခ။ ထာဝရဘုရားသခင်ကို မှီခိုအားကိုးခြင်း ဖြစ်သည်။

၂။ ထာဝရဘုရားသခင်၏ အလိုတော်ကို ဦးထိပ်ထား၍ အသက်ရှင်ခြင်းသည် ကောင်းမြတ်သည်။

၃။ ဤကောင်းသောအကျင့်ကို သိလျက် မကျင့်ဘဲနေခြင်းသည် အပြစ်ဖြစ်သည်။ ဆိုလိုသည်မှာ ထာဝရဘုရားသခင်၏ အလိုတော်ကို ဗဟိုမပြုဘဲ ကျင့်ကြံနေထိုင်ခြင်းသည် (မိမိ၏စိတ်အလိုအတိုင်း ဝါကြွားနေခြင်းသည်) အပြစ်ဖြစ်သည်။

၄။ အသက်တာ၌ အသိနှင့် အကျင့်တခြားစီ ဖြစ်တည်ခြင်းသည် အပြစ်ဖြစ်သည်။ ဤသည်ကား အသိ၊အကျင့်နှင့် အပြစ်တို့ကို ဆက်စပ်မှုဖြစ်သည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၄၄)

## ပျက်စီးလျက်ရှိသော လောကစည်းစိမ်

***အချင်းသူဌေး၊ သူကြွယ်တို့၊ ယခုလာကြ။ သင်တို့အပေါ်၌ ရောက်လတံ့သော ဆင်းရဲဒုက္ခဝေဒနာ ကြောင့် ငိုကြွေးအော်ဟစ်ကြ။ သင်တို့ ဥစ္စာပစ္စည်းသည် ပုပ်ပစ်လျက်ရှိ၏။ အဝတ်ကိုလည်းပိုးကိုက်စားလေပြီ။***
***(ယာကုပ် ၅း၁-၂)***

***အချင်းသူဌေး. . .***

၁။ ‘အချင်းသူဌေး၊ သူကြွယ်တို့’ သည် -
 က။ ချမ်းသာသောသူတို့၊
ခ။ ဥစ္စာပစ္စည်းကြွယ်ဝသောသူတို့ကို ဆိုလိုသည်။

၂။ ပိုင်ဆိုင်ထားသော စည်းစိမ်သည် -
 က။ ကယ်တင်ခြင်း မပေးနိုင်။
ခ။ ကယ်တင်ခြင်း ရရှိရန် ပို၍ ခက်ခဲစေသည်။ (မဿဲ ၁၉း၂၃-၂၆)

၃။ ချမ်းသာသောသူတို့သည် အမင်္ဂလာရှိကြသည်။ (လုကာ ၆း၂၄)
အကြောင်းရင်းမှာ
 က။ သူတို့သည် လက်ရှိအချိန်၌ သက်သာခြင်းရရှိပြီး ဖြစ်ကြသည်။
ခ။ သူတို့သည် နောင်ကာလ၌ ဆင်းရဲဒုက္ခဝေဒနာ ခံစားကြ ဦးမည်ဖြစ်သည်။ (လုကာ ၁၈း၁၈-၂၃)
- ကယ်တင်ခြင်း မရရှိသောကြောင့် ဆင်းရဲခြင်း၊
- စည်းစိမ်ဥစ္စာကို မစွန့်နိုင်သောကြောင့် ဆင်းရဲခြင်း၊
- ငွေသာလျှင် ရတတ်၍၊ ယုံကြည်ခြင်းရတနာကို မရတတ်ခြင်းကြောင့် ဆင်းရဲခြင်း စသည်တို့ ဖြစ်သည်။

၄။ ဤအချက်များကြောင့်၊ သူဌေးတို့သည် ယခုလက်ရှိအချိန်၌ ငိုကြွေးအော်ဟစ်ကြရမည်။

### *သင်တို့ ဥစ္စာပစ္စည်းသည်. . .*

၁။ သူတို့ပိုင်ဆိုင်သော -

ကျ။ ပစ္စည်းများ၊

ခ။ အဝတ်အစားများသည် ပျက်စီးကြသည်။

၂။ သူတို့ပိုင်ဆိုင်သမျှသော အရာတို့သည် -

က။ ပုပ်ပျက်ကြသည်။

ခ။ ပိုးကိုက်စားခြင်းခံရကြသည်။

၃။ လောကီစည်းစိမ်တို့သည် အချည်းနှီးသာဖြစ်ကြသည်။ တည်မြဲသည် မရှိ။

၄။ သခင်ခရစ်တော်ကိုယ်တိုင် အောက်ပါအတိုင်း သွန်သင်ခဲ့သည်။

*သံချေး၊ ပိုးရွှဖျက်ဆီး၍ သူခိုးထွင်းဖောက်ခိုးယူရာ မြေကြီး ပေါ်မှာ ဘဏ္ဍာကို မဆည်းဖူးကြနှင့်။ သံချေး၊ ပိုးရွှ မဖျက်ဆီး ၍ သူခိုး မထွင်းမဖေါက် မခိုးမယူရာ ကောင်းကင်ဘုံ၌ ဘဏ္ဍာကို ဆည်းဖူးကြလော့။* *(မဿဲ ၆း၂၄)*

### *လောကစည်းစိမ်တို့ မတည်မြဲသည့်သဘော*

၁။ 'ပုပ်စပ်လျက်ရှိသည်' နှင့် 'ပိုးကိုက်စားလေပြီ' တို့သည် perfect tense (လက်ရှိအချိန်၌ ဖြစ်ပြီးသော ကာလပြ) ဖြင့် ရေးသားထားသည်။

၂။ လောကစည်းစမ်တို့သည် အတိတ်တစ်ချိန်ကတည်းက ပျက်စီးပြီး ယခု လက်ရှိအချိန်ထိတိုင် ပျက်စီးခြင်းအကျိုးသက်ရောက်လျှက် ရှိနေသည်။

၃။ ချမ်းသာသောသူသည် ပျက်ဆီးနေသော ပစ္စည်းဥစ္စာများကို လက်ရှိပိုင် ဆိုင်သောသူ ဖြစ်သည်။

၄။ ထို့အပြင် ဤလောကီစည်းစမ်တို့သည် မြေကြီးဘဏ္ဍာဖြစ်သောကြောင့် တစ်နေ့ လုံး၀ ပျက်စီးမည်ဖြစ်သည်။ လောကစည်းစိမ်တို့၏ မတည်မြဲ ခြင်းသည်သာ တည်မြဲနေသည် ဟုဆိုရပေမည်။ ယင်းအချက်သည်လည်း ချမ်းသာသောသူတို့ထံ ကျရောက်မည့် ဝေဒနာ အစိတ်အပိုင်း ဖြစ်သည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၄၅)

## ဆန့်ကျင်ဘက် သက်သေများ

*ရွှေငွေလည်း အချေးတက်၍ ပျက်ကုန်ပြီ။ ထိုအချေးသည် သင်တို့တဘက်၌ သက်သေဖြစ်၍၊ မီးကဲ့သို့ သင်တို့အသားကို စားလိမ့်မည်။ နောက်ဆုံးသော နေ့ရက်ကာလအဘို့ ဘဏ္ဍာကို ဆည်းဖူးကြပြီတကား။ နားထောင်ကြ၊ သင်တို့လယ်ကွက်၌ ရိတ်သောသူတို့ကို လှည့်စား၍၊ အခမပေးဘဲနေသောကြောင့်၊ ထိုအခသည် ကြွေးကြော်လေ၏။ ရိတ်သောသူတို့၏ အော်ဟစ်ခြင်းအသံသည်လည်း၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏နားတော်ထဲသို့ ဝင်လေပြီ။*

*(ယာကုပ် ၅း၃-၄)*

***ရွှေငွေလည်း အချေးတက်၍. . .***

၁။ စုဆောင်းနိုင်ခြင်းသည် ချမ်းသာကြွယ်ဝခြင်းအတွက် အရေးပါသော အချက်ဖြစ်သည်။

၂။ သို့သော် စုဆောင်းနိုင်ခြင်းထက် စုဆောင်းတတ်ခြင်းသည် သာ၍ လိုအပ်သည်။

၃။ အချို့သော သူဌေးတို့သည် -

- က။ ရွှေငွေများကို စုဆောင်း၍ သိုထားကြသည်။
- ခ။ အချိန်ကြာမြင့်စွာ မသုံးဘဲသိုထားသောကြောင့် ထိုရတနာတို့သည် သံချေးတက်၍ ပျက်စီးကြသည်။'
- ဂ။ ယင်းသည် မှန်ကန်သော စုဆောင်းမှုကို မပြုကြသောကြောင့် ဖြစ်သည်။

### *ထိုအခွေးသည် သင်တို့တဘက်၌ သက်သေဖြစ်၍. . .*

၁။ ထိုသို့ သံချေးတက်သောအရာတို့သည် သူဌေးတို့ကို ဆန့်ကျင်၍သက်သေ ခံနေကြသည်။

၂။ ထိုသံချေးသည် သူဌေးတို့ကို ဆန့်ကျင်၍ အဘယ်သို့ သက်သေခံမည်နည်း။ ရွှေငွေတို့ကို ဖျက်ဆီးနေသော သံချေးတို့သည် သူဌေးတို့ကို ဆန့်ကျင်လျက် -

က။ လောကစည်းစိမ်ကို အလွန်မက်မောသည်ဟု လည်းကောင်း၊

ခ။ မမြဲသောလောကဘဏ္ဍာကိုသာ ဆည်းဖူးသည်ဟု လည်းကောင်း။ (မဿဲ ၆း၂၄)

ဂ။ စည်းစိမ်ရတတ်ခြင်းအစွမ်းကို ဘုရားသခင်ပေးတော်မူသည်ကို မေ့သည်ဟု လည်းကောင်း (တရား ၈း၁၈)၊ စသည်ဖြင့် သက်သေခံနေမည်။

၃။ ထိုသံချေးတက်နေသော ရွှေငွေတို့သည်

က။ မီးကဲ့သို့ အသားကို စားလိမ့်မည်။

ခ။ မီးကဲ့သို့ ပိုင်ရှင်တို့၏ ခန္ဓာကိုယ်ကို ပြင်းထန်စွာ ထိခိုက်လာလိမ့်မည်။

၄။ နောက်ဆုံးသော ကာလ၌ အကျိုးကို ရိတ်ရမည့် လောကဘဏ္ဍာဆည်းပူးခြင်းသာ ဖြစ်သည်။

### *နားထောင်ကြ၊ သင်တို့လယ်ကွက်၌ ရိတ်သောသူတို့ကိုလှည့်စား၍. . .*

၁။ 'နားထောင်ကြ' သည် အသေအချာ နားထောင်ပေးရန် သတိပေးချက် ဖြစ်သည်။

၂။ မထင်မမှတ်သော အမှုကို ဘုရားသခင်ဖော်ပြတော့မည် ဖြစ်သောကြောင့် နားထောင်စေသည်။

၃။ ချမ်းသာသောသူတို့သည် -

က။ ရွှေငွေတို့ကို အလွန်အကျွံ စုဆောင်းသိုလှောင်ထားသည်သာမက၊

ခ။ အလုပ်သမားများ၏ လုပ်အားခကိုလည်း ရိုက်စားတတ်ကြသည်။

၄။ အလုပ်သမားများကို လှည့်စား၍ အခမပေးဘဲနေသောအခါ၊ ထိုအခ
သည် -

ကက။ ထိုအခသည် လုပ်ငန်းရှင်သူဌေးတို့ကို ဆန့်ကျင်၍ ကြွေးကြော်
သည်။

ခ။ အလုပ်သမားတို့၏ အော်ဟစ်သံသည်လည်း ဘုရားသခင်၏နား
တော်ထဲသို့ ရောက်လေသည်။ (ယှဉ်ကြည့်ရန်- ထွက် ၂း၂၃-၂၅)

၅။ ဘုရားသခင်သည် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား ဖြစ်တော်
မူသည်။ ထာဝရဘုရားသခင်သည် -

က။ တန်ခိုးကြီးသောသူ၊

ခ။ ထာဝရအစိုးရသောသူ (ဆာလံ ၉၃၊ ၉၇၊ ၉၉) စသည်တို့ဖြစ်သည်။

၆။ ထာဝရဘုရားသခင်သည် အလုပ်သမားတို့၏ အော်ဟစ်သံကို -

က။ အမှန်အကန် ထူးတော်မူလိမ့်မည်။

ခ။ ကြီးသောခွန်အားဖြင့် ထူးတော်မူလိမ့်မည်။

ဂ။ မစသောသူတို့ကို စေလွှတ်ခြင်းဖြင့် ကယ်တင်တော်မူလိမ့်မည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၄၆)

## စိတ်အလိုသို့ လိုက်သော အပြစ်

*သင်တို့သည် မြေကြီးပေါ်မှာ ကာမဂုဏ်ခံစား၍၊ အလွန်ပျော်မွေ့ကြပြီ။ သတ်ရသောနေ့၌ ကဲ့သို့၊ မိမိတို့နှလုံးကို မွေးမြူကြပြီ။ ဖြောင့်မတ်သောသူကို အပြစ်စီရင်၍ ကွပ်မျက်ကြပြီ။ သူသည်လည်း သင်တို့ကို မဆီးတား။*
*(ယာကုပ် ၅း၅-၆)*

***သင်တို့သည် မြေကြီးပေါ်မှာ. . .***

၁။ လက်ရှိအသက်ရှင်နေချိန်သည် -
  က။ မြေကြီးပေါ်မှာ ဖြစ်သည်။
  ခ။ လောက၌ ဖြစ်နေသည်။
၂။ ယခုအချိန်အခါ၌ အချို့သောသူတို့သည် -
  က။ ကာမဂုဏ်ခံစားကြသည်။
  ခ။ အလွန်ပျော်မွေ့ကြသည်။
၃။ ကာမဂုဏ်ခံစား (ဂရိ- truphao) သည် -
  က။ ဇိမ်ခံသည်၊
  ခ။ အပျော်အပါးစံစားသည် စသည်တို့ဖြစ်သည်။
၄။ အလွန်ပျော်မွေ့ (ဂရိ- spatalao) သည် -
  က။ အစားအသောက် လွန်ကြူးသည်၊
  ခ။ အပျော်အပါးလိုက်စားသည် စသည်တို့ဖြစ်သည်။
၅။ အထက်ပါ စကားလုံးများသည် အချို့သောသူတို့ အပျော်အပါးကို အကုန်အစင်လိုက်စား၍ အသက်ရှင်နေကြသည်ကို ပေါ်လွင်စေသည်။

### *သတ်ရသောနေ့၌ ကဲ့သို့. . .*

၁။ သူတို့သည် အပျော်အပါးကို လိုက်စားရုံသာမက သားကောင်များသတ်ပြီး ပွဲလုပ်သောနေ့များကဲ့သို့ မိမိတို့၏နှလုံးကိုလည်း ဝဖြိုးစေကြသည်။

၂။ မွေးမြူ (ဂရိ-trepho) သည် -

ကါ။ မွေးမြူသည်၊

ခ။ ဗီတာမင်ကျွေးသည်၊

ဂ။ အလိုလိုက်၍ ဝဖြိုးစေသည် စသည်တို့ဖြစ်သည်။

၃။ သူတို့သည် စိတ်နှလုံး၏ အလိုကို လိုက်ပေးခြင်းဖြင့် မိမိတို့၏ နှလုံးကို မွေးမြူနေကြသည်။

၄။ ထို့ကြောင့် သူတို့၏ နှလုံးသည်လည်း ဆူဖြိုးလျက် ရှိသည်။

### *ဖြောင့်မတ်သောသူကို အပြစ်စီရင်၍. . .*

၁။ အချို့သောသူတို့သည်

က။ အပျော်အပါးကို အလွန်အကျွံ လိုက်စားကြသည်။

ခ။ စိတ်၏အလိုကို လိုက်လျောပေးခြင်းဖြင့် မိမိတို့၏ နှလုံးကို ဆူဖြိုး စေကြသည်။

ဂ။ ဖြောင့်မတ်သောသူကို အပြစ်စီရင်၍ ကွပ်မျက်ကြသည်။

၂။ အပြစ်စီရင်၍ ကွပ်မျက်ခြင်း -

က။ ဖြောင့်မတ်သောသူကို အပြစ်ရှိသည်ဟု ပြစ်ဒဏ်ချမှတ်ကြသည်။

ခ။ ဖြောင့်မတ်သောသူကို သတ်ပစ်ကြသည်။

၃။ ထိုသို့ပြုခြင်းအမှုကို ဖြောင့်မတ်သောသူသည် -

က။ မဆီးတား။

ခ။ မခုခံ။

ဂ။ ပြန်၍ ကလဲ့စားမချေ။

၄။ ဤအချက်နှင့်စပ်လျဉ်း၍ သခင်ယေရှု၏ အသက်တာပုံသက်သေသည် အောက်မေ့ဖွယ် ဖြစ်သည်။ (၁ ပေ ၂း၂၂-၂၃)

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၄၇)

## သည်းခံ၍ စောင့်မျှော်ခြင်း

***ထို့ကြောင့်၊ ညီအစ်ကိုတို့၊ သခင်ဘုရားကြွလာတော်မူသည်တိုင်အောင် သည်းခံလျက်စောင့်နေကြလော့။ အကယ်၍ လယ်လုပ်သောသူသည် အရင်မိုးဃ်ကို ရသည်တိုင်အောင်၊ အဘိုးထိုက်သောမြေအသီးကို သည်းခံလျက်စောင့်နေ၍ မြော်လင့်တတ်၏။ သင်တို့သည်လည်း သည်းခံလျက်စောင့်နေကြလော့။ ကိုယ်စိတ်နှလုံးကို မြဲမြံစေကြလော့။ သခင်ဘုရားကြွလာတော်မူသောအချိန်ရောက်လုနီးပြီ။***

***(ယာကုပ် ၅း၇-၈)***

***ထို့ကြောင့်၊. . . သည်းခံလျက်စောင့်နေကြလော့***

၁။ 'ထို့ကြောင့်' သည် -

ကျ။ အထက်ဖော်ပြပြီးသောအကြောင်းနှင့် ယခုလက်ရှိဖော်ပြမည့်အကျိုးတို့ကို ဆက်စပ်ပေးသည်။

ခ။ မိမိတို့၏ စိတ်အလိုကို လိုက်၍ အပျော်ကျူးခြင်း၊ ဖြောင့်မတ်သောသူကို သတ်ပစ်ခြင်းသည် သခင်ခရစ်တော်၏ နည်းဥပဒေသနှင့် ဆန့်ကျင်သည်။(ယာကုပ် ၅း၅-၆၊ ယှဉ်ကြည့်ရန် ၁ ပေ ၂း၂၁-၂၃)

၂။ ထိုအကြောင်းကြောင့် ယုံကြည်သူများသည် ဆက်လက်သည်းခံလျက်နေရမည်။

က။ သခင်ဘုရား (ခရစ်တော်ယေရှု) ဒုတိယအကြိမ်ကြွလာသည်တိုင်အောင် သည်းခံရမည်။

ခ။ သခင်ခရစ်တော်ပြန်ကြွလာသည့်တိုင်အောင် သည်းခံလျက်စောင့်နေရမည်။

၃။ သည်းခံလျက်စောင့်နေ (ဂရိ-makrothumeo) သည် -

ကျ။ ဆင်းရဲခံ၍ စောင့်နေသည်၊

ခ။ ဖွဲလုံ့လဝီရိယနှင့်တကွ စောင့်နေသည်၊

ဂ။ ကြာရှည်စွာ ဒုက္ခခံသည်၊ စသည်တို့ဖြစ်သည်။

ယုံကြည်သူများသည် သခင်ခရစ်တော်ကြွလာသည့်တိုင်အောင် (အဆုံးထိ) ဒုက္ခဆင်းရဲခံ၍ ကြံ့ကြံ့ခံစောင့်မျှော်နေရမည်။

***အကယ်၍ လယ်လုပ်သောသူသည်. . . သည်းခံလျက်စောင့်နေ၍ မြော်လင့်တတ်၏***

၁။ သခင်ခရစ်တော်၏ ကြွလာသည့်တိုင်အောင် အဘယ်သို့ စောင့်ရမည်နည်း။

၂။ လယ်လုပ်သောသူက မြေအသီးကို စောင့်သကဲ့သို့ စောင့်မျှော်နေရမည်။

၃။ လယ်သမားသည် -

က။ မိုးဦးကျချိန်ကစ၍ အသီးအနှံများကို စိုက်ပျိုးရသည်။

ခ။ အသီးအနှံများ ရိတ်သိမ်းချိန် မိုးနှောင်းကျသည့်တိုင်အောင် စောင့်ဆိုင်းရသည်။

၄။ အသီးအနှံများသည် တန်ဖိုးကြီးသောမြေသီးများ ဖြစ်ကြသည်။ ထို့ကြောင့် လယ်လုပ်သောသူသည် -

က။ ကြီးမားသောမျှောင်လင့်ချက်နှင့်အတူ စိုက်ပျိုးရသည်။

ခ။ ဒုက္ခဆင်းရဲခံပြီး လယ်လုပ်ငန်းကို လုပ်ဆောင်ရသည်။

ဂ။ စိတ်ရှည်သည်းခံ၍ အသီးအပွင့်များကို ရိတ်သိမ်းရန် စောင့်မျှော်ရသည်။

၅။ သည်းခံလျက်စောင့်နေ၍ မျှော်လင့် (ဂရိ-ekdechomai) သည် -

က။ ek (မှ) + dechomai (ရရှိသည်) တို့ပေါင်းစပ်ထားသည်။

ခ။ 'တစ်စုံတစ်ရာမှ (တစ်စုံတစ်ဦး)ထံမှ ရရှိသည်' ဟု ဆိုရမည်။

ဂ။ လယ်လုပ်သောသူသည် မိမိကိုယ်တိုင် စိုက်ပျိုးသောအရာမှ ထွက်လာမည့် အကျိုးအမြတ်ကို ရရှိရန် (ရိတ်သိမ်းရန်) စောင့်နေသူဖြစ်သည်။

ဃ။ တစ်နည်းအားဖြင့်ဆိုသော်၊ လယ်လုပ်သောသူသည် ကျိန်းသေသော အကျိုးအမြတ်ကို စောင့်မျှော်နေရသည်။

၆။ လယ်လုပ်သောသူနည်းတူ၊ ယုံကြည်သူတို့သည်လည်း သခင်ဘုရားထံတော်မှ ရရှိမည့်ဆုလာဒ်များကို မျှော်လင့်လျက် လက်ရှိဒုက္ခဆင်းရဲခြင်းကို ကြံ့ကြံ့ခံနိုင်ရမည် ဖြစ်သည်။

***သင်တို့သည်လည်း သည်းခံလျက်စောင့်နေကြလော့. . .***

၁။ ယုံကြည်သူတို့သည်လည်း (လယ်လုပ်သောသူကဲ့သို့) -

က။ စိတ်ရှည်၍ သည်းခံနိုင်ရမည်။

ခ။ စိတ်ရှည်၍ စောင့်မျှော်နေရမည်။

၂။ ထို့အပြင် ယုံကြည်သူတို့သည် -

က။ မိမိတို့၏ စိတ်နှလုံးကို မြဲမြံစေကြရမည်။

ခ။ မိမိတို့၏ စိတ်နှလုံးကို ခိုင်ခံ့စေကြရမည်။

ဂ။ မိမိတို့၏ စိတ်နှလုံးကို ပို၍သန်မာလာစေကြရမည်။

၃။ ယုံကြည်သူ ညီအစ်ကိုတို့သည် ဆက်လက်၍ သည်းခံလျက် အသက်ရှင်ရမည်။

က။ ခရစ်တော်သည် အမှန်ကြွလာမည်။

ခ။ သခင်ယေရှုသည် မကြာမီ ကြွလာတော့မည်။

ဂ။ သခင်ဘုရား၏ ဒုတိယကြွလာချိန် ရောက်လုနီးပြီ။

၄။ သခင်ခရစ်တော်ပြန်ကြွလာသည့်တိုင်အောင် -

က။ ဆက်လက် ယုံကြည်ကြစို့။ (လုကာ ၁၈း၈)

ခ။ ဆက်လက် သစ္စာရှိကြစို့။

ဂ။ ဆက်လက် တည်ကြည်ကြစို့။ (မာကု ၁၃း၁၃)

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၄၈)

## စိတ်ရှည်သည်းခံခြင်း ပုံသက်သေ

***ညီအစ်ကိုတို့၊ စစ်ကြောစီရင်ခြင်းနှင့်ကင်းလွတ်မည်အကြောင်း၊ အချင်းချင်းငြင်းခုံပြစ်တင်ခြင်းကို မပြုကြနှင့်။ တရားစီရင်ပိုင်သောသူသည် တံခါးနားမှာရှိတော်မူ၏။ ငါ့ညီအစ်ကိုတို့၊ ထာဝရဘုရား၏ နာမတော်ကို အမှီပြု၍ ဟောပြောသော ပုရောဖက်တို့သည် ဆင်းရဲဒုက္ခတွေ့ခြင်၊ သည်းခံခြင်း ပုံသက်သေကို ပြကြပြီဟု မှတ်ကြလော့။ (ယာကုပ် ၅း၉-၁၀)***

***ညီအစ်ကိုတို့၊ စစ်ကြောစီရင်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း. . .***

*၁။ စစ်ကြောစီရင်ခြင်း (ဂရိ-krino) သည် -*

က။ ကလဲ့စားချေပြစ်တင်သည်၊

ခ။ ပြစ်တင်ရှုတ်ချသည်၊

ဂ။ ပြစ်ဒဏ်ချမှတ်သည် စသည်တို့ဖြစ်သည်။

၂။ ဤ စစ်ကြောစီရင်ခြင်းသည် -

က။ ယုံကြည်သူတို့ စီရင်အပ်သာအရာ မဟုတ်။ (ယာကုပ် ၄း၁၁)

ခ။ ဘုရားသခင်တပါးတည်းသည်သာ တရားသူကြီးဖြစ်သည်။ (ယာကုပ် ၄း၁၂)

၃။ သခင်ခရစ်တော်က တရားသူကြီးအဖြစ် စီရင်မည့်အမှု ဖြစ်သည်။ သူသည် မကြာခင် ကြွလာတော့မည် ဖြစ်သည်။ (ယာကုပ် ၅း၈-၉)

- တရားစီရင်ပိုင်သောသူသည် ခရစ်တော်ဖြစ်သည်။
- တံခါးနားမှာ ရှိတော်မူသည် ဟုဆိုရာ၌ မကြာမီ ပြန်ကြွလာမည်ကို ဖော်ပြခြင်း ဖြစ်သည်။

၄။ အထက်ပါ စစ်ကြောစီရင်ခြင်းနှင့် ကင်းလွတ်မည့်အကြောင်း -

က။ အချင်းချင်းပြစ်တင်ရှုတ်ချခြင်း မပြုကြရန် ဖြစ်သည်။

ခ။ အချင်းချင်းငြင်းခုံခြင်း မပြုကြရန် ဖြစ်သည်။ (ဖိလိ ၂း၁၄)

၄။ ထို့ကြောင့်၊ ယုံကြည်သူတို့သည် စိတ်ရှည်သည်းခံလျက် နေရမည်။ အခက်ခဲများကို ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်ရမည်။ တစ်ယောက်ကိုတစ်ယောက် ပြစ်တင်ရှုတ်ချခြင်း၊ ငြင်းခုံခြင်း စသည်တို့ မရှိဘဲ တရားစီရင်ပိုင်သော သခင်ခရစ်တော်ကြွလာသည့်တိုင်အောင် မျှော်လင့်စောင့်စားနေနိုင်ရမည်။

## *ပရောဖက်တို့၏ ပုံသက်သေ*

၁။ ပရောဖက်တို့သည် -

  က။ ဘုရားသခင်ကို ကိုးစားသောသူများ၊

  ခ။ ဘုရားသခင်၏နာမတော်ကို အမှီပြုသောသူများ၊

ဂ။ ဘုရားသခင်စေခိုင်းသည့်အတိုင်း ဟောပြောသက်သေခံသောသူများ၊ ဖြစ်ကြသည်။

၂။ ပရောဖက်တို့သည် -

  က။ ဆင်းရဲဒုက္ခများစွာ ရင်ဆိုင်ရသည်။

  ခ။ စိတ်ရှည်သည်းခံလျက် ဘုရားသခင်ကို ကိုးစားနေရသည်။

ဂ။ 'ရှင်ဘုရင်၊ မင်းသား၊ ယဇ်ပုရောဟိတ်၊ ပြည်သူပြည်သား တည်းဟူသော တစ်နိုင်ငံလုံး' ကိုဆန့်ကျင်၍ ဘုရားခိုင်းသည့်အမှုတို့ကို ဆောင်ရွက်ရသည်။ (ယေရမိ ၁း၁၈)

၃။ ပရောဖက်တို့၏ ဆင်းရဲဒုက္ခခံခြင်းနှင့် သည်းခံခြင်းသည် အကျွန်ုပ်တို့အတွက် -

  က။ ပုံသက်သေ (ဂရိ-hupodeigma) ဖြစ်သည်။

  ခ။ စံပြပုံစံ ဖြစ်သည်။

  ဂ။ အတုယူရမည့် အသက်တာပုံသက်သေ ဖြစ်သည်။

၄။ စိတ်ရှည်သည်းခံခြင်းအမှုနှင့် စပ်လျဉ်း၍ ပရောဖက်တို့၏ ဆင်းရဲဒုက္ခခံခြင်းနှင့် သည်းခံခြင်းသည် ကောင်းသောပုံသက်သေ ဖြစ်သည်။ ထိုများစွာသော ပုံသက်သေတို့ကို အတုယူ၍ စိတ်ရှည်သည်းခံနေခြင်းသည် ယုံကြည်ခြင်း၌ ကြွယ်ဝချမ်းသာရာလမ်း ဖြစ်သည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၄၉)

## သည်းခံခြင်းသည် မင်္ဂလာ

*သည်းခံနိုင်သောသူတို့သည် မင်္ဂလာရှိသောသူဟူ၍ ငါ တို့သည်ခေါ်ကြ၏။ ယောဘသည် သည်းခံကြောင်းကို သင်တို့ကြားရကြပြီ။ ထာဝရဘုရားသည် မိမိအမှုကို လက်စသတ်တော်မူရာမှာ အလွန်သနားစုံမက် တော်မူ ကြောင်းကိုလည်း သိမြင်ရကြပြီ။*

*(ယာကုပ် ၅း၁၁)*

***သည်းခံနိုင်သောသူတို့သည် မင်္ဂလာရှိ. . .***

၁။ သည်းခံ (ဂရိ-hupomeno) သည် -

က။ hupo (အောက်၌) + meno (နေသည်) တို့ပေါင်းစပ်ထားသည်။

ခ။ အောင့်အည်းသည်းခံ၍ ဆက်လက်တည်နေသည်။

ဂ။ စိတ်ရှည်စွာ သည်းခံသည်။

၂။ သည်းခံနိုင်သောသူသည် -

က။ အခက်ခဲကို အဆုံးထိ တည်ကြည်စွာ ခံနိုင်သောသူ၊

ခ။ စုံစမ်းစစ်ကြောခြင်းကို ကြံ့ကြံ့ခံ ကျော်ဖြတ်သောသူ၊

ဂ။ ယုံကြည်သည့်အတိုင်း အဆုံးထိ သစ္စာရှိသောသူ ကိုရည်ညွှန်းသည်။

၃။ ထိုသို့သောသူသည် -

က။ မင်္ဂလာရှိသောသူ ဖြစ်သည်။

ခ။ ဝမ်းမြောက်သောသူ ဖြစ်သည်။

ဂ။ မြင့်မြတ်သောသူဖြစ်သည်။

ဃ။ မင်္ဂလာရှိသောသူအဖြစ် သတ်မှတ်ခံရသောသူဖြစ်သည်။

### ***ယောဘသည် သည်းခံကြောင်းကို. . .***

၁။ အဆုံးထိ သည်းခံနိုင်သောသူများကို မင်္ဂလာရှိသောသူများအဖြစ် သတ်မှတ်ခေါ်တွင်ရခြင်းမှာ -

က။ သူတို့၏ အသက်တာကြောင့် ဖြစ်သည်။

ခ။ သူတို့အပေါ်၌ ဘုရားသခင်ပြုသောအမှုများကြောင့် ဖြစ်သည်။

၂။ ယောဘသည် စုံစမ်းစစ်ဆေးခြင်းကို အဆုံးထိ သည်းခံခဲ့သောသူ ဖြစ်သည်။

က။ ထိုအကြောင်းကို သမ္မာကျမ်းစာ၌ ရေးသားထားသည်။

ခ။ ကျွန်ုပ်တို့သည် ထိုအကြောင်းကို ကြားသိထားပြီး ဖြစ်သည်။

ဂ။ ဓမ္မဟောင်း၌ ဖော်ပြထားသောအရာများသည် ကျွန်ုပ်တို့အဖို့ ရေးသားထားခြင်း ဖြစ်သည်။ (ရောမ ၁၅း၄)

ဃ။ ယောဘ၏ သည်းခံခြင်းသည်လည်း အကျွန်ုပ်တို့အဖို့ ရေးသားခြင်း ဖြစ်သည်။

၃။ ယောဘကဲ့သို့ သစ္စာတရားနှင့်တကွ အဆုံးထိ တည်ကြည်ကြရမည်။ အဆုံးထိ ဆင်းရဲခြင်းဒုက္ခအမျိုးမျိုးကို သည်းခံနိုင်ကြရမည်။

### ***ထာဝရဘုရားသည်ရအလွန်သနားစုံမက်တော်မူကြောင်းကို. . .***

၁။ ထိုသို့ အဆုံးထိ သည်းခံခြင်းသည် အချည်းနှီးမဖြစ်နိုင်ရာ။

၂။ ဘုရားသခင်သည် အမှုကိုလက်စသတ်တော်မူသောအခါ အလွန်သနား စုံမက်ခြင်းကို ပြတော်မူသည်။

က။ ယောဘသည် နှစ်ဆသော ကောင်းချီးမင်္ဂလာများကို ပြန်လည်ရ ရှိခဲ့သည်။

ခ။ ယောဘသည် ဘုရားသခင်ကိုလည်း ပို၍ (နှစ်ဆ) ရှင်းလင်းစွာ သိကျွမ်းခွင့် ရရှိခဲ့သည်။

၃။ ထာဝရဘုရားသခင်သည် -

က။ အလွန်ပင် သနားတတ်သောသူ (ဂရိ-polus (အလွန်၊အများကြီး) + sphagchnos (သနားခြင်း၊ ညှာတာခြင်းကရုဏာ) ဖြစ်သည်။

ခ။ သနားခြင်းကရုဏာပြုတတ်သောသူ (ဂရိ-oiktimon) ဖြစ်သည်။

ဂ။ ဆရာကြီးယုဒသန်သည် အထက်ပါ စကားလုံးနှစ်လုံးကိုပေါင်းစပ်ပြီး 'အလွန်သနားစုံမက်' သည်ဟု ပြန်ဆိုခဲ့သည်။

ဃ။ အနက်အဓိပ္ပာယ်တူသော စကားလုံးနှစ်လုံးကို နီးကပ်စွာအသုံးပြုခြင်းသည် ဘုရားသခင်၏ သနားစုံမက်တတ်ခြင်း၊ သနား၍ကရုဏာပြတတ်သောသဘောကို လေးနက်စွာ ဖော်ပြလိုသောကြောင့် ဖြစ်သည်။

၄။ ယောဘ၏ သည်းခံခြင်းအားဖြင့် ထာဝရဘုရားသခင်၏ အလွန်သနားစုံမက်တတ်ခြင်းမှာ မျက်ဝါးထင်ထင် ထင်ရှားလျှက် ရှိသည်။ ယုံကြည်ခြင်းကြောင့် ဆုံးခန်းတိုင်အောင် သည်းခံခြင်းသည် အမှန်ပင် မင်္ဂလာရှိသည်မှာ ငြင်းဖွယ်မရှိပါ။ သခင်ယေရှုကလည်း 'အဆုံးထိ တည်ကြည်သောသူသာလျှင် ကယ်တင်ခြင်းသို့ ရောက်မည်ဟု' မိန့်တော်မူခဲ့သည်။

(မာကု ၁၃း၁၃)

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၅၀)

## ရှောင်ရမည့် ကျိန်ဆိုခြင်း

*ငါ့ညီအစ်ကိုတို့၊ ခပ်သိမ်းသောအမှုအရာတို့တွင် ကျိန်ဆိုခြင်းကို သာ၍ ရှောင်ကြလော့။ ကောင်းကင်ဘုံကိုတိုင်တည်၍ မကျိန်ကြနှင့်။ မြေကြီးကိုတိုင်တည်၍ မကျိန်ကြနှင့်။ ထိုမှတပါး၊ အဘယ်အကျိန်အားဖြင့်မျှ မကျိန်းကြနှင့်။ အပြစ်စီရင်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း၊ သင်တို့စကားမှာ၊ ဟုတ်သည်ကို အဟုတ်၊ မဟုတ်သည်ကို မဟုတ် ဖြစ်စေကြလော့။*

*(ယာကုပ် ၅း၁၁-၁၂)*

***ကျိန်ဆိုခြင်းကိုသာ၍ ရှောင်ကြလော့. . .***

၁။ ကျိန်ဆိုခြင်းကို လုံး၀ ရှောင်ကြဉ်ကြရမည်။

က။ 'ခပ်သိမ်းသောအမှုအရာတို့တွင်' ဆိုသည်မှာ -

- အခြားအခြားသော အရာများထက်၊
- အခြားအခြားသော ရှောင်ကြဉ်ရမည့် အရာများထက် ဟုလည်း ပြန်ဆိုနိုင်သည်။

ခ။ ကျိန်ဆိုခြင်းသည် ပထမဆုံး ရှောင်ကြဉ်ရမည့် အရာဖြစ်သည်။

၂။ ကျိန်ဆိုခြင်းဖြင့် -

က။ မလိုလားအပ်သော အမှားများ ကျူးလွန်နိုင်သည်။

(ဥပမာ၊ (ယေဖသ) တရား ၁၁း၃၀-၄၀)

ခ။ နှုတ်သည် ကိုယ်ကို အပြစ်ရောက်စေတတ်သည်။ (ဒေသနာ ၅း၆)

၃။ ကျိန်ဆိုခြင်းသည် သခင်ခရစ်တော်ကို ငြင်းပယ်သောအရာ ဖြစ်သည်။

(မဿဲ ၅း၃၂-၃၆)

၄။ ကျွန်ုပ်တို့သည် -

က။ ကောင်းကင်ဘုံကို တိုင်တည်၍ မကျိန်သင့်ပေ။

ခ။ မြေကြီးကိုတိုင်တည်၍လည်း မကျိန်သင့်ပေ။

၅။ ထို့ကြောင့် ကျွန်ုပ်တို့သည် -

က။ မည်သည့်နည်းနှင့်မျှ မကျိန်ဆိုသင့်ကြ။

ခ။ မည်သည့်အကြောင်းကြောင့်နှင့်လည်း မကျိန်ဆိုသင့်ကြ။

ဂ။ မည်သည့်ကျိန်ဆိုခြင်းမျိုးနှင့်မှလည်း မကျိန်ဆိုသင့်ကြ။

## *ဟုတ်သည်ကိုအဟုတ်၊ မဟုတ်သည်ကိုမဟုတ် ဖြစ်စေကြလော့*

၁။ စကားပြောခြင်းအရာ၌လည်း ကျွန်ုပ်တို့သည်

က။ အဟုတ်ကို ဟုတ်သည်ဟု၊

ခ။ မဟုတ်သည်ကို မဟုတ်ပါဟု၊

ဂ။ အပို အလို မရှိ ပြောဆိုရမည် ဖြစ်သည်။

၂။ အဘယ်ကြောင့် ဤသို့ အပိုအလိုမရှိဘဲ အတိအကျသာ စကားပြောဆိုရမည်နည်း။

က။ မှန်သောအရာကိုသာ ပြောရမည်။

ခ။ မှန်သည်ထက် ပိုနေခြင်း(သို့) လိုနေခြင်းသည် စာတန်မာရ်နတ်ထံမှ ဖြစ်သည်။ (မဿဲ ၅း၃၇)

ဂ။ တစ်နည်းအားဖြင့်ဆိုသော် စကားကို မှန်သည်ထက် ပို၍ (သို့) လို၍ ပြောဆိုခြင်းသည် မကောင်းသောအရာ ဖြစ်သည်။

၃။ အပြစ်စီရင်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း စကားပြောဆိုရာ၌ အတိအကျ၊ ရိုးရိုးရှင်းရှင်းသာ ပြောကြရမည် ဖြစ်သည်။ ကျွန်ုပ်တို့သည်

က။ မိမိတို့၏နှုတ်ကို စောင့်စည်းကြရမည်။ (ယာကုပ် ၁း၂၆)

ခ။ လွတ်ခြင်းတရား (ဧဝံဂေလိတရား)နှင့်အညီသာ စကားပြောဆိုကြရမည်။ (ယာကုပ် ၂း၁၂)

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၅၁)

## ယုံကြည်သူတို့ လုပ်ဆောင်စရာ

*သင်တို့တွင် ဆင်းရဲခံရသောသူရှိလျှင်၊ ဆုတောင်းစေ။ ရွှင်လန်းသောသူရှိလျှင် ဆာလံသီချင်းကိုဆိုစေ။ နာသောသူရှိလျှင်၊ သင်းအုပ်တို့ကိုခေါ်၍ သူတို့သည် သခင်ဘုရား၏ နာမတော်ကို အမှီပြုလျှက်၊ လူနာကို ဆီနှင့်လူး၍ သူ့အပေါ်မှာ ဆုတောင်းကြစေ။*

*(ယာကုပ် ၅း၁၃-၁၄)*

**သင်တို့တွင် ဆင်းရဲခံရသောသူရှိလျှင်. . .**

၁။ ဆင်းရဲ (ဂရိ-kakopatheo) သည် -

က။ မကောင်းမှုကို ခံစားရသည်၊

ခ။ ညှင်းပန်းနှိပ်စက်ခြင်းကို ခံရသည်၊

ဂ။ အခက်ခဲပြဿနာ ရင်ဆိုင်ရသည် စသည်တို့ဖြစ်သည်။

၂။ 'ဆင်းရဲခံရသောသူ' သည် -

က။ ငွေရေးကြေးရေး၌ ဆင်းရဲသောသူကို ရည်ညွှန်းသည် မဟုတ်။

ခ။ ဒုက္ခဆင်းရဲ၊ ညှင်းပန်းနှိပ်စက်ခြင်း ခံရသောသူကို ဆိုလိုသည်။

၃။ ယုံကြည်သူများသည် ညှင်းပန်းနှိပ်စက်ခြင်း ဒုက္ခကို ခံရသောအခါ ဆုတောင်းရမည်။ ထိုသို့ ဆုတောင်းခြင်းဖြင့်၊ ဆင်းရဲခံနေရသောသူသည် -

က။ ဘုရားသခင်၏ နှစ်သိမ့်ခြင်းကို သိရှိနားလည်လာမည် ဖြစ်သည်။

ခ။ ဘုရားသခင်ပေးသနားတော်မူသော ငြိမ်သက်ခြင်းကိုလည်း ရရှိခံစားနိုင်မည် ဖြစ်သည်။

ဂ။ ဘုရားသခင်၏ အကြံအစည်ကို နားလည်သဘောပေါက် လာမည်ဖြစ်သည်။ (ဒံယေလ ၉)

ဃ။ ဘုရားသခင်၏ အလိုတော်ကို လက်ခံလာနိုင်မည် ဖြစ်သည်။ (မဿဲ ၂၆း ၃၉)

### ရှင်လန်းသောသူရှိလျှင် . . .

၁။ 'ရှင်လန်းသောသူ' သည် -

ကျ စိတ်ခါတ်ခိုင်ခံ့သောသူ၊

ခ။ ဝမ်းမြောက်သောသူ စသည်တို့ကို ဆိုလိုသည်။

၂။ ထိုသို့သောသူသည် -

က။ ဆာလံသီချင်းကို ဆိုရမည်။

ခ။ ချီးမွမ်းသီချင်းကို ဆိုရမည်။

ဂ။ ဘုရားသခင်ကို ချီးမွမ်းနေရမည်။

၃။ ချီးမွမ်းသီချင်းကို ဆိုနေရခြင်းဖြင့်၊ ရှင်လန်းသောသူသည် ဘုရားသခင် ပြုသောအမှုတို့ကို ဝန်ခံသည်။ (ဆာလံ ၇၅း၁)

### နာသောသူရှိလျှင် . . .

၁။ 'နာသောသူ' (ဂရိ-astheneo) သည် -

က။ ခွန်အားနည်းသောသူ၊

ခ။ နာမကျန်းသောသူ စသည်တို့ဖြစ်သည်။

၂။ ဤကျမ်းပိုဒ်၏ ရှေ့နောက် ကွင်းဆက်အရ၊ 'နာသောသူ' သည် ကြုံတွေ့ ရသော ဒုက္ခဆင်းရဲ၊ ညှင်းပန်းနှိပ်စက်ခြင်းကြောင့် -

က။ ယုံကြည်ခြင်း အားနည်းသောသူ၊

ခ။ စိတ်ခါတ်ကျသောသူ၊

ဂ။ ဒဏ်ရာရနေသောသူ စသည်တို့လည်း ဖြစ်နိုင်သည်။

၃။ ထို့ကြောင့် သင်းအုပ်တို့မှ -

က။ ဆုတောင်းပေးခြင်း၊

ခ။ အားပေးတိုက်တွန်းခြင်းနှင့်

ဂ။ (အနာကို) ဆီလူးပေးခြင်း စသည်တို့သည် 'နာသောသူ' အတွက် လွန်စွာမှ အကျိုးရှိသည်။

၄။ အနာဒဏ်ရာမရှိသော်လည်း နာသောသူအပေါ်၌ ဆီလူး၍ ဆုတောင်း ပေးခြင်းသည် သင်းအုပ်တို့က ဆောင်ရွက်ပေးနိုင်သော အရာဖြစ်သည်။ (မာကု ၆း၁၃၊ ဝတ်ပြု ၁၄း၁၈)

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၅၂)

## ယုံကြည်သူအချင်းချင်း ပြုအပ်သော အမှု

*ထိုသို့ပြုလျှင်၊ ယုံကြည်ခြင်း၏ ပဌနာသည် လူနာကို ကယ်ဆယ်၍၊ သခင်ဘုရားသည် သူ့ကိုထမြောက်စေတော်မူမည်။ သူသည် အပြစ်ပြုမိသော်လည်း ထိုအပြစ်ကိုလွှတ်တော်မူမည်။ အချင်းချင်း တစ်ယောက်နှင့်တစ်ယောက်၊ ကိုယ်အပြစ်ကိုဘော်ပြတောင်းပန်ကြလော့။ ချမ်းသာရမည်အကြောင်း၊ အချင်းချင်းတို့အဘို့ဆုတောင်းကြလော့။ သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီးသောပဌနာသည် အလွန်တန်ခိုးပါ၏။*

*(ယာကုပ် ၅း၁၅-၁၆)*

***ထိုသို့ပြုလျှင်၊ ယုံကြည်ခြင်း၏ ပဌနာသည် လူနာကိုကယ်ဆယ်. . .***

၁။ သင်းအုပ်တို့ကို ပင့်ခေါ်၍ လူနာအပေါ်ဆုတောင်းပေးခြင်းသည် (၅း၁၄) ယုံကြည်ခြင်းအားဖြင့်ပြုသော ဆုတောင်းခြင်းဖြစ်သည်။

- က။ သင်းအုပ်တို့သည် ဘုရားသခင်ကို ယုံကြည်စွဲလမ်းနေကြသည်။
- ခ။ သင်းအုပ်တို့သည် သမ္မာကျမ်းစာဖြင့် လူနာကို တိုက်တွန်းအားပေးကြသည်။
- ဂ။ သင်းအုပ်တို့သည် သမ္မာကျမ်းစာနှင့်အညီ ဆုတောင်းပေးကြသည်။
- ဃ။ ယုံကြည်ခြင်း၏ ပတ္ထနာပင် ဖြစ်သည်။

၂။ ထိုဆုတောင်းခြင်းမျိုးသည် လူနာကို ကယ်ဆယ်မည် ဖြစ်သည်။

- က။ ကယ်ဆယ် (ဂရိ- sozo =ကယ်တင်သည်) မည်။
- ခ။ သက်သာစေမည်။
- ဂ။ ကျန်းမာစေမည်။

၃။ ထို့အပြင် ဘုရားသခင်သည် ထိုလူနာကို -
 က။ ထမြောက် (ဂရိ-egerei =ထမြောက်သည်) စေမည်။
ခ။ ပြန်လည်သက်သာလာစေမည်။
ဂ။ ယုံကြည်သက်ဝင်မှု ပြန်လည်သက်ဝင်စေမည်။
၄။ ထိုလူနာ ပြုမိသော အပြစ်များကိုလည်း ဘုရားသခင်သည် လွှတ်တော်မူမည်။

***အချင်းချင်း တယောက်နှင့်တယောက်၊ ကိုယ်အပြစ်ကိုဘော်ပြတောင်းပန်ကြလော့. . .***

၁။ ယုံကြည်သူအချင်းချင်း မိမိတို့အပြစ်ကို ကိုယ်စီ ဝန်ခံ၍ တောင်းပန်ကြရမည်။
က။ အပြစ်ကို ဘော်ပြတောင်းပန် (ဂရိ- e_omologeo) သည်
- အပြစ်ရှိကြောင်း ဝန်ခံသည်၊
- အပြစ်ပြုမိကြောင်း လက်ခံသည်၊
- အပြစ် (မည်သည့်အပြစ်မျိုးဖြစ်သည်) ကိုလည်း အချင်းချင်း လက်ခံသည် စသည်တို့ ဖြစ်သည်။
ခ။ မိမိတို့၏ ကိုယ်စီ အပြစ်ကို ဝန်ခံ၍ တစ်ယောက်ကိုတစ်ယောက် ခွင့်လွှတ်ရန် တောင်းပန်ကြရမည်။
၂။ ဤသို့ပြုပါက ချမ်းသာရမည် ဖြစ်သည်။
က။ နေကောင်း ကျန်းမာခြင်း ရမည်။
ခ။ ယုံကြည်ခြင်း၌ ပြည်လည်ကျန်းမာလာမည်။
ဂ။ စိတ်ဝိညာဉ်နှင့် ခန္ဓာကိုယ် နှစ်ပါးစလုံးတို့၏ ချမ်းသာသုခ ရမည်။
ဃ။ လူမှုဆက်ဆံရေး ပြန်လည်ကောင်းမွန်လာမည်။

***အချင်းချင်းအတို့ ဆုတောင်းကြလော့. . .***

၁။ အချင်းချင်း အပြစ်များကို ဝန်ချတောင်းပန်ပြီးနောက်၊ အချင်းချင်း ဆုတောင်းပေးကြရမည်။

၂။ တစ်ယောက်အတွက် တစ်ယောက် ဆုတောင်းခွင့် ရှိကြသည်။ အကြောင်းမှာ -

က။ ယဇ်ပုရောဟိတ်အမျိုးအနွယ် များဖြစ်ကြသည်။

ခ။ သန့်ရှင်းသောလူမျိုးတော် ဖြစ်ကြသည်။ (၁ ပေ ၁း၉-၁၀)

၃။ သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီးသော ပတ္ထနာသည် အလွန်တန်ခိုးပါ၏

က။ သူတော်ကောင်း (ဂရိ- dikaios) သည် ဖြောင့်မတ်သောသူကို ဆိုလိုသည်။

- မည်သူမဆို ဖြောင့်မတ်သောသူ ဖြစ်နိုင်သည်။
- သင်းအုပ်တို့သည် ဖြောင့်မတ်သောသူများ ဖြစ်ကြရမည်။
- အသင်းသူ၊ အသင်းသားတို့သည်လည်း ဖြောင့်မတ်သောသူများ ဖြစ်ကြရမည်။

ခ။ ဖြောင့်မတ်သောသူသည် ကြီးသောအရှိန်နှင့် ဆုတောင်းသည်။

၄။ ဖြောင့်မတ်သောသူပြုသော ပတ္ထနာသည် အလွန်တန်ခိုးပါသည်။

က။ အလွန်တန်ခိုး(ဂရိ- energoumene) သည် -

(၁) ထိရောက်သည်၊
(၂) ပြီးမြောက်သည်၊
(၃) သက်ဝင်လုပ်ဆောင်သည် စသည်တို့ဖြစ်သည်။

ခ။ ဖြောင့်မတ်သောသူ၏ ဆုတောင်းခြင်းသည် များစွာထိရောက်မှု ရှိသည်။

၅။ ယုံကြည်သောသူဖြစ်သောကြောင့် ဆုတောင်းပတ္ထနာပြုခွင့် ရရှိကြသည်။ ဖြောင့်မတ်သောသူ၏ ဆုတောင်းခြင်းသည် အလွန်ထိရောက်မှု ရှိသည်။ ထိုသို့ အလွန်ထိရောက်မှု ရှိသောဆုတောင်းခြင်းများကြောင့်လည်း ယုံကြည်ခြင်း၌ ပို၍ ကြွယ်ဝချမ်းသာလာမည်ဖြစ်သည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၅၃)

## ဖြောင့်မတ်သောသူ၏ ဆုတောင်းခြင်း

***ဧလိယသည် ငါတို့ကဲ့သို့ လောကဓံတရား၌ ကျင်လည်သောသူဖြစ်သော်လည်း၊ မိုယ်းမရွာမည်အကြောင်း အထူးသဖြင့် ဆုတောင်းသောအခါ၊ သုံးနှစ်နှင့် ခြောက်လပတ်လုံး မြေပေါ်သို့ မိုယ်းမရွာဘဲနေ၏။ တဖန် ဆုတောင်းသောအခါ၊ မိုယ်းကောင်းကင်သည် မိုယ်းရွာစေ၏။ မြေကြီးသည်လည်း မိမိအသီးကို သီးလေ၏။***

***(ယာကုပ် ၅း၁၇-၁၈)***

***ဧလိယသည် ငါတို့ကဲ့သို့. . .***

၁။ ဧလိယသည်

က။ ကျွန်ုပ်တို့ကဲ့သို့ သာမန်လူတစ်ဦး ဖြစ်သည်။

ခ။ ကျွန်ုပ်တို့နှင့် ပင်ကိုသဘောသဘာဝလည်း တူသည်။

ဂ။ ကျွန်ုပ်တို့ကဲ့သို့ လောက၌ ကျင်လည်သောသူ ဖြစ်သည်။

- ဂိလဒ်ပြည် တိရှဘိမြို့သား ဖြစ်သည်။
- ဣသရေလဘုရင် အာဟပ်မင်းနှင့် အာခဇိမင်းတို့ လက်ထက်၌ ဘုရားသခင်၏အမှုတော်ကို ဆောင်ခဲ့သည်။

(၃ ရာ၊ ၁၇-၁၉၊ ၄ ရာ၊ ၁း၁-၂)

၂။ သို့သော်၊ ဧလိယသည် -

က။ ဖြောင့်မတ်သောသူ ဖြစ်သည်။

ခ။ ဆုတောင်းအားကြီးသောသူ ဖြစ်သည်။

***မိုးမရွာမည်အကြောင်း အထူးသဖြင့်ဆုတောင်းသောအခါ. . .***

၁။ ဧလိယသည် ဆုတောင်းအားကြီးသောသူ ဖြစ်သည်။

က။ အာဟပ်မင်းနှင့် စုံဖက်သော ယေဇဗေလ (ဇိဒုန်မင်းကြီးဧသဗာလ၏ သမီး) ထူထောင်သော ဗာလဘုရား ကိုးကွယ်မှုကို ဆန့်ကျင်အပြစ်ပေးသော အနေဖြင့် မိုးခေါင်မည်အကြောင်း ဆုတောင်းခဲ့သည်။ (၃ ရာ၊ ၁၆၊ ၁၇း၁-၂)

ခ။ ဆုတောင်းသည့်အတိုင်း မိုးကောင်းကင်သည် မိုးမရွာ၊ နှင်းမကျဘဲနေ၏။

၂။ ဧလိယသည် အခြားသောအရာများနှင့် စပ်လျဉ်း၍လည်း ဆုတောင်းခဲ့သည်။

 က။ ဇရတ္တမြို့၌ ရှိသော မုဆိုးမ၏ တစ်ဦးတည်းသော သားကိုလည်း ဆုတောင်းခြင်းဖြင့် အသက်ပြန်ရှင်စေခဲ့သည် (၃ ရာ ၁၇း၁၀-၂၄)။

ခ။ ဗာလ၏ပရောဖက် ၄၅၀ တို့နှင့် ဧလိယယှဉ်ပြိုင်ခဲ့ကြစဉ် ဆုတောင်းခြင်းဖြင့် ထာဝရဘုရားသခင်၏ မီးကို ကျစေခဲ့သည်။ (၃ ရာ၊ ၁၈)

၃။ ဧလိယသည် ဘုရားသခင်၏ ပရောဖက်၊ ဆုတောင်းခြင်းအမှု၌ အလွန်အားသန်သောသူ ဖြစ်သည်။

***တဖန်ဆုတောင်းသောအခါ. . .***

၁။ ဧလိယဆုတောင်းသောကြောင့် မိုးမရွာသည်မှာ သုံးနှစ်ကြာပြီးဖြစ်သည်။ (၃ ရာ ၁၈း၁)

၂။ သုံးနှစ်ပြီးနောက်၊ ဧလိယ တစ်ဖန်ဆုတောင်းသောအခါ

က။ ပင်လယ်မှ မိုးတိမ်ငယ် တက်လာ၏။

ခ။ အာဟပ်မင်းအား မိုးမရွာမီအလျင်အမြန် ထွက်ခွာရန် မှာထားသည့်အတိုင်း၊ မိုးပြင်းစွာ ရွာချလေသည်။ (၃ ရာ၊ ၁၈း၄၄-၄၆)

၃။ မိုးရွာသောအကျိုးကြောင့် မြေကြီးသည်လည်း အသီး သီးလေသည်။ ဖြောင့်မတ်သောသူ၏ ဆုတောင်းခြင်းသည် အမှန်ပင် ထိရောက်သည်မှာ မျက်ဝါးထင်ထင် ဖြစ်ပေသည်။

# ယုံကြည်ခြင်းရတနာကို ရတတ်ခြင်း (၅၄)

## လမ်းလွဲသောသူကို မစခြင်း

*ညီအစ်ကိုတို့၊ သင်တို့တွင် တစုံတယောက်သောသူသည် သမ္မာတရားလမ်းမှ လွဲသွား၍ သူတပါးသည် ထိုသူကို ပြန်စေလျှင်မူကား၊ အပြစ်ရှိသောသူကို မှားယွင်းသော လမ်းမှပြန်စေသောသူသည်၊ ဝိညာဉ်ကို သေခြင်းမှ ကယ်တင်၍ များစွာသောအပြစ်တို့ကို ဖုံးအုပ်တတ် သည်ကို ထိုသူသည် သိမှတ်စေ။*

*(ယာကုပ် ၅း၁၉-၂၀)*

***ညီအစ်ကိုတို့၊ . . .***

၁။ ယုံကြည်သူတို့ကို ယာကုပ်သည် 'ညီအစ်ကိုတို့' ဟု ကြိမ်ဖန်များစွာသတ်မှတ် ခေါ်တွင်သည်။

က။ ယာကုပ်သည် သူ၏ ပရိသတ်များကို အလွန်ချစ်သည်။

ခ။ ယာကုပ်သည် သူ၏ပရိသတ်များကို ညီအစ်ကိုများသဖွယ် ချစ်မြတ်နိုးသည်။

ဂ။ ယာကုပ်သည် သူ၏ယုဒလူမျိုးခရစ်ယာန်များကို ချစ်မြတ်နိုးစွာ 'ညီအစ်ကိုတို့' ဟု ခေါ်သည်။

၂။ ယုံကြည်သူများသည် သမ္မာတရားလမ်းမှလွဲသွားခဲ့လျှင် -

က။ အခြားသူတစ်ယောက်က လမ်းလွဲနေသောသူကို လမ်းမှန်သို့ ပြန်လာနိုင် မစရမည်။

ခ။ အခြားသောယုံကြည်သူက သမ္မာတရားလမ်းသို့ ပြန်ပို့ဆောင်ရမည်။

၃။ စစ်မှန်သော ယုံကြည်သူသည် သမ္မာတရားလမ်းမှ အမှန်လွဲနိုင်သလား။

က။ ဂရိ- ean (လျှင်) သည် -

- ခဲ့လျှင် (ဝါ) လျှင် ဟု ပြန်ဆိုရမည်။

- တကယ်ဖြစ်နိုင်ခြေ အလွန်နည်းသောအရာ ကိုဖော်ပြရာ၌ အသုံးပြုသည်။

ခ။ စစ်မှန်သော ယုံကြည်သူသည် သမ္မာတရားလမ်းမှ အမှန်လွဲသွားနိုင်မည့် ဖြစ်နိုင်ခြေ အလွန်နည်းသည်။

## *အပြစ်ရှိသောသူကို . . .*

၁။ အပြစ်ရှိသောသူသည် -

က။ အမှားကျူးလွန်နေသောသူ၊

ခ။ အပြစ်သား စသည်တို့ကို ဆိုလိုသည်။

၂။ အပြစ်သားကို သူကျူးလွန်နေသော မှားယွင်းသည့်လမ်းမှ ပြန်လှည့်စေရမည်။

၃။ အပြစ်သားကို မှားယွင်းသောလမ်းမှ လမ်းမှန်သို့လမ်းသို့ ဦးလှည့်စေသောသူသည် -

က။ ဝိညာဉ်ကို သေခြင်းမှ ကယ်တင်ခြင်း ဖြစ်သည်။

ခ။ များစွာသော အပြစ်တို့ကို ဖုံးအုပ်ခြင်း ဖြစ်သည်။

၄။ မှားသောလမ်းမှ မှန်သောလမ်းသို့ ပို့ဆောင်ခြင်းသည်သာ -

က။ ဝိညာဉ် ကယ်တင်ခြင်း၊

ခ။ များစွာသောအပြစ်များကို ဖုံးအုပ်ခြင်း ဖြစ်သည်။

၅။ သူငယ်ချင်း၏ အပြစ်များကို ဖုံးအုပ်ပေးခြင်းဖြင့် သူ့အသက်ဝိညာဉ်ကို ကယ်တင်သည် မဟုတ်။ သူငယ်ချင်းကို လမ်းမှန်သို့ ပို့ဆောင်ခြင်းသည်သာ သူ့အသက်ဝိညာဉ် ကယ်တင်ခြင်းဖြစ်သည်။ ဤသည်မှာ ယုံကြည်ခြင်းရတနာ ရတတ်သောသူတို့၏ စစ်မှန်သောအကျင့်လက္ခဏာဖြစ်သည်။